ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

**ချမ်းသာခြင်းအကြောင်းတရား**

ကောင်းမှုကို တစ်ကြိမ်တစ်ခါပြုပြီးသော်လည်း ထပ်ကာထပ်ကာပြုလုပ်ရာ၏။ ပြုနိုင်အောင်လည်း အားထုတ်ရာ၏။ အဘယ်ကြောင့်ဆိုသော် ကောင်းမှုဟူသည် ချမ်းသာခြင်း၏ အကြောင်းတရားဖြစ်သော ကြောင့်တည်း။ ကောင်းမှုကို အခါမလပ် ပြုလုပ်နိုင်အောင် ကြိုးစားအပ်၏။ ပါပဝဂ်(ဓမ္မပဒ-၁၁၈)

၁၃၈၀ ပြည့်နှစ် နယုန်လပြည့်ကျော် ၃ ရက်၊ သောကြာနေ့။ Friday 1 June 2018 ၉၃၀၄

# နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအားတွေ့ဆုံ၍ မူးယစ်ဆေးဝါးတိုက်ဖျက်နှိမ်နင်းရေးနှင့် တားဆီးကာကွယ်ရေး အရှိန်အဟုန်မြှင့် ဆောင်ရွက်ရန်မှာကြား

**နေပြည်တော် မေ ၃၁**

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်သည် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေနှင့် အဖွဲ့ဝင်များအား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် ဧည့်ခန်းမ၌ တွေ့ဆုံမှာကြားသည်။

တွေ့ဆုံစဉ် နိုင်ငံတော်သမ္မတက တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် လူငယ်များ မူးယစ်ဆေးဝါးသုံးစွဲမှု ပိုမိုများပြားလာသည်ကို သိရှိရပါကြောင်း၊ အနာဂတ် လူငယ်များကို လူညွန့်တုံးစေပါကြောင်း၊ အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ပိုမိုတိုးမြှင့်လုပ်ဆောင်ရန် လိုအပ်နေပြီဖြစ်ပါကြောင်း၊ ဗဟိုအဖွဲ့၏ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးလုပ်ငန်းများနှင့်ပတ်သက်၍ ပိုမိုအားထည့်ဆောင်ရွက်သွားစေလိုပါကြောင်း၊ လုပ်ငန်းများဆောင်ရွက်ရာတွင် UN Convention ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်စေလိုပါကြောင်း၊ ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော ပြည်တွင်းအဖွဲ့အစည်းများ၊ ပြည်သူများနှင့် ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပါကြောင်း။

**စာမျက်နှာ ၃ ကော်လံ ၃ သို့ ❖**



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။

## လွတ်လပ်သော စုံစမ်းစစ်ဆေးရေးကော်မရှင်တစ်ခုကို ဖွဲ့စည်းသွားရန်ရှိ

စာမျက်နှာ » ၃

## ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသွားသူများ ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်ကို အထောက်အပံ့ပြုနိုင်ရေးအတွက် မြန်မာနိုင်ငံအစိုးရနှင့် ကုလသမဂ္ဂအေဂျင်စီများအကြား နားလည်မှုစာချွန်လွှာအား ကနဦးလက်မှတ်တိုရေးထိုး

စာမျက်နှာ » ၃

## ပြည်သူ့အတွက် ဒုတိယ(၁)နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့မှုများနှင့်စပ်လျဉ်း၍ သတင်းစာရှင်းလင်းပွဲ ပြုလုပ်

စာမျက်နှာ » ၁၀

KBZ BANK
STRENGTH OF MYANMAR
BEST BANK IN MYANMAR
Awarded by World Finance
Awarded by Euromoney
Awarded by The FinanceAsia

# မြန်မာ-တရုတ် နယ်စပ်ဒေသကုန်သွယ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ညှိနှိုင်းအစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် တက်ရောက်



**နေပြည်တော် မေ ၃၁**

မြန်မာ-တရုတ် နယ်စပ်ဒေသ ကုန်သွယ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ မွန်းလွဲ ၁ နာရီက နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန စုပေါင်းခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က မြန်မာနိုင်ငံ၏ ကုန်သွယ်ဖက် နိုင်ငံများတွင် တရုတ်နိုင်ငံသည် ကုန်သွယ်မှုပမာဏ အကြီးဆုံး ကုန်သွယ်ဖက်နိုင်ငံ ဖြစ်ကြောင်း၊ အလားတူ နယ်စပ်ကုန်သွယ်မှုများတွင်လည်း မြန်မာ-တရုတ်နယ်စပ်ဒေသကုန်သွယ်ရေးသည် အများဆုံး ဖြစ်ကြောင်း၊ နယ်စပ်ဒေသ ကုန်သွယ်မှု ပြုလုပ်ရာတွင် ပိုမို အဆင်ပြေချောမွေ့စေရေးအတွက် လက်တွေ့လုပ်ငန်း ဆောင်ရွက်နေသူများ၏ တွေ့ကြုံနေရသော အခြေအနေများ၊ အကြံပြုချက်များကို သိရှိလို၍ ယခုကဲ့သို့ အစည်းအဝေးကျင်းပကာ ညှိနှိုင်းဆွေးနွေးရခြင်း ဖြစ်ကြောင်း။

နယ်စပ်ဒေသ ကုန်သွယ်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာခြင်းဖြင့် ဒေသအတွင်းရှိ တိုင်းရင်းသား လုပ်ငန်းရှင်များ အပါအဝင် ကုန်သည် လုပ်ငန်းရှင်များအတွက် အကျိုးအမြတ်များ ပိုမိုရရှိလာမည် ဖြစ်သကဲ့သို့ နိုင်ငံတော်အတွက် အခွန်အခများ ပိုမိုရရှိနိုင်ခြင်း၊ ကုန်သွယ် လုပ်ငန်းကွင်းဆက် တစ်လျှောက်ရှိ အလုပ်အကိုင် အခွင့်အလမ်းများ ရရှိစေခြင်း၊ သယ်ယူပို့ဆောင်ရေး လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာခြင်းနှင့် ဒေသတွင်း လူမှုစီးပွားကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေသည့် အကျိုးကျေးဇူးများ ရရှိလာမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံတော် ဗဟိုဘဏ် ဒုတိယဉက္ကဋ္ဌ ဦးဘိုဘိုငယ်က ကုန်သွယ်မှုနှင့် သက်ဆိုင်သည့် ဘဏ်များ၏ လုပ်ငန်းကဏ္ဍများကို ဆွေးနွေးသည်။

ယင်းနောက် တက်ရောက်လာကြသူများက လက်တွေ့ကုန်ရောင်းကုန်ဝယ် ပြုလုပ်ရာတွင် တွေ့ရှိရသော အားနည်းချက်၊ အားသာချက်များကို ရှင်းလင်းတင်ပြကြရာ မြန်မာနိုင်ငံတော် ဗဟိုဘဏ် ဒုတိယဉက္ကဋ္ဌနှင့် တာဝန်ရှိသူများက ပြန်လည် ရှင်းလင်း ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**

# ပုသိမ်မြို့၌ မှိုစိုက်ပျိုးမှုနည်းပညာနှင့် ကုန်ထုတ်လုပ်မှုဆိုင်ရာသင်တန်းဖွင့်

**ပုသိမ် မေ ၃၁**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြန်လည်ထူထောင်ရေးဦးစီးဌာနနှင့် Asia Pacific Development Center on Disability (APCD)တို့ ပူးပေါင်း၍ ASEAN Hometown Improvement Project တွင် ပါဝင်သည့် စွမ်းရည်မြှင့်သင်တန်းဖြစ်သော မှိုစိုက်ပျိုးမှုနည်းပညာနှင့် မှိုထုတ်ကုန်များထုတ်လုပ်ခြင်းဆိုင်ရာသင်တန်းကို ပုသိမ်မြို့ တံတားကြီးတန်းလမ်းစွမ်းဟိုတယ်၌ မေ ၃၀ ရက် နံနက် ၈ နာရီမှ မေ ၃၁ ရက် ညနေ ၄ နာရီအထိ နှစ်ရက်တာသင်ကြားပို့ချခဲ့သည်။

အခမ်းအနားတွင် လူမှုရေးဝန်ကြီး ဒေါက်တာလှမြတ်သွေးက အဖွင့်အမှာစကားပြောကြားပြီး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးဝင်းနိုင်ထွန်း၊ APCD မှ အမှုဆောင်ဒါရိုက်တာ Mr.Piroon Laismit နှင့် ရွှေမင်းသားဖောင်ဒေးရှင်း(မြန်မာ)၏ ဉက္ကဋ္ဌ ဦးမြတ်သူဝင်းတို့က အမှာစကားပြောကြားကြသည်။

ထို့နောက် သင်တန်းနည်းပြများက မှိုစိုက်ပျိုးခြင်းနှင့် မှိုရိတ်သိမ်းခြင်း၊ မှိုကိုင်တွယ်ထုပ်ပိုးခြင်းနှင့် မှိုထုတ်ကုန်များပြုလုပ်ခြင်းဆိုင်ရာ နည်းပညာများကို လက်တွေ့သင်ကြားပေးခဲ့ကြသည်။

အဆိုပါစီမံကိန်းသည် ဂျပန်နိုင်ငံနှင့် အာဆီယံနိုင်ငံများအကြား မသန်စွမ်းသူများနှင့် သက်ကြီးရွယ်အိုများ၏ အခွင့်အရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုများအတွက် တွန်းအားပေးရာတွင် အကျိုးရလဒ်ကောင်းများရရှိလိမ့်မည်ဟူသော ယုံကြည်ချက်ဖြင့် ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။ **ပုသိမ်လှကြည်**

ကြေးမုံ

# လူမှုကွန်ရက်စံနှုန်းများကို ထိန်းသိမ်း

လူမှုကွန်ရက် ဖေ့စ်ဘွတ်စာမျက်နှာတွင် သတင်းတုများပျံ့နှံ့မှုကို ကြိုတင်ကာကွယ်ရန်နှင့် သုံးစွဲသူ၏ အချက်အလက်များအား အလွဲသုံးစားပြုမှုမှ ကာကွယ်ပေးရန် လုံလောက်စွာ ဆောင်ရွက်ခဲ့မှုမရှိခြင်းအတွက် ဖေ့စ်ဘွတ် အမှုဆောင်အရာရှိချုပ် ဇူကာဘတ်က ဥရောပပါလီမန်တွင် တောင်းပန်ခဲ့ကြောင်းနှင့် ပုဂ္ဂိုလ်ရေးအချက်အလက်များ ထိန်းချုပ်ရေး အစီအစဉ်များကို ဆောင်ရွက်ပေးမည်ဟု မေလ ၂၄ ရက်နေ့က ထုတ်ဖော်ပြောကြားခဲ့သည်ကို ကြားသိရသည်။

လူမှုကွန်ရက် ဖေ့စ်ဘွတ်အသုံးပြုမှုမှာ မြန်မာနိုင်ငံအပါအဝင် ကမ္ဘာတစ်ဝန်း၌ ကျယ်ကျယ်ပြန့်ပြန့် နှစ်နှစ်ခြိုက်ခြိုက် အသုံးပြုနေကြသည်။ ပို၍ဆိုရလျှင် ဖေ့စ်ဘွတ်အသုံးပြုမှုကို ကောင်းသည့်ဘက်၌ဖြစ်စေ၊ မကောင်းသည့်ဘက်၌ဖြစ်စေ စွဲလမ်းနှစ်သက်စွာ အသုံးပြုနေကြသည်။ ကမ္ဘာတစ်ဝန်းလုံး၌ ဖေ့စ်ဘွတ်သုံးစွဲသူဦးရေမှာ နှစ်ဘီလီယံခန့်ရှိပြီး မြန်မာနိုင်ငံတွင် ပြည်သူ ၁၄ သန်းကျော်ခန့် အသုံးပြုနေသည်ဟု သိရှိရသည်။

ယခု ဖေ့စ်ဘွတ်အသုံးပြုရာ၌ ပုဂ္ဂိုလ်ရေးအချက်အလက်များ ထိန်းချုပ်ရေး အစီအစဉ်ကို ကြိုဆိုရမည်ဖြစ်သည်။ မြန်မာနိုင်ငံတွင် ၂၀၁၂ ခုနှစ်ကတည်းက အမုန်းစကားများအား အမှန်ဖြစ်စဉ်အသွင်ဖြင့် သော်လည်းကောင်း၊ သတင်းအတုအသွင်အဖြစ်သော်လည်းကောင်း သိသိသာသာ ထိုးဖောက်လာသည်ကို တွေ့ရမည်ဖြစ်သည်။ အထူးသဖြင့် ပုဂ္ဂိုလ်ရေးတိုက်ခိုက်မှုများ၊ နိုင်ငံရေးထိုးနှက်မှုအသွင်များဖြင့် ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်မှုများကို တစ်ဦးချင်းအနေဖြင့် လည်းကောင်း၊ အုပ်စုဖွဲ့အနေဖြင့်လည်းကောင်း လုပ်ဆောင်လာကြသည်ကို တွေ့ရသည်။

ယင်းသို့ဆောင်ရွက်လာနိုင်ခြင်းသည် သတင်းအချက်အလက်ဆိုင်ရာနှင့် ဒစ်ဂျစ်တယ်နည်းပညာဆိုင်ရာ အသိအမြင်ကြွယ်ဝမှု အားနည်းသောကြောင့်ဟု ဆိုရမည်ဖြစ်သည်။ အကျိုးဆက်မှာ လူအချင်းချင်း၊ အဖွဲ့အစည်းအချင်းချင်း ယုံကြည်မှုအားနည်းလာခြင်းနှင့် စိတ်ဝမ်းကွဲပြားလာခြင်းတို့ ဖြစ်ပေါ်လာပြီး ယင်းကို အခွင့်ကောင်းယူ၍ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအမြတ်ထုတ်မှုများ ဖြစ်ပေါ်လာသည်။ နိုင်ငံကို တည်ဆောက်နေသောကာလ၊ တည်ငြိမ်အေးချမ်းဖွံ့ဖြိုးရေးကို အကောင်အထည်ဖော်နေသောကာလတွင် ယင်းသို့အားထုတ်မှုများသည် ကြီးမားသောစိန်ခေါ်မှုများဖြစ်သည်။

ယနေ့ကာလတွင် ဘာသာရေးဆိုင်ရာတိုက်ခိုက်မှု အကောင့်ငါးသောင်းခွဲခန့်ရှိနေပြီး ကိုယ်ကျိုးစီးပွားကာကွယ်ရေး အုပ်စုဖွဲ့တိုက်ခိုက်မှု အမြောက်အမြားရှိနေသည်။ ယင်းတို့တွင် ပုဂ္ဂိုလ်ရေးသိက္ခာချမှု၊ အဖွဲ့အစည်းနာမည်ဖျက်ရန် ကြိုးပမ်းမှုတို့သာမက အဆိုးဆုံးမှာ သတင်းဖျက်၊ ပုံဖျက်သဏ္ဌာန်ဖြင့် မကြားဝံ့မနာသာ ရိုင်းပျစွာ ပြုမူပြောဆိုမှုများအထိ ရှိလာသည်ကို တွေ့ရသည်။ ယင်းသည် နိုင်ငံနှင့်ပြည်သူအတွက် ရေရှည်တွင် မကောင်းသောလက္ခဏာဖြစ်သည်။ ယင်းကို ကာကွယ်ရမည်သာဖြစ်သည်။ ထိန်းသိမ်းကာကွယ်သည်ဆိုရာ၌ လွတ်လပ်မှုအား ထိန်းချုပ်ခြင်းမဟုတ်ဘဲ ကျင့်ဝတ်စည်းကမ်းဖောက်ဖျက်မှုကို ထိန်းသိမ်းခြင်းသာဖြစ်သည်။

ယခုအခါ ဖေ့စ်ဘွတ်သုံးစွဲသူများအတွက် လူမှုကွန်ရက်စံနှုန်းများ မီဒီယာများတွင် ထုတ်ပြန်အသိပေးနေသည်ကို တွေ့ရသည်။ဖေ့စ်ဘွတ်သုံးစွဲသူအချင်းချင်း အချက်အလက်များမျှဝေရာတွင် လုံခြုံစိတ်ချရပြီး လေးစားမှုရှိသည့် ဝန်းကျင်ဖြစ်ဖို့ အရေးကြီးသည်။ အွန်လိုင်းပေါ်တွင် သတင်းတုများ၊ အမုန်းစကားများ၊ အနိုင်ကျင့်နှောင့်ယှက်ခြင်း၊ အကြမ်းဖက်ခြိမ်းခြောက်ခြင်းတို့ မပြုလုပ်သင့်ဘဲ ဖေ့စ်ဘွတ်စည်းမျဉ်းစည်းကမ်းချိုးဖောက်သည့် အကြောင်းအရာများကို တိုင်ကြားနိုင်ကြောင်း အသိပေးထားသည်။

သို့ဖြစ်ရာ ပိုမိုကောင်းမွန်သော လူမှုပတ်ဝန်းကျင် တည်ဆောက်နိုင်ရန်အတွက် လူမှုကွန်ရက်သုံးစွဲသူများ၏ အခန်းကဏ္ဍမှာ အရေးကြီးပေရာ လူမှုစံနှုန်းများကို ဖောက်ဖျက်ခြင်းမရှိဘဲ ဖောက်ဖျက်ကျူးလွန်သူများအား ဝိုင်းဝန်းထိန်းသိမ်းကာကွယ်ပေးခြင်းဖြင့် မိမိနှင့် မိမိလူမှုပတ်ဝန်းကျင် စိတ်ချလုံခြုံရေးကို အကူအညီပေးရာရောက်သည်ဟု ရှုမြင်ပါကြောင်း။ ။

## ရွှေစျေး၊ စက်သုံးဆီစျေးနှင့် နိုင်ငံခြားငွေ လဲလှယ်နှုန်း

**နေပြည်တော် မေ ၃၁**

| | | | |
|---|---|---|---|
| ရန်ကုန်(ရွှေစျေး) | ၉၃၄၀၀၀ | - | ၉၃၄၀၀၀ |
| မန္တလေး(ရွှေစျေး) | ၉၃၄၀၀၀ | - | ၉၃၄၀၀၀ |

| စက်သုံးဆီစျေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၉၀၀/၉၁၅ ကျပ်၊ | ၉၅၀/၉၆၀ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၉၀၅/၉၃၀ ကျပ်၊ | ၉၉၀/၁၀၁၅ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၈၆၅/၈၈၀ ကျပ်၊ | ၉၅၀/၉၆၅ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၉၁၅/၉၃၀ ကျပ်၊ | ၉၆၅/၉၇၅ ကျပ် |

**ရန်ကုန် လက်ကားစျေး**

ဒီဇယ် တစ်လီတာ ၈၇၅/၈၈၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၈၉၀/၉၀၅ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၈၂၅/၈၄၀ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၅၅. ၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၅၈၀. ၀ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၁၁. ၁၄ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၄၂. ၂၁၂ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၄၀. ၁၅ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၀. ၀၉၂ |
| (ဆ) ဂျပန် | တစ်ရာယန်း | = | ၁၂၄၇. ၅ |
| (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၄. ၉၆ |
| (ဈ) သြစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၁၇. ၁ |
| (ည) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၀၀၆. ၇ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**



ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် အမှတ်(၂)ရပ်ကွက် ညောင်တုန်းလမ်းမဘေး၌ မေ ၃၁ ရက် နံနက်ပိုင်းက မူခင်းကျဆင်းရေး ပြခန်းယာဉ်ဖြင့် မြို့နယ်ရဲတပ်ဖွဲ့ ယာယီရဲမှူး အောင်မြတ်စိုးက လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းနှင့် မူခင်းကျဆင်းရေးအသိပညာပေး ရှင်းလင်းပြောကြားစဉ်။ **ကြေးမုံ**

MYANMAR
Digital News
Presented by NPE
www.mdn.gov.mm

ကြေးမုံ

**စာတည်းမှူးချုပ်** - ဦးခင်မောင်ကျော်ဒင်
**စာတည်းမှူးများ** - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း

**သတင်းထောက်မှူး** - ဦးငွေအောင်
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း

**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း

# ဦးစားပေးကဏ္ဍအလိုက် ဖြေရှင်းဆောင်ရွက်သွားမည်

ကျွန်တော်တို့နိုင်ငံဟာ အဘက်ဘက်မှာ လိုအပ်ချက်တွေနဲ့ ဆင်းရဲနွမ်းပါးဆဲဖြစ်တာကြောင့် နေရာ၊ ကဏ္ဍအသီးသီးမှာ အများကြီး ဆက်လက်ရုန်းကန် ကြိုးပမ်းကြရဦးမှာ ဖြစ်ပါတယ်။ နိုင်ငံတကာမျက်နှာစာမှာလည်း ဖိအားပေးမှုတွေ၊ ဝေဖန်မှုတွေနဲ့ အထင်အမြင်လွဲမှားနေတာတွေလည်း ရင်ဆိုင်နေရပါတယ်။ ကျွန်တော်တို့ နိုင်ငံနဲ့ ကျွန်တော်တို့ ပြည်သူတွေ ဒီကနေ့ တွေ့ကြုံရင်ဆိုင်နေရတဲ့ စိန်ခေါ်မှုတွေ၊ အခက်အခဲတွေကလည်း မနည်းလှပါဘူး။ အရာရာတိုင်းကို လွယ်လင့်တကူ ဖြေရှင်းနိုင်မှာ မဟုတ်ပေမယ့်လည်း ကျွန်တော့်အနေနဲ့ အစွမ်းကုန်ကြိုးပမ်းအားထုတ်ပြီး ဦးစားပေးကဏ္ဍအလိုက် ဖြေရှင်းဆောင်ရွက်သွားရမှာပဲ ဖြစ်ပါတယ်။

(နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ၃၀-၃-၂၀၁၈ ရက်နေ့က ပြည်ထောင်စုလွှတ်တော်တွင် ကျင်းပသည့် ကတိသစ္စာပြုပွဲအခမ်းအနား၌ ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)

# စုပေါင်းအင်အား

ယခုလာမယ့် မြန်မာသက္ကရာဇ် ၁၃၈၀ ပြည့်နှစ်အတွက် ကျွန်မတို့အစိုးရအနေနဲ့ "စုပေါင်းအင်အား"ကို အလေးထားပြီး နိုင်ငံရဲ့ စိန်ခေါ်မှုကြီးများကို ကျော်ဖြတ်ဖို့ သန္နိဋ္ဌာန်ချလိုက်ပါတယ်။

(နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ၁ - ၄ - ၂၀၁၈ ရက်နေ့က ပြောကြားသည့် နိုင်ငံတော်အစိုးရတာဝန်ထမ်းဆောင်မှု (၂) နှစ်ပြည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

## ပြည်ထောင်စုဝန်ကြီး ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**အမိန့်အမှတ်၊ ၂၉/၂၀၁၈**
၁၃၈၀ ပြည့်နှစ်၊ နယုန်လပြည့်ကျော် ၂ ရက်
(၂၀၁၈ ခုနှစ်၊ မေလ ၃၁ ရက်)

**ပြည်ထောင်စုဝန်ကြီး ခန့်အပ်တာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၃၂၊ ပုဒ်မ ၂၃၅၊ ပုဒ်မခွဲ(ဃ)နှင့် ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၁၂ တို့ပါ ပြဋ္ဌာန်းချက်များအရ ဦးစိုးဝင်းကို စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

**(ပုံ) ဝင်းမြင့်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

## လွတ်လပ်သော စုံစမ်းစစ်ဆေးရေး ကော်မရှင်တစ်ခုကို ဖွဲ့စည်းသွားရန်ရှိ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**သတင်းထုတ်ပြန်ချက် အမှတ်၊ ၃ / ၂၀၁၈**
၁၃၈၀ ပြည့်နှစ်၊ နယုန်လပြည့်ကျော် ၂ ရက်
(၂၀၁၈ ခုနှစ်၊ မေလ ၃၁ ရက်)

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရအနေဖြင့် လွတ်လပ်သော စုံစမ်းစစ်ဆေးရေးကော်မရှင် တစ်ခုကို ဖွဲ့စည်းသွားရန်ရှိ**

၁။ ရခိုင်ပြည်နယ်အတွင်း ပြန်လည်သင့်မြတ်ရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့ ဆောင်ရွက်ရာတွင် အမျိုးသားအစီအစဉ်တစ်ရပ်အနေဖြင့် မြန်မာအစိုးရသည် လွတ်လပ်သော စုံစမ်းစစ်ဆေးရေးကော်မရှင်တစ်ရပ်ဖွဲ့စည်းရန် ဆုံးဖြတ်ပြီးဖြစ်သည်။ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များ အကောင်အထည်ဖော်ရေးကော်မတီ၏ အကြံပေးအဖွဲ့၏ ကြားဖြတ်အကြံပြုချက်များကိုပါ ထည့်သွင်းစဉ်းစားလျက် ဤသို့ဆုံးဖြတ်ခြင်းဖြစ်သည်။ ဤလွတ်လပ်သောကော်မရှင်သည် အာဆာအကြမ်းဖက်အဖွဲ့၏ အကြမ်းဖက်တိုက်ခိုက်မှုပြီးနောက် လူ့အခွင့်အရေးချိုးဖောက်မှုများ၊ ယင်းနှင့်ဆက်နွယ်သည့် ကိစ္စများကို စုံစမ်းစစ်ဆေးမည်ဖြစ်သည်။

၂။ ကော်မရှင်တွင် နိုင်ငံတကာမှ ပုဂ္ဂိုလ်ကြီးတစ်ဦးအပါအဝင် အဖွဲ့ဝင်သုံးဦး ပါဝင်မည်ဖြစ်ပြီး ကော်မရှင်အား ပြည်တွင်းနှင့်နိုင်ငံတကာမှ ဥပဒေနှင့် နည်းပညာကျွမ်းကျင်သူများက ပံ့ပိုးပေးမည် ဖြစ်ပါသည်။

❖ **ရွှေဖုံးမှ**

မူးယစ်ဆေးဝါးအန္တရာယ်ကို ပြည်သူများအကြား ကျယ်ကျယ်ပြန့်ပြန့် သိရှိစေရေးအတွက် အသိပညာပေးခြင်း၊ စည်းရုံးလှုံ့ဆော်ခြင်း၊ ဆေးကုသပေးခြင်း၊ ပြန်လည်ထူထောင်ခြင်းတို့ကို ဆောင်ရွက်ပေးရန် လိုအပ်ပြီး မူးယစ်ဆေးဝါး စိုက်ပျိုးခြင်း၊ ထုတ်လုပ်ခြင်း၊ လက်ဝယ်ထားရှိခြင်း၊ သယ်ဆောင်ခြင်း၊ ဖြန့်ဖြူးခြင်း၊ ရောင်းဝယ်ခြင်းများကို ထိရောက်သော ပြစ်ဒဏ်များ ချမှတ်နိုင်ရေး ဆောင်ရွက်ရန်လိုအပ်ပါကြောင်း။

ဒေသဆိုင်ရာ မူးယစ်ဆေးဝါးတားဆီးကာကွယ်နှိမ်နင်းရေးအဖွဲ့များကို မြို့နယ်၊ ခရိုင်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ဖွဲ့စည်းသွားရန်လိုအပ်ပြီး ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ ဒေသမှစိတ်ပါဝင်စားသူ ပြည်သူများ ပါဝင်ဖွဲ့စည်းရန်လိုအပ်ပါကြောင်း၊ အဆိုပါအဖွဲ့အစည်းများကိုလည်း ဆုငွေချီးမြှင့်ရေးစနစ်ကျင့်သုံး၍ လိုအပ်သလို စီမံခန့်ခွဲသွားရန် လိုအပ်ပါကြောင်း၊ ထို့ပြင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးအထူးအဖွဲ့ကို သီးခြားဖွဲ့စည်း၍ ဗဟိုအဖွဲ့မှ တိုက်ရိုက်ကွပ်ကဲကြပ်မတ်သွားရန် လိုအပ်ပါကြောင်း စသည်ဖြင့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ တိုက်ဖျက်နှိမ်နင်းရေးနှင့် တားဆီးကာကွယ်ရေးကို အရှိန်အဟုန်တိုးမြှင့် ဆောင်ရွက်ပေးရန် လမ်းညွှန်မှာကြားသည်။

တွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ၊ ဒုတိယဥက္ကဋ္ဌ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်၊ အဖွဲ့ဝင်များဖြစ်ကြသည့် အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်သူ၊ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးအောင်၊ ပြန်ကြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဒေါက်တာသက်ခိုင်ဝင်း၊ နိုင်ငံတော်သမ္မတရုံး နိုင်ငံရေးနှင့်လုံခြုံရေးဌာနကြီး ညွှန်ကြားရေးမှူးချုပ် ဦးနိုင်ဆွေဦး၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ် ဦးဇော်သန်းသင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ စစ်ဦးစီးဗိုလ်မှူးချုပ် ဗိုလ်မှူးချုပ်ကိုကိုဦး၊ တပ်မတော်စစ်ဘက်ရေးရာ လုံခြုံရေးအရာရှိချုပ်ရုံးမှ ဒုတိယဗိုလ်မှူးကြီး ဇော်လင်းထွန်း၊ ဗဟိုအဖွဲ့အတွင်းရေးမှူး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ရဲချုပ်အောင်ဝင်းဦးနှင့် တွဲဖက်အတွင်းရေးမှူး မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ တပ်ဖွဲ့မှူး ယာယီရဲမှူးချုပ်မြင့်အောင်တို့ တက်ရောက်ကြသည်။

**သတင်းစဉ်**

## ရခိုင်ပြည်နယ်မှနေရပ်စွန့်ခွာသွားသူများ ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်ကို အထောက်အပံ့ပြုနိုင်ရေးအတွက် မြန်မာနိုင်ငံအစိုးရနှင့် ကုလသမဂ္ဂအေဂျင်စီများအကြား နားလည်မှုစာချွန်လွှာအား ကနဦးလက်မှတ်တိုရေးထိုး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန**
**သတင်းထုတ်ပြန်ချက်**
၁၃၈၀ ပြည့်နှစ်၊ နယုန်လပြည့်ကျော် ၂ ရက်
(၂၀၁၈ ခုနှစ်၊ မေလ ၃၁ ရက်)

**ရခိုင်ပြည်နယ်မှနေရပ်စွန့်ခွာသွားသူများ ပြန်လည်လက်ခံရေး လုပ်ငန်းစဉ်ကို အထောက်အပံ့ပြုနိုင်ရေးအတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့် ကုလသမဂ္ဂ အေဂျင်စီများအကြား နားလည်မှုစာချွန်လွှာအား ကနဦးလက်မှတ်တို ရေးထိုးခြင်း**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံအကြား ၂၀၁၇ ခုနှစ် နိုဝင်ဘာလ ၂၃ ရက်နေ့တွင် လက်မှတ်ရေးထိုးခဲ့သည့် "ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသွားသူများ ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်" အား အကောင်အထည်ဖော်ရာ၌ မြန်မာနိုင်ငံအစိုးရ၏ ဆောင်ရွက်မှုများအား အထောက်အကူပြုနိုင်ရန်အတွက် နားလည်မှုစာချွန်လွှာ (MoU) တစ်ရပ်ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအစိုးရ၊ အလုပ်သမား၊ လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP) နှင့် ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR) တို့အကြား ၂၀၁၈ ခုနှစ် မေလ ၃၁ ရက်နေ့တွင် ကနဦးလက်မှတ်တို ရေးထိုးခဲ့ပါသည်။ မြန်မာနိုင်ငံအစိုးရအနေဖြင့် လိုအပ်သည့်စိစစ်မှုများ ပြုလုပ်ပြီးဖြစ်သည့် ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသွားသူများအား ပြန်လည်လက်ခံရာတွင် ကုလသမဂ္ဂအေဂျင်စီများမှ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၂။ ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်(UNDP)နှင့် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာမဟာမင်းကြီးရုံး (UNHCR) တို့သည် နေရပ်စွန့်ခွာသွားသူများအား ပြန်လည်နေရာချထားရေး၊ ၎င်းတို့အနေဖြင့် အသက်မွေးဝမ်းကျောင်းလုပ်ကိုင်နိုင်သည့် အခွင့်အလမ်းများ ရရှိနိုင်စေရန်အတွက် သက်ဆိုင်ရာအသိုက်အဝန်းများအတွင်း လိုအပ်သည်များ ပံ့ပိုးပေးရာတွင် မြန်မာနိုင်ငံအစိုးရနှင့်အတူ ပါဝင်ဆောင်ရွက်ရန်ဖြစ်ပါသည်။

၃။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရအနေဖြင့် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP) နှင့် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး(UNHCR)တို့နှင့်အတူ အဆိုပါ နားလည်မှုစာချွန်လွှာအား ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလမှစတင်၍ ဆွေးနွေးမှုများ ပြုလုပ်ခဲ့ပြီး ရလဒ်အနေဖြင့် ယင်းနားလည်မှုစာချွန်လွှာအား မကြာမီလက်မှတ်ရေးထိုးနိုင်မည်ဖြစ်ပါသည်။

## မနက်ဖြန်နံနက်အထိ ခန့်မှန်းချက်

**နေပြည်တော် မေ ၃၁**

မကွေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့တွင် နေရာကျဲကျဲ၊ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ကယားပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ရခိုင်ပြည်နယ်တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

# အမေရိကန်-မြောက်ကိုရီးယား ထိပ်သီးအစည်းအဝေး ကျင်းပနိုင်ရေး ဆက်လက်ဆွေးနွေး

**ဝါရှင်တန် မေ ၃၁**

အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီယိုနှင့် မြောက်ကိုရီးယားအလုပ်သမားပါတီ ဒုတိယဥက္ကဋ္ဌ ကင်ယောင်ချိုတို့သည် နယူးယောက်မြို့တွင် ယနေ့တွေ့ဆုံခဲ့ပြီး နှစ်နိုင်ငံထိပ်သီးအစည်းအဝေး ကျင်းပနိုင်ရေးအတွက် ဆွေးနွေးခဲ့ကြကြောင်း ယနေ့သတင်းများအရ သိရသည်။

ဝန်ကြီးမိုက်ပွန်ပီယိုနှင့် မြောက်ကိုရီးယား အလုပ်သမားပါတီ ဒုတိယဥက္ကဋ္ဌ ကင်ယောင်ချိုတို့သည် မေ ၃၀ ရက်တွင် နယူးယောက်မြို့သို့ သီးခြားစီရောက်ရှိခဲ့ကြသည်။

အမေရိကန်ပြည်ထောင်စု မန်ဟတ်တန်မြို့ရှိ အစိုးရအဆောက်အအုံတစ်ခုတွင် ဝန်ကြီးမိုက်ပွန်ပီယိုနှင့် မြောက်ကိုရီးယားအလုပ်သမားပါတီ ဒုတိယဥက္ကဋ္ဌ ကင်ယောင်ချိုတို့သည် မိနစ် ၉၀ ကြာဆွေးနွေးခဲ့ကြသည်။

အစည်းအဝေးတွင် ကိုရီးယားကျွန်းဆွယ်ဒေသတွင်း နျူကလီးယားလက်နက် ကင်းစင်ပပျောက်ရေးအတွက် အဓိကထားဆွေးနွေးခဲ့ကြသည်ဟု အိမ်ဖြူတော် ပြောရေးဆိုခွင့်ရှိသူ ဆာရာဆန်းဒါးစ်က မီဒီယာသို့ ပြောကြားခဲ့သည်။

အမေရိကန်-မြောက်ကိုရီးယားနှစ်နိုင်ငံ ထိပ်သီးအစည်းအဝေးပွဲ ကျင်းပနိုင်ရေးအတွက် မြောက်ကိုရီးယားအလုပ်သမားပါတီ ဒုတိယဥက္ကဋ္ဌ ကင်ယောင်ချိုနှင့် နယူးယောက်မြို့တွင် တွေ့ဆုံဆွေးနွေး ညှိနှိုင်းမှုများပြုလုပ်ရန် စောင့်မျှော်လျက်ရှိသည်ဟု ဝန်ကြီး မိုက်ပွန်ပီယိုက သူ၏ တွစ်တာစာမျက်နှာပေါ်တွင် အစည်းအဝေးမကျင်းပမီ တစ်ရက်က ရေးသားခဲ့ကြောင်း သိရသည်။ ထို့ပြင် ကိုရီးယားကျွန်းဆွယ်ဒေသအတွင်း နျူကလီးယားလက်နက် ကင်းစင်ပပျောက်စေရေးအတွက် အမေရိကန်နိုင်ငံအနေဖြင့် အစွမ်းကုန်ကြိုးပမ်းသွားမည်ဖြစ်ကြောင်း ဝန်ကြီး မိုက်ပွန်ပီယိုက ရေးသားထားသည်။

နျူကလီးယားလက်နက်ကို ပိုင်ဆိုင်ထားပြီး ဖြစ်ကြောင်း မြောက်ကိုရီးယားနိုင်ငံက အခိုင်အမာဆိုခဲ့သော်လည်း စီးပွားရေးပိတ်ဆို့မှုများမှ ရုန်းထွက်နိုင်စေရန် နျူကလီးယားလက်နက် ကင်းစင်ပပျောက်ရေးလမ်းစဉ်သို့ ပြုံယမ်းအနေဖြင့် လျှောက်လှမ်းလျက်ရှိသည်။

ထို့ကြောင့် အမေရိကန်-မြောက်ကိုရီးယား ထိပ်သီးအစည်းအဝေးကျင်းပနိုင်ရေးနှင့် နှစ်နိုင်ငံအကြား သဘောထားအမြင် ကွဲလွဲမှုများကို အဆုံးသတ်ပြီး နျူကလီးယားလက်နက် ကမ္ဘာပေါ်မှ ကင်းစင်ပပျောက်ဆိုသည်ကို ဆက်လက်စောင့်ကြည့်ရမည်ဖြစ်သည်။



နိုင်ရေးအတွက် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်နိုင်မလား **အင်န်အိတ်ချ်ကေ**

# မက်ဆီဒိုးနီးယား နိုင်ငံအမည် ပြောင်းလဲရေး ပြည်သူ့ဆန္ဒခံယူပွဲ ပြုလုပ်မည်ဟုဆို

**စကော့ပီယေး မေ ၃၁**

အိမ်နီးချင်းနိုင်ငံဖြစ်သော ဂရိနိုင်ငံနှင့် အကြီးအကျယ်အငြင်းအခုံဖြစ်ပွားနေမှုကို အဆုံးသတ်စေမည့် သဘောတူညီချက်တစ်ရပ်အရ မက်ဆီဒိုးနီးယားနိုင်ငံအတွက် နိုင်ငံအမည်နာမသစ်ကို ပြည်သူတို့လက်ခံလိုခြင်း ရှိ၊ မရှိ လာမည့်ဆောင်းဦးပေါက်ရာသီတွင် ပြည်သူ့ဆန္ဒခံယူပွဲပြုလုပ်မည်ဖြစ်ကြောင်း မက်ဆီဒိုးနီးယားဝန်ကြီးချုပ် ဇိုရန် ဇာယေ့ဗ်က ပြောကြားလိုက်သည်။

မက်ဆီဒိုးနီးယားနိုင်ငံ၏ နိုင်ငံအမည်နာမနှင့်ပတ်သက်၍ ဆယ်စုနှစ်ပေါင်းများစွာကြာမျှ ဂရိနိုင်ငံနှင့် အငြင်းပွားမှုဖြစ်ပေါ်ခဲ့ပြီးနောက် အဆိုပါနှစ်နိုင်ငံမှ နိုင်ငံခြားရေးဝန်ကြီးများသည် ဘယ်လ်ဂျီယံနိုင်ငံ ဘရပ်ဆဲမြို့၌ တွေ့ဆုံဆွေးနွေးခဲ့ကြသည်။ နိုင်ငံခြားရေးဝန်ကြီးများသည် မေ ၂၈ ရက်တွင် တွေ့ဆုံဆွေးနွေးခဲ့ကြပြီးနောက် ဝန်ကြီးချုပ် ဇာယေ့ဗ်က အထက်ပါအတိုင်း ထုတ်ပြန်ကြေညာခြင်းဖြစ်သည်။

နိုင်ငံအမည်နာမပြောင်းလဲရေးနှင့်ပတ်သက်၍ သဘောတူညီချက်ရရှိရေးအတွက် အခြေခံမူဘောင်များကို ဆွေးနွေးညှိနှိုင်းခဲ့ကြကြောင်း ဝန်ကြီးချုပ် ဇာယေ့ဗ်က သတင်းထောက်များကို မေ ၃၀ ရက်တွင် ပြောကြားသည်။

မက်ဆီဒိုးနီးယားသမ္မတနိုင်ငံဟူသော နိုင်ငံအမည်နာမသည် ဂရိနိုင်ငံမြောက်ပိုင်းရှိ ပြည်နယ်တစ်ခု၏အမည်နာမနှင့်တူညီနေသဖြင့် ယင်းနိုင်ငံ၏အမည်နာမကို ဂရိနိုင်ငံက အစဉ်တစိုက်ကန့်ကွက်လာခဲ့သည်။ **အေအက်ဖ်ပီ**



**မက်ဆီဒိုးနီးယားဝန်ကြီးချုပ် ဇိုရန် ဇာယေ့ဗ်။**



# လုပ်သားအင်အား လိုအပ်ချက်ဖြည့်ဆည်းနိုင်ရေး နိုင်ငံခြားအလုပ်သမားများ ဂျပန်ခေါ်ယူမည်

**တိုကျို မေ ၃၁**

ဂျပန်နိုင်ငံသည် လယ်ယာစိုက်ပျိုးရေးနှင့် ဆောက်လုပ်ရေးတို့ကဲ့သို့သော လုပ်ငန်းကဏ္ဍများ၌ လုပ်သားအင်အား လိုအပ်ချက်ကို ဖြည့်ဆည်းနိုင်စေရေးအတွက် ၂၀၂၅ ဘဏ္ဍာနှစ်အထိ နိုင်ငံခြားအလုပ်သမား ၅၀၀၀၀၀ ကျော်ကို လာရောက်လုပ်ကိုင်ခွင့်ပြုရန် အစိုးရအဖွဲ့က ဆုံးဖြတ်လိုက်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက မေ ၃၁ ရက်တွင် သတင်းထုတ်ပြန်သည်။

ဂျပန်နိုင်ငံသည် အလုပ်အကိုင်ဈေးကွက်ကို တင်းတင်းကျပ်ကျပ်ထိန်းချုပ်ထားခဲ့ရာမှ ဖြေလျှော့မည့်လက္ခဏာ ပြသလျက်ရှိစဉ် အစိုးရအဖွဲ့က အထက်ပါအတိုင်း ဆုံးဖြတ်လိုက်ခြင်းဖြစ်သည်။

ဝန်ကြီးချုပ် ရှင်ဇိုအာဘေး၏ စီးပွားရေးမူဝါဒသစ်နှင့်ပတ်သက်၍ ဇွန်လလယ်တွင် အပြီးသတ်မူကြမ်းရေးဆွဲရန် ပြင်ဆင်နေပြီး ယင်းမူဝါဒသစ်တွင် နိုင်ငံခြားအလုပ်သမားများ ခေါ်ယူရေးပါဝင်မည်ဖြစ်ကြောင်း၊ နိုင်ငံခြားအလုပ်သမားများအား အလုပ်အကိုင် ဈေးကွက်ဖွင့်လှစ်ပေးနိုင်ရေးအတွက် လိုအပ်သည့် ဥပဒေရေးရာကိစ္စရပ်များကို လာမည့် ဆောင်းဦးပေါက်ရာသီတွင် လွှတ်တော်သို့ တင်သွင်းမည်ဖြစ်ကြောင်း တာဝန်ရှိသူများက ပြောကြားကြသည်။

အလုပ်အကိုင်ဈေးကွက် ပိုမိုဖွင့်လှစ်ပေးရေးဆိုင်ရာ အခြေခံမူဘောင်အရ လယ်ယာစိုက်ပျိုးရေး၊ ဆောက်လုပ်ရေး၊ သစ်ထုတ်ရေး၊ သူနာပြုနှင့် သင်္ဘောတည်ဆောက်ရေးတို့ဖြစ်သော လုပ်ငန်းနယ်ပယ်ကဏ္ဍငါးရပ်တွင် နိုင်ငံခြားအလုပ်သမားများကို ဝင်ရောက်လုပ်ကိုင်ခွင့်ပေးမည်ဆို၏။ **ကျိုဒို**

# ယီမင်ရှိ ဟူဒေဒါဆိပ်ကမ်းမြို့ကို ဆော်ဒီထောက်ခံစစ်သွေးကြွများက သိမ်းယူရန်စီစဉ်

**ကုလသမဂ္ဂ မေ ၃၁**

ယီမင်နိုင်ငံ၏ အဓိကကျသော ပင်လယ်နီဆိပ်ကမ်းမြို့ ဟူဒေဒါကို သိမ်းယူနိုင်ရေးအတွက် လုပ်ဆောင်ခြင်းမပြုလုပ်ရန် ကုလသမဂ္ဂက သတိပေးထားသော်လည်း ဆော်ဒီအာရေဗျနိုင်ငံက ထောက်ခံသည့် ယီမင်စစ်သွေးကြွများသည် ယင်းဆိပ်ကမ်းမြို့ကို သိမ်းယူရန် ပြင်ဆင်မှုပြုလုပ်နေသည်ဟု သတင်းများ ထွက်ပေါ်လာကြောင်း၊ ယင်းမြို့သည် ပြည်တွင်းစစ်နွံနစ်နေသည့် ယီမင်နိုင်ငံပြည်သူများအတွက် လူသားချင်းစာနာထောက်ထားမှု အထောက်အပံ့များ ဝင်ရောက်ရာပင်လယ်ဆိပ်ကမ်းမြို့ဖြစ်ကြောင်း ယနေ့ အေအက်ဖ်ပီ သတင်းတွင် ဖော်ပြသည်။

ဆော်ဒီအာရေဗျနိုင်ငံက အလုံးစုံပိတ်ဆို့ထားသော ယီမင်နိုင်ငံ၏ သန်းပေါင်းများစွာသော ပြည်သူများအတွက် စားနပ်ရိက္ခာနှင့် ဆေးဝါးပစ္စည်း ဝင်ရောက်ရာ ဟူဒေဒါဆိပ်ကမ်းကို သိမ်းယူနိုင်ရန် ယီမင်သမ္မတဟောင်း မန်ဆော်ဟာဒီအား သစ္စာခံသည့် ဆော်ဒီအာရေဗျနိုင်ငံက ထောက်ခံအားပေးသော ယီမင်စစ်သွေးကြွတပ်ဖွဲ့များက မြို့သိမ်းတိုက်ပွဲဆင်နွှဲမည့် စစ်ဆင်ရေးလုပ်ငန်းအတွက် စစ်အင်အား ဖြည့်တင်းနေကြောင်း မေ ၃၀ ရက်တွင် စစ်ဘက်သတင်းရပ်ကွက်က ပြောကြားသည်။

ဟူဒေဒါဆိပ်ကမ်းမြို့ကို လူထုထောက်ခံသော ဟူသီအန်ဆာအူလာ လှုပ်ရှားမှုအဖွဲ့က ထိန်းချုပ်ထားသည်။ ၎င်းအဖွဲ့သည် ယီမင်နိုင်ငံအား ကာကွယ်ရေးနှင့် ပြည်တွင်းရေးရာများကို လုပ်ဆောင်နေပြီး ဆော်ဒီအာရေဗျဦးဆောင်သည့် မဟာမိတ်ညွန့်ပေါင်းအဖွဲ့၏ လူအသေအပျောက်များသည့် စစ်ဆင်တိုက်ခိုက်မှုများနှင့် ရင်ဆိုင်နေရသည်။

တပ်ဖွဲ့များအတွက် စစ်ကူများပေးပို့နေကြောင်း၊ ၎င်းတို့သည် ဟူဒေဒါဆိပ်ကမ်းကို ပြန်လည်သိမ်းယူနိုင်ရေးအတွက် လုပ်ဆောင်ကြမည်ဖြစ်ကြောင်း ဆော်ဒီအာရေဗျဦးဆောင်သည့်တပ်ဖွဲ့မှ ဗိုလ်မှူးကြီး ဆာဒစ်ဒူဝိတ်က ပြောကြားသည်။ ၎င်းသည် မြို့သိမ်းစစ်ဆင်ရေးတွင် ပါဝင်သူဖြစ်သည်။

မိမိတို့အနေဖြင့် ပထမဦးစွာ ထောက်ပံ့ရေးလိုင်းများကို ဖြတ်တောက်ပစ်မည်ဖြစ်ကြောင်း၊ အထူးသဖြင့် မြို့တော်ဆာနားနှင့် ဟူဒေဒါအကြားရှိ လမ်းကြောင်းကို ဖြတ်တောက်ခြင်းဖြင့် ဟူသီတပ်ဖွဲ့များကို ဝိုင်းဝန်း ပိတ်ဆို့နိုင်မည်ဖြစ်ကြောင်း ၎င်းကပြောကြားသည်။

ထိုစဉ်အတွင်း အန်ဆာအူလာ တိုက်ခိုက်ရေးသမားများနှင့် ၎င်းတို့၏ မဟာမိတ်လက်နက်ကိုင်များသည် ဆော်ဒီဦးဆောင်သည့် စစ်သွေးကြွများက ၎င်းတို့အား တိုက်ခိုက်လာမှုများကို ရင်ဆိုင်ရန်ပြင်ဆင်မှုများ တိုးမြှင့်ပြုလုပ်လာကြသည်။

မေ ၃၀ ရက်တွင် ဆော်ဒီကြေးစား စစ်သည်များပိုင်ဆိုင်သော စစ်သုံးမော်တော်ယာဉ်များကို ၎င်းတို့က ဖျက်ဆီးခဲ့သည်။

**အေအက်ဖ်ပီ**

# ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ ကျင်းပ

**နေပြည်တော် မေ ၃၁**

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုအစိုးရအဖွဲ့မှပေးပို့သော ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးရေးဆွဲတင်ပြခြင်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်မရှိသည့်အတွက် လွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။

## စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအဖြစ် ဦးစိုးဝင်းကို သဘောတူ

အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော်နာယကက နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးရန် တင်ပြထားသော ဦးစိုးဝင်းကို ကန့်ကွက်သူမရှိသည့်အတွက် လွှတ်တော်က သဘောတူကြောင်း ကြေညာသည်။

ထို့နောက် နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးအဖြစ် ဗိုလ်ချုပ်အောင်သူအား ခန့်အပ်တာဝန်ပေးခြင်းကို လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာသည်။

## သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုဥပဒေကြမ်း ဖတ်ကြား

ယင်းနောက် လွှတ်တော်နှစ်ရပ်သဘောကွဲလွဲသော သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှု ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်အစီရင်ခံစာကို ဥပဒေကြမ်းပူးပေါင်းကော်မတီ ဒုတိယဥက္ကဋ္ဌ(၁) ဦးဇော်မင်းက ဖတ်ကြားသည်။

ဥပဒေကြမ်း ပူးပေါင်းကော်မတီ၏ သဘောထားမှတ်ချက်တွင် ယင်းဥပဒေကြမ်းတွင် ဥပဒေကြမ်းအမည်၊ အပိုဒ်၊ အပိုဒ်ခွဲများကို ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့၏ အတည်ပြုချက်များအတိုင်း လည်းကောင်း၊ ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ ပြင်ဆင်ချက်များအတိုင်းလည်းကောင်း အတည်ပြုပြဋ္ဌာန်းသင့်သည်ကို လေ့လာတွေ့ရှိကြောင်း သဘောထားမှတ်ချက်ပြုထားသည်။

အဆိုပါဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ထို့နောက် လွှတ်တော်များဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့၏ ၂၀၁၆-၂၀၁၇ ခုနှစ် လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာကို အဖွဲ့၏ ဒုတိယဥက္ကဋ္ဌ ဦးအောင်ကြည်ညွန့်က ဖတ်ကြား တင်ပြသည်။

အစီရင်ခံစာတွင် လွှတ်တော်များ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့သည် မြန်မာလွှတ်တော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် စွမ်းဆောင်ရည်တိုးတက်မြင့်မားလာစေရေးအတွက် အကူအညီပေးမည့် မိတ်ဖက်အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ရန် ဖွဲ့စည်းထားခြင်းဖြစ်ပါကြောင်း၊ ထို့ကြောင့် မိတ်ဖက်အဖွဲ့အစည်းများမှ ကမ်းလှမ်းလာသော ဖွံ့ဖြိုးမှုအစီအစဉ်များသည် လွှတ်တော်၏ လိုလားချက်၊ လိုအပ်ချက်နှင့် ကိုက်ညီစေရေးအတွက် စနစ်တကျ ကြီးကြပ်ဆောင်ရွက်လျက်ရှိပါကြောင်း။

လိုအပ်ချက်နှင့် စိန်ခေါ်မှုများရှိနေဆဲဖြစ်ပြီး လုပ်ငန်းများပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရန် လွှတ်တော်များဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပူးပေါင်းညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့နှင့် မိတ်ဖက်အဖွဲ့အစည်းများသည် စဉ်ဆက်မပြတ် ညှိနှိုင်းဆွေးနွေးလျက်ရှိပါကြောင်း၊ မြန်မာလွှတ်တော် မဟာဗျူဟာစီမံကိန်း ၂၀၁၅-၂၀၁၈ ကို UNDP/ IPU၏ အကူအညီဖြင့် ရေးဆွဲထားပြီးဖြစ်ရာ မဟာဗျူဟာစီမံကိန်းတွင် ပါဝင်သော လွှတ်တော်၏ အနာဂတ်မျှော်မှန်းချက်၊ ဦးတည်ချက်တို့ ပြည့်စုံရန် လွှတ်တော်၏ လက်ရှိလိုအပ်ချက်နှင့် စိန်ခေါ်မှုများကို အောင်မြင်မှုရစေရေးအတွက် မိတ်ဖက်အဖွဲ့အစည်းများမှ ပေးအပ်သော ဖွံ့ဖြိုးမှုအစီအစဉ်များကို စနစ်တကျကြီးကြပ်ညှိနှိုင်းရေးမှာ အရေးပါသည်ကို တွေ့ရှိရပါကြောင်း ဖော်ပြပါရှိသည်။

အဆိုပါအစီရင်ခံစာနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

## ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံး ရေးဆွဲတင်ပြခြင်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း သဘောတူ

ယင်းနောက် ပြည်ထောင်စုအစိုးရအဖွဲ့မှပေးပို့သော ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံး ရေးဆွဲတင်ပြခြင်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်မရှိသည့်အတွက် အပုဒ်အားလုံးကို တစ်ပြိုင်တည်းအတည်ပြုရန် ဥပဒေကြမ်းပူးပေါင်းကော်မတီက အဆိုတင်သွင်းရာ




ပြည်ထောင်စုလွှတ်တော်နာယက မန်းဝင်းခိုင်သန်း

လွှတ်တော်က သဘောတူကြောင်း ကြေညာသည်။

ဆက်လက်၍ ယင်းဥပဒေကြမ်းတစ်ရပ်လုံးကို အတည်ပြုရန် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက အဆိုတင်သွင်းရာ လွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။

## မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ငွေကျပ် ၆၄၁ ဒသမ ၀၂၉ ဘီလီယံ ချေးငွေရယူရန် အတည်ပြု

ယင်းနောက် နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ ပြည်ထောင်စုအစိုးရအပ်ငွေစာရင်း၏ လိုငွေအား ဖြည့်ဆည်းရန်အတွက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ငွေကျပ် ၆၄၁ ဒသမ ၀၂၉ ဘီလီယံ ချေးငွေရယူရန် ကိစ္စနှင့်စပ်လျဉ်း၍ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းနှင့် မြန်မာနိုင်ငံတော် ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးဘိုဘိုငယ်တို့က ပြန်လည်ရှင်းလင်းဆွေးနွေးကြသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးဘိုဘိုငယ်က ၂၀၁၈ ခုနှစ် ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေအရ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ငွေချေးယူခြင်းအတွက် သတ်မှတ်သည့်အတိုးနှုန်းနှင့်ပတ်သက်၍ ပြည်ထောင်စုအစိုးရ အပ်ငွေစာရင်း၏ လိုငွေကို ဗဟိုဘဏ်က အစိုးရငွေတိုက်လက်မှတ်များဖြင့် ဖြည့်ဆည်းသည့်ကာလတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနတို့ ညှိနှိုင်း၍ အစိုးရငွေတိုက်လက်မှတ်များ လေလံစနစ်ဖြင့် ရောင်းချပြီး လေလံအောင်မြင်သည့် အစိုးရငွေတိုက်လက်မှတ်များအပေါ် ပေးသော ပျမ်းမျှဈေးကွက်အတိုးနှုန်းဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှစ၍ အတိုးရယူခဲ့ခြင်းဖြစ်ပါကြောင်း၊ အစိုးရအနေဖြင့် အတိုးနှုန်းကို ဈေးကွက်ပေါက်ဈေးအတိုင်း ကျခံရသည့်အတွက် အသုံးစရိတ်များ ပိုမိုကျခံရသော်လည်း အတိုးနှုန်းမှ ဆွဲဆောင်သဖြင့် အစိုးရငွေချေးသက်သေခံ လက်မှတ်များကို ပိုမိုရောင်းချရသောကြောင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ထံမှ ငွေချေးယူခြင်းကို လျှော့ချနိုင်မည်ဖြစ်၍ ပြည်တွင်းငွေဖောင်းပွမှုဖိအားကို လျော့ကျနိုင်မည်ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ငွေချေးယူပါက Monetary Impact ရှိပါကြောင်း၊ ထို Impact သည် ငွေဖောင်းပွမှုကို တိုးလာနိုင်သည့်အတွက် လိုငွေစာရင်းကို တစ်နှစ်ထက်တစ်နှစ် လျှော့ချလျက်ရှိပါကြောင်း၊ လိုငွေဖြည့်ဆည်းမှုကို လျှော့ချခြင်းအား Fiscal Contraction Shock ဟုခေါ်သည့် အစိုးရအသုံးစရိတ်ရုတ်ခြည်းလျှော့ချခြင်းကြောင့် နိုင်ငံ၏စီးပွားရေးမှာ ရုတ်တရက်ကျဆင်းခြင်းကို မဖြစ်စေရန် ဗဟိုဘဏ်နှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနတို့ ညှိနှိုင်း၍ သတိထားဆောင်ရွက်နေပါကြောင်း၊ ပြည်တွင်းချေးယူငွေအနက် ဗဟိုဘဏ်မှ ချေးယူငွေပမာဏမှာ ၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ (၆)လတာကာလတွင် ၂၀ ရာခိုင်နှုန်းအထိ ကျဆင်းလာခြင်းသည် သိသာထင်ရှားသည့် ညင်သာမှုရှိသောဘဏ္ဍာရေးစနစ် ပြောင်းလဲမှုဟု ပြောနိုင်ပါကြောင်း၊ ထိုပြောင်းလဲမှုကို ဆက်လက်ထိန်းသိမ်းထားရန် ဗဟိုဘဏ်အနေဖြင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနနှင့်အတူ ဆက်လက်ညှိနှိုင်းဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ ဖြစ်ပေါ်လာမည့် လိုငွေအတွက် ငွေကျပ် ၆၄၁ ဒသမ ၀၂၉ ဘီလီယံကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်က အစိုးရငွေတိုက်လက်မှတ်များ ဝယ်ယူခြင်းဖြင့် ဖြည့်ဆည်းမည်ဖြစ်ရာ ချေးငွေရယူနိုင်ရေး မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥပဒေပုဒ်မ (၉၁)ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ပြည်ထောင်စုလွှတ်တော်က ခွင့်ပြုပေးနိုင်ပါရန် ပြန်လည် ရှင်းလင်းတင်ပြသည်။

အလားတူ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ပြန်လည်ရှင်းလင်းတင်ပြသည်။

အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ လွှတ်တော်၏အဆုံးအဖြတ်ရယူရာ ထောက်ခံမဲများသဖြင့် လွှတ်တော်က သဘောတူအတည်ပြုကြောင်း ကြေညာသည်။

## စီမံကိန်းလုပ်ငန်း တစ်ခုချင်းအလိုက် ဆောင်ရွက်မှု ရှင်းလင်းတင်ပြ

၂၀၁၇ ခုနှစ် မတ် ၃၁ ရက်အထိ ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ဖြင့် ရယူထားသည့် ပြည်ပချေးငွေများနှင့်စပ်လျဉ်း၍ စီမံကိန်းလုပ်ငန်းတစ်ခုချင်းအလိုက် ဆောင်ရွက်ပြီးစီးမှုအခြေအနေကို လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်တို့က ရှင်းလင်းတင်ပြသည်။

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်က လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် ပြည်ပချေးငွေ (၂၀)ခုအနက် ဝန်ကြီးဌာနက အကောင်အထည်ဖော် ဆောင်ရွက်နေသည့် စီမံကိန်းမှာ (၁၄)ခုရှိပြီး အခြားဝန်ကြီးဌာနများနှင့် ပူးပေါင်းဆောင်ရွက်နေသည့် စီမံကိန်းမှာ (၂)ခုရှိပါကြောင်း၊ ချေးငွေစာချုပ်လက်မှတ်ရေးထိုးခြင်း မရှိသေးသည့်စီမံကိန်းမှာ (၄) ခုရှိပါကြောင်း။

ချေးငွေများမှာ JICA ချေးငွေ ဂျပန်ယန်းဘီလီယံ ၁၀၈ ဒသမ ၈၅၀၊ China Development Bank (CDB)USD သန်း ၁၆ ဒသမ ၄၀၈၊ World Bank USD သန်း ၄၅၀၊ ADB USD သန်း ၁၄၀၊ EXIM Bank of Korea USD သန်း ၁၀၀ နှင့် ဂျာမနီနိုင်ငံ ယူရိုသန်း ၂၃ ဒသမ ၈၈၃ တို့ ဖြစ်ပါကြောင်း။

JICA ချေးငွေဖြင့် ရန်ကုန်မြို့ရှိ ဓာတ်အားပေးစက်ရုံများ၊ ဓာတ်အားခွဲရုံနှင့် ဓာတ်အားလိုင်းများပြုပြင်ခြင်း၊ အမျိုးသားလျှပ်စစ်ဓာတ်အားပို့လွှတ်ရေးကွန်ရက် ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းအဆင့်(၁) မိတ္ထီလာခွဲရုံနှင့် တောင်ငူခွဲရုံ ဓာတ်အားလိုင်း စီမံကိန်း၊ အမျိုးသားလျှပ်စစ်ဓာတ်အားပို့လွှတ်ရေး ကွန်ရက် ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းအဆင့်(၂) ဘုရားကြီး-လှိုင်သာယာ ဓာတ်အားလိုင်း၊ ၅၀၀ ကေဗွီ ဘုရားကြီးခွဲရုံနှင့် လှိုင်သာယာခွဲရုံတို့ကို ဆောင်ရွက်လျက်ရှိပြီး ကျန်စီမံကိန်း(၄)ခုအတွက် ချေးငွေထုတ်ယူခြင်း မရှိသေးပါကြောင်း။

China Development Bank ချေးငွေဖြင့် အသုတ်-ပုသိမ် ဓာတ်အားလိုင်း ၃၀ ဒသမ ၂၅ မိုင်နှင့် ဓာတ်အားခွဲရုံနှစ်ရုံကို ဆောင်ရွက်ခဲ့ပါကြောင်း၊ ကမ္ဘာ့ဘဏ်ချေးငွေဖြင့် ၁၁၈ ဒသမ ၉ မဂ္ဂါဝပ် သထုံသဘာဝဓာတ်ငွေ့နှင့် စွန့်ပစ်အပူသုံး ဓာတ်အားပေးစက်ရုံစီမံကိန်းမှာ ယခုအခါ စမ်းသပ်မောင်းနှင်လျက်ရှိပြီး ဇွန်လတွင်အပြီးသတ် ဆောင်ရွက်ပြီးစီးမည် ဖြစ်ပါကြောင်း။

အာရှဖွံ့ဖြိုးရေးဘဏ် (ADB) ချေးငွေဖြင့် ရန်ကုန်၊ မန္တလေး၊ စစ်ကိုင်းနှင့် မကွေးတိုင်းဒေသကြီးများ ဓာတ်အားဖြန့်ဖြူးမှုတိုးတက်ရေးအတွက် ရန်ကုန်၊ မန္တလေး၊ စစ်ကိုင်း၊ မကွေးမြို့ကြီးများတွင် ၆၆ ကေဗွီ၊ ၃၃ ကေဗွီ ဓာတ်အားခွဲရုံများ အဆင့်မြှင့်တင်ခြင်း၊ သစ်သားတိုင်များအား ကွန်ကရစ်တိုင်ဖြင့် အစားထိုးလဲလှယ်ခြင်း၊ ACRS ကြိုးလဲခြင်း၊ ABC ကြိုးလဲခြင်းနှင့် Switch Bay တိုးချဲ့ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ EXIM Bank of Korea ချေးငွေဖြင့် ၅၀၀ကေဗွီ တောင်ငူ-ကမာနတ်(ဘုရားကြီး) ဓာတ်အားလိုင်း ၁၁၇ မိုင် တည်ဆောက်ခြင်းစီမံကိန်း လုပ်ငန်းများဆောင်ရွက်ရန် နိုင်ငံပိုင်သတင်းစာများမှ တင်ဒါခေါ်ယူခဲ့ပြီး ဖြစ်ပါကြောင်း။

ကမ္ဘာ့ဘဏ်ချေးငွေဖြင့် အမျိုးသားဓာတ်အားရရှိရေးစီမံကိန်းအတွက် Steel တိုင် ၂၉၄၆ လုံး၊ ထရန်စဖော်မာ ၅၀၀ နှင့် ကွန်ကရစ်တိုင် ၉၈၀၀ အား စီမံကိန်းလုပ်ငန်းခွင်နှင့်စတိုသို့ စတင်ပို့ဆောင်ပြီး ဖြစ်ပါကြောင်း၊ ဂျာမနီချေးငွေဖြင့် ရှမ်းပြည်နယ်တောင်ပိုင်း၊ တောင်ကြီးခရိုင်၊ လွိုင်လင်ခရိုင်နှင့် လင်းခေးခရိုင်အတွင်းရှိ ကျေးရွာများ လျှပ်စစ်ဓာတ်အားရရှိရေးအတွက် Consultant တင်ဒါများစိစစ်နေပြီဖြစ်ပြီး လုပ်ငန်းတင်ဒါခေါ်ယူရန် ပြင်ဆင်နေပြီဖြစ်ပါကြောင်း၊ အခြားဝန်ကြီးဌာနဖြင့် ပူးပေါင်းပြီး JICA ချေးငွေရယူ၍ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးဆိုင်ရာ ဒေသတွင်းဖွံ့ဖြိုးမှုစီမံကိန်း (အဆင့်၁)အတွက် ပြည်နယ်(၅)ခု၊ တိုင်းဒေသကြီး (၆)ခုတို့တွင် Diesel Generator ၁၂၈ လုံး တပ်ဆင်ခြင်းနှင့် (၄၀၀)ဗို့ ABC လိုင်း ၁၂၇ ဒသမ ၂၉၀ မိုင် တည်ဆောက်ခြင်း လုပ်ငန်းများကို ဆောင်ရွက်ခဲ့ရာ လုပ်ငန်းပြီးစီးနေပြီဖြစ်ပါကြောင်း၊ အခြားစီမံကိန်း(၁)ခုမှာ သီလဝါစက်မှုဇုန်ဓာတ်အားရရှိရေးအတွက် ၃၃ ကေဗွီ သန်လျင်-သီလဝါ ဓာတ်အားလိုင်းနှင့်ခွဲရုံ၊ သာကေတ-သီလဝါ ဓာတ်ငွေ့ပိုက်လိုင်းသွယ်တန်းခြင်း လုပ်ငန်းမျာကို ဆောင်ရွက်ပြီး လုပ်ငန်းအားလုံး ပြီးစီးနေပြီ ဖြစ်ပါကြောင်း။

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနက လျှပ်စစ်ကဏ္ဍအနေဖြင့် ချေးငွေစီမံကိန်း(၁၄) ခု၊ အခြားဝန်ကြီးဌာနနှင့် ပူးပေါင်းပြီး ချေးငွေရယူ၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် စီမံကိန်း(၂)ခုတို့ကို ချေးငွေစာချုပ်ပါ စည်းကမ်းချက်များအား တိကျစွာလိုက်နာပြီး အလေအလွင့် မရှိစေရန် ကြပ်မတ်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယက က ပြည်ပချေးငွေများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြခဲ့ခြင်းများအပေါ် ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး သတ္တမနေ့ကို ဇွန် ၅ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**မျိုးမြင့်၊ မျိုးသူဟိန်း(သတင်းစဉ်)**

# ဝိုင်းဝန်းကာကွယ်ထိန်းသိမ်းသွားကြရမည့် ရန်ကုန်တိရစ္ဆာန်ဥယျာဉ်အတွင်းမှ ရှေးဟောင်းအသားစားရုံ

ဒေါက်တာမြင့်သိန်း ( B . V . S )

**ကမ္ဘာပေါ်ရှိ တိရစ္ဆာန်ဥယျာဉ်များအနက် ရှေးကျသော တိရစ္ဆာန်ဥယျာဉ်တို့သည် အရှင်မွေး နေ့ချင်းကြီးဆိုသကဲ့သို့ အဘက်ဘက်က ပြီးပြည့်စုံသော၊ စံနမူနာထားထိုက်သော တိရစ္ဆာန်ရုံများအဖြစ် ရုတ်ခြည်းထွက်ပေါ်လာကြခြင်း မဟုတ်ကြချေ။ ဖော်ပြရန် ခက်ခဲသော အခက်အခဲပေါင်းများစွာကို ဖြတ်ကျော်လာခဲ့ရပါသည်။ တောရိုင်းတိရစ္ဆာန်များ၏ မူလသဘာဝ တောအတွင်းနေထိုင်ကျက်စားပုံဓလေ့စရိုက်များ၊ သဘာဝအမူအကျင့်များ၊ သားပေါက် ခြင်းနှင့် ဆက်စပ်သည့်အလေ့အထများ အစရှိသည့် အလွန်တရာ ရှုပ်ထွေးနက်နဲသိမ်မွေ့သော နည်းပညာရပ်ဆိုင်ရာအချက်အလက်များကို အခြေခံနိုင်သေးခြင်းမရှိဘဲ တောရိုင်းတိရစ္ဆာန်တည်းဟူသော အချက်သက်သက်ကိုသာ အခြေခံပြီး တိရစ္ဆာန်ရုံလုပ်ငန်းကို သူ့ထက်ငါဦးအောင် အပြိုင်အဆိုင် လုပ်ကိုင်လာခဲ့ကြခြင်းသာ ဖြစ်ပါသည်။**

ဤနေရာတွင် ကမ္ဘာပေါ်ရှိ သက်တမ်းအရင့်ဆုံး တိရစ္ဆာန်ရုံတစ်ခုကို ပြောပါဟုဆိုလျှင် ဩစတြီးယားနိုင်ငံ ဗီယင်နာမြို့ရှိ ရှောင်ပယောင် တိရစ္ဆာန်ဥယျာဉ် (Schonbrunn Zoo) ကို လက်ညှိုးထိုးပြသလိုပါသည်။ ထိုတိရစ္ဆာန်ရုံကို လွန်ခဲ့သော နှစ်ပေါင်း ၂၅၀ ကျော်ဖြစ်သော ၁၇ ရာစုကတည်းက တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး ရန်ကုန်တိရစ္ဆာန်ဥယျာဉ်ထက် နှစ် ၁၅၀ ကျော်ခန့် စောစီးစွာ တည်ဆောက်ပြီးစီးပေါ်ထွက်လာခဲ့သည့် တိရစ္ဆာန်ဥယျာဉ်တစ်ခု ဖြစ်ပါသည်။ ပြင်သစ်နိုင်ငံ ပါရီတိရစ္ဆာန်ဥယျာဉ်အား ၁၇၉၃ ခုနှစ်တွင် လည်းကောင်း၊ လန်ဒန်တိရစ္ဆာန်ဥယျာဉ်ကို ၁၈၂၆ ခုနှစ်တွင် လည်းကောင်း ဖွင့်လှစ်ခဲ့ကြပြီးသည့် နောက်ပိုင်းကာလများတွင် ကမ္ဘာ့နိုင်ငံအသီးသီး၌ တိရစ္ဆာန်ဥယျာဉ်အများအပြား တည်ထောင်ဖွင့်လှစ်ခဲ့ကြပါသည်။ ထိုသို့ပြသရာတွင် တောရိုင်းတိရစ္ဆာန်များအား သံတိုင်များကာရံ၍ လည်းကောင်း၊ ခြံစည်းရိုးများခတ်၍ လည်းကောင်း၊ ကျင်းများတူးကာ ထည့်သွင်းပြသခြင်းဖြင့် လည်းကောင်း ပြသခဲ့ကြပါသည်။

တစ်ချိန်တစ်ခါက ကမ္ဘာပေါ်တွင် တိရစ္ဆာန်ရုံဟူ၍ ပေါ်ပေါက်လာခဲ့ရသည့်အကြောင်းအရင်းကို ပြန်ပြောင်းလေ့လာသော် စတင်တည်ထောင်သူတို့သည် သက်ဦးဆံပိုင်ဘုရင်များ၊ မင်းစိုးရာဇာများ၊ စော်ဘွားကြီးများ အစရှိသူတို့သာလျှင် ဖြစ်ကြပြီး ၎င်းတို့၏ ပိုင်ဆိုင်မှုဓနအင်အားနှင့် နောက်လိုက်နောက်ပါအင်အားကြီးမှုတို့ကို ထုတ်ဖော်ပြသရန်အတွက် သက်သက်သာ ရည်ရွယ်ရင်းရှိကြပြီး ခေတ်သစ်တိရစ္ဆာန်ဥယျာဉ်တစ်ခု၏ လားရာကို လားလားမျှ ချဉ်းကပ်နိုင်မှုမရှိခဲ့ကြချေ။ ထိုမှတစ်ဖန် ၁၉ ရာစုနှောင်းပိုင်းတွင် တဖြည်းဖြည်း တိရစ္ဆာန်ဥယျာဉ်နှင့် ပတ်သက်သော အတွေးအခေါ် အယူအဆများ တစ်စထက်တစ်စ ပြောင်းလဲလာကြပြီး ယခုအခါတွင် ဂုဏ်သိက္ခာရှိသော တိရစ္ဆာန်ဥယျာဉ် တည်ထောင်လုပ်ကိုင်နေသူတို့သည် မိမိနိုင်ငံအတွင်းရှိ ဇီဝမျိုးစုံမျိုးကွဲများ မျိုးသုဉ်းပျောက်ကွယ်မသွားစေရေးအတွက် တိရစ္ဆာန်ဥယျာဉ်များကို အကောင်းဆုံးသော နောက်ဆုံးခံစစ်ကြောင်းများအနေဖြင့် ရပ်တည်အကောင်အထည်ဖော်ရန်အတွက် လုပ်ဆောင်လာကြသည်။

ဤနေရာတွင် အများပြည်သူအတွက် ဗဟုသုတအလို့ငှာ ထပ်မံဖော်ပြလိုသည်က ရန်ကုန်တိရစ္ဆာန်ဥယျာဉ်၏ ဖြစ်တည်လာပုံသမိုင်းကြောင်းဖြစ်ပါသည်။ ရန်ကုန်တိရစ္ဆာန်ဥယျာဉ်ကို ဗြိတိသျှအစိုးရလက်ထက်တွင် စတင်တည်ထောင်ခဲ့ပါသည်။ မြန်မာပြည်ကို ဗြိတိသျှတို့ အုပ်စိုးစဉ်က ဝန်ရှင်တော်မင်းကြီး ဆာအာသာဖယ်ရာ (Sir Arthur Phayre) သည် မြန်မာပြည်မှ ကျေးငှက်တိရစ္ဆာန်များအား အထူးစိတ်ပါဝင်စားသောကြောင့် ၎င်းတို့ကို စုဆောင်းပြီးလျှင် လှောင်အိမ်ငယ်များတွင် မွေးမြူထားသည်။ ထိုအချိန်မှာ ၁၈၆၇ ခုနှစ်ခန့်က ဖြစ်ပြီး ၁၈၈၂ ခုနှစ်တွင် ယခု ရန်ကုန်ပြည်သူ့ဆေးရုံကြီးနေရာ၌ ဖယ်ယာပြတိုက်ဖွင့်လှစ်ကာ ၎င်းပြတိုက်တွင် ထိုတောရိုင်းတိရစ္ဆာန်များကိုလည်း လှောင်အိမ်ငယ်များဖြင့် ပြသခဲ့သည်။ ထိုစဉ်က ထိုနေရာမှာ ဖယ်ယာပြတိုက်နှင့် သစ်ပင်ပန်းမန်တိုးပွားရေးအသင်းတိုက် (Agri Horticultural Society of Burma ) ၏ တည်ရာဌာနဖြစ်ပါသည်။ ၁၉၀၁ ခုနှစ်တွင် ဝိတိုရိယဘုရင်မကြီး (ခရစ်နှစ် ၁၈၁၉-၁၉၀၁ ခုနှစ်)၏ နန်းသက် ၂၅ နှစ်မြောက် အထိမ်းအမှတ်အဖြစ် သီးခြားတိရစ္ဆာန်ဥယျာဉ်တစ်ခု တည်ထောင်ရန် လူထုထံမှကောက်ခံရရှိသော အလှူငွေများဖြင့် ကန်တော်ကြီးအနီးရှိ မြေရိုင်း ၆၁ ဧကကို ခုတ်ထွင်ရှင်းလင်း၍ ယခု လက်ရှိ တိရစ္ဆာန်ဥယျာဉ်ကို တည်ထောင်ခဲ့ပြီး ၁၉၀၆ ခုနှစ် ဇန်နဝါရီလတွင် အင်္ဂလန်ပြည် ဝေလမင်းသားနှင့် ကြင်ရာတော် (နောင်တွင် ပဉ္စမ ဂျော့ဘုရင် ခရစ်နှစ် ၁၈၅၆-၁၉၃၆ ခုနှစ်နှင့် မေရီမိဖုရား)တို့က အခမ်းအနားဖြင့် ဖွင့်လှစ်ကာ ဝိတိုရိယဘုရင်မ အထိမ်းအမှတ်ပန်းခြံနှင့် တိရစ္ဆာန်ဥယျာဉ် (Victoria Memorial Parks and Zoological Gardens) ဟု ကမ္ပည်းတပ်ကာ ဖွင့်လှစ်ခဲ့သည်။

ဆက်လက်၍ ၁၉၀၈ ခုနှစ်တွင် ရန်ကုန်တိရစ္ဆာန်ဥယျာဉ် အက်ဥပဒေပြဋ္ဌာန်းခဲ့ပြီး ထိုအက်ဥပဒေအပိုဒ် (၂)အရ "ရန်ကုန်တိရစ္ဆာန်ဥယျာဉ်"ဟု အမည်ပေးကာ ရန်ကုန်တိရစ္ဆာန်ဥယျာဉ်ထိန်းသိမ်းရေးအဖွဲ့ (Board of Trustees ) ကို ဖွဲ့စည်းအုပ်ချုပ်စေခဲ့ပါသည်။ ၁၉၂၃ ခုနှစ်တွင် ရန်ကုန်တိရစ္ဆာန်ဥယျာဉ်အတွင်းမှ မြေနေရာ ဧက ၂၀ ကို ပန်းမန်ဥယျာဉ်တည်ထောင်ရန်အတွက် သစ်ပင်ပန်းမန်တိုးပွားရေးအသင်းတိုက်သို့ လွှဲပြောင်းပေးခဲ့ရပါသည်။

ဤကဲ့သို့ ၁၉၀၆ ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့သော ရန်ကုန်တိရစ္ဆာန်ဥယျာဉ်ကို ၁၉၆၂ ခုနှစ်မှစတင်ကာ ပြုပြင်ပြောင်းလဲမှု အများအပြား ပြုလုပ်ခဲ့ပါသည်။ အထူးသဖြင့် တိရစ္ဆာန်ခြံဝင်းလှောင်အိမ်များနှင့် ပတ်သက်ပြီး ပြုပြင်ပြောင်းလဲမှုများ၊ လာရောက်လည်ပတ်သူများအတွက် နှစ်လိုဖွယ်ဖြစ်စေသော အစီအမံများ၊ တိရစ္ဆာန်ကျေးငှက်စီမံခန့်ခွဲမှုလုပ်ငန်းများ၊ ပညာပေးလုပ်ငန်းများ၊ တိရစ္ဆာန်ကျေးငှက်များအား နေရင်းဒေသ ပြင်ပမျိုးပွားရေးနှင့် ထိန်းသိမ်းကာကွယ်ရေးလုပ်ငန်းများ အစရှိသည်တို့ကို ကာလတို၊ ကာလရှည် စီမံချက်ချ လုပ်ဆောင်ခဲ့ပါသည်။ ဥပမာအနေဖြင့် ယခုအခါတွင် ကျား ၁၃ ကောင်အပါအဝင် ခြင်္သေ့များ၊ ကျားသစ်များနှင့် အမေရိကန်ကျားသစ်များ ထည့်သွင်းပြသထားသော ကျယ်ဝန်းပြီး တိရစ္ဆာန်များ ကောင်းစွာ ပြေးလွှားသွားနိုင်သည့် သုံးဖက်မြင် ကျား၊ ခြင်္သေ့ရုံကြီးများကို လည်းကောင်း၊ ငှက်ကြီးဝန်ပိုများပင် လွတ်လပ်စွာ ပျံသန်းနိုင်သည့် ငှက်ရုံကြီးများကို လည်းကောင်း ခေတ်နှင့်အညီ လိုက်ဖက်ညီစွာ တည်ဆောက်ခဲ့ကြပါသည်။

သို့ပါသော်လည်း ဤနေရာတွင် စာရှုသူများကို ရန်ကုန်တိရစ္ဆာန်ဥယျာဉ်အတွင်းရှိ ရှေးဟောင်းတိရစ္ဆာန်လှောင်အိမ်တစ်ခုနှင့်ပတ်သက်၍ စိတ်ဝင်စားဖွယ် တင်ပြလိုပါသေးသည်။ ဤကဲ့သို့ သက်တမ်း ၁၁၂နှစ်ကျော်ကြာမြင့်ခဲ့ပြီးဖြစ်သည့် ရန်ကုန်တိရစ္ဆာန်ဥယျာဉ်အတွင်းတွင် ထိုမိတ်ဆက်ပေးလိုသည့် အဆောက်အအုံသည် ယနေ့အထိတိုင် နှစ်ပေါင်း ၁၀၃ နှစ်ကျော်ကြာ မယိုင်မလဲ၊ မပျက်မစီး နဂိုမူလလက်ရာအတိုင်း တည်ရှိနေဆဲသာဖြစ်ပြီး အကယ်၍ အခွင့်အရေးများ ကြုံကြိုက်ခဲ့မည်ဆိုလျှင် နေဝင်ရီတရော မိုးမှောင်မှောင် ညမိုက်ရက်များတွင် ထိုအဆောက်အအုံ၏ ခပ်လှမ်းလှမ်း မျက်စောင်းထိုးရှိ အလီမူလာလှူဒါန်းခဲ့သော ငှက်လှောင်အိမ်များ (အလီမူလာကုန်း)နေရာမှ အထက်ဖော်ပြပါ အဆောက်အအုံကို လှမ်းမျှော်ကြည့်လိုက်လျှင် မှောင်ကုတ်ကုတ်နှင့် ရဲတိုက်ကြီးတစ်ခုအလား ထင်မှတ်မှားမိစေနိုင်လောက်သည်ဟု ရေးရလျှင် လွန်အံ့ဟု မထင်မိပေ။ ၁၉၈၁ ခုနှစ် ဘွဲ့ရသည်မှစ၍တိရစ္ဆာန်ဆေးကုဆရာဝန်ဘဝဖြင့် နေ့ညမပြတ် နေ့တာဝန်၊ ညတာဝန်များနှင့်အတူ တစ်ချိန်က ၆၉ ဒသမ ၂၅ ဧက ကျယ်ဝန်းခဲ့သော ထိုဥယျာဉ်ကြီးကို နေရာမလပ် တရစပ် မွှေနှောက်ကျင်လည်ခဲ့သော ကျွန်တော့်အဖို့မူ ထိုအဆောက်အအုံကြီးအား လှည့်ပတ်ကြည့်ရှုခဲ့မိသည်မှာ အကြိမ်ပေါင်း မရေတွက်နိုင်ခဲ့။ အမိုးအုတ်ကြွပ်ပြားများကြားမှာလည်း



ယခုထက်တိုင်ပင် မိုးတစ်ပေါက်ပင်မယိုခဲ့။ ပို၍ထူးသည်က အနိဋ္ဌာရုံဆိုးများဖြင့် ကျော်ကြားသော ဒုတိယကမ္ဘာစစ်ကိုလည်း သူကြံ့ကြံ့ခံခဲ့သည်။ တစ်ဖန် သူ့ခေါင်းပေါ်မှ ကျွမ်းထိုးမှောက်ခုံကျော်လွှားကြသော ဗြိတိသျှစစ်လေယာဉ်ပျံများကိုလည်း သူမမှုခဲ့ပြန်ပါချေ။ ထိုမျှမကသေး ဂျပန်လေယာဉ်များ၏ ဗုံးစက်ကွင်းကိုပါ သီသီလေး ရှောင်လွှဲနိုင်ခဲ့ပြန်ပါသေးသည်။ ဤကဲ့သို့ စိတ်ဝင်စားဖွယ်ကောင်းသော ထိုအဆောက်အအုံသည်ကား သတ္တမမြောက် အက်ဒဝပ်ဘုရင် ၁၉၁၅ အသားစားရုံ (KING EDWARD VII 1915 CARNIVORA HOUSE) ဟု စာတန်းရေးထိုးထားသည့် အဆောက်အအုံပင်ဖြစ်တော့သည်။ ထိုအဆောက်အအုံကို ယခုအခါ ဖျံများ ပြသထားရှိရာ ပြကွင်းအနီး တောင်ကုန်းပေါ်တွင် တည်ဆောက်ထားရှိခဲ့သည်။ တစ်ချိန်က အသားစားတိရစ္ဆာန်ကြီးများကို ပြသထားရှိခဲ့သကဲ့သို့ ယခုထက်တိုင်လည်း ကျားဖြူများကို ထည့်သွင်းပြသ အသုံးပြုနိုင်သေးသည်အထိ တောင့်တင်းခိုင်ခံ့လျက်ရှိနေပါသေးသည်။ အကယ်၍များ ထိုကျားရုံဘေးရှိ နံရံကပ်သံတန်းလှေကားများမှနေ၍ အပေါ်သို့ တွယ်တက်ကာ ကျားအခန်းများ၏ အမိုးပေါ်သို့ တက်ရောက်ကြည့်ရှုခွင့်များ ကြုံကြိုက်ခဲ့လျှင် ဆန်းပြားသော မြင်ကွင်းများ မြင်တွေ့ရနိုင်သည်ဟူ၍သာ ဆိုချင်ပါသည်။ ပို၍ထူးခြားသည်က ထိုကျားရုံကြီး၏ ကျားရေစိမ်ကန်များပါသော နောက်ခန်းလွတ်ကွင်းများ၏ အခန်းဖွဲ့စည်းတည်ဆောက်ထားပုံဒီဇိုင်းများသည် လွန်ခဲ့သောနှစ်ပေါင်း ၂၅၀ ကျော်က တည်ဆောက်ခဲ့သော ရှောင်ပယောင်တိရစ္ဆာန်ဥယျာဉ်ကြီး၏ အသားစားရုံဒီဇိုင်းများနှင့် အချို့သော အစိတ်အပိုင်းများ တူညီနေကြခြင်းကို အံ့ဖွယ်မြင်တွေ့ရသည်။ ဆိုလိုသည်က ရန်ကုန်တိရစ္ဆာန်ဥယျာဉ်ရှိ ကျားရုံဟောင်း၏ ပုံပန်းသဏ္ဌာန်သည် ၁၉ ရာစုနှစ် အစောပိုင်းကာလများက တည်ဆောက်ထားခဲ့သည်ဟုဆိုပါသော်လည်း အမှန်မှာ ပို၍ရှေးကျသော ၁၇ ရာစု အလယ်ပိုင်းခေတ်ကာလများကတည်းက လက်ရာများသာဖြစ်ပေသည်။ သို့အတွက် အလွန့်အလွန်ပင် ရှေးကျလွန်းသော နှစ်လိုဖွယ် အဆောက်အအုံဟောင်းတစ်ခုအဖြစ် ယခုထက်တိုင် ထိန်းသိမ်းလာနိုင်ခဲ့ခြင်းသည် ရန်ကုန်တိရစ္ဆာန်ဥယျာဉ်အတွက်သာမက နိုင်ငံတော်အတွက်ပါ ဂုဏ်ယူဝင့်ကြွားဖွယ်ဖြစ်ပါသည်။

ထပ်မံ၍ တင်ပြလိုသေးသည့် အကြောင်းအရာက ဤအဆောက်အအုံ၏ နဖူးစည်းစာတန်းတွင် ရေးသွင်းဖော်ပြဂုဏ်ပြုခြင်းခံရသူ အက်ဒဝပ်ဘုရင်(၁၈၄၁- ၁၉၁၀) ၏အကြောင်းအရာဖြစ်ပါသည်။ အဆိုပါ နတ်ရွာစံဘုရင်ကြီးအား ချစ်ခင်မြတ်နိုးကြသော ဥရောပနှင့် ရန်ကုန်မြို့နေ လူတန်းစားအလွှာအသီးသီးမှ ထိုဘုရင်ကြီးအတွက် ထာဝရအောက်မေ့ဖွယ် အထိမ်းအမှတ်အဖြစ် ရုပ်တုတစ်ခုကို ရန်ကုန်မြို့၏ အထင်ကရနေရာတစ်ခုတွင် ထားရှိရန်နှင့် ပိုလျှံငွေကို ဝိတိုရိယဘုရင်မ အထိမ်းအမှတ်ပန်းခြံ (Victoria Memorial Park ) (နောင်တွင် ရန်ကုန်တိရစ္ဆာန်ဥယျာဉ်ဖြစ်လာ) သို့ လှူဒါန်းရန် ဆုံးဖြတ်ခဲ့ကြပါသည်။ ထိုသို့ဆုံးဖြတ်ခဲ့ကြသည့်အတိုင်း အက်ဒဝပ်ဘုရင်ကြီး၏ရုပ်တုကို ဒါလဟိုဇီပန်းခြံ (ယခု ဗိုလ်ချုပ်အောင်ဆန်းပန်းခြံ) ဝင်း၌ သတ္တမမြောက် အက်ဒဝပ်ဘုရင်၏ ကြေးရုပ်တုကို ထုလုပ်ထားရှိပြသခဲ့ပါသည်။ သို့သော် ထိုရုပ်တုမှာ ကံအကြောင်းမလှစွာဖြင့် ဒုတိယကမ္ဘာစစ်အတွင်း ဂျပန်ခေတ်အခါတွင် ဖယ်ရှားခံခဲ့ရသည်ဟု မှတ်သားသိရှိရပါသည်။ ထိုမှတစ်ဖန် လွတ်လပ်ရေးရပြီးနောက် ထိုကြေးရုပ်နေရာတွင် မြန်မာပြည်၏ လွတ်လပ်ရေးဖခင်ဖြစ်သူ ဗိုလ်ချုပ်အောင်ဆန်း၏ ဗိုလ်ချုပ်ကြေးရုပ်ကို ၁၉၅၅ ခုနှစ် ဖေဖော်ဝါရီလ ၁၃ ရက်နေ့တွင် ထားရှိဖွင့်လှစ်ခဲ့ကြောင်းကိုလည်း ရှာဖွေမှတ်သား သိရှိခဲ့ရပါသည်။ အဆိုပါ အက်ဒဝပ်ဘုရင်၏ ကြေးရုပ်တု၏ နောက်ဆက်တွဲဇာတ်လမ်းကို ဆက်လက်တင်ပြရသော် ထိုရုပ်တုဆောက်လုပ်ခြင်းမှ ပိုလျှံငွေများဖြင့် ရန်ကုန်တိရစ္ဆာန်ဥယျာဉ်အတွင်း သတ္တမမြောက် အက်ဒဝပ်ဘုရင် ၁၉၁၅ အသားစားရုံ (KING EDWARD VII 1915 CARNIVORA HOUSE) ဟု နဖူးစည်းစာတန်းတပ်ကာ တည်ဆောက်လှူဒါန်းခဲ့ကြသည့်အတွက် ထိုအဆောက်အအုံသည် ရန်ကုန်တိရစ္ဆာန်ဥယျာဉ်အတွင်း ငွားငွားစွင့်စွင့် ပေါ်ထွက်လာခဲ့သည်မှာ ယနေ့ထိအောင်ပင် ဖြစ်ပါသည်။

ဤကဲ့သို့ ရှေးဟောင်းအခြေအနေကို ထိန်းသိမ်းပြသသော Menagerie Zoo များ ယနေ့ထက်တိုင်ပင် ကမ္ဘာ့နိုင်ငံအများအပြားတွင် ကျန်ရှိနေပါသေးသည်။ ဥပမာအားဖြင့် ပြင်သစ်နိုင်ငံ ပါရီမြို့ရှိ ပါရီတိရစ္ဆာန်ဥယျာဉ်ငယ်မှာ ယနေ့ထက်တိုင် ရှေးဟောင်း ပြကွင်းပြကွက် အခြေအနေများအတိုင်း ဆက်လက်ထိန်းသိမ်းထားသော တိရစ္ဆာန်ဥယျာဉ်အဖြစ် ကမ္ဘာတွင် ထင်ရှားကျော်ကြားပါသည်။

သို့ပါ၍ အချုပ်အားဖြင့်တင်ပြရမည်ဆိုလျှင် သက်တမ်းရင့်လွန်း ရန်ကုန်တိရစ္ဆာန်ဥယျာဉ်အတွင်း လိုက်ဖက်ညီစွာ ယခုထက်တိုင် ကျန်ရှိနေဆဲဖြစ်ကာ သက်တမ်း ၁၀၃ နှစ် ကြာမြင့်ပြီးဖြစ်သည့် အထက်ပါ အသားစားရုံ(ကျားရုံ)ကြီးအား ရှေးဟောင်းအမွေအနှစ်တစ်ခုအနေဖြင့် ဆက်လက်ထိန်းသိမ်းစောင့်ရှောက်ရာတွင် အများပြည်သူအပေါင်းကလည်း ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြပါရန် တိုက်တွန်းလိုက်ရပါသည်။

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် သံချပ်ကာယန္တရားသင်တန်းကျောင်းအတွင်း လှည့်လည်ကြည့်ရှု



**နေပြည်တော် မေ ၃၁**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့မွန်းလွဲပိုင်းတွင် ကျောက်ဆည် တပ်နယ် သံချပ်ကာယန္တရားသင်တန်းကျောင်းရှိ နည်းပြ အရာရှိ၊ စစ်သည်များနှင့် သင်တန်းသားအရာရှိ၊ စစ်သည် များအား တွေ့ဆုံအမှာစကားပြောကြားသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တပ်မတော် ဆိုသည်မှာ နိုင်ငံတော်၏အစိတ်အပိုင်းတစ်ခုဖြစ်ပြီး နိုင်ငံတော်အတွင်း နေထိုင်ကြသူများအားလုံး ကြိုးစား ဆောင်ရွက်လျှင် တိုင်းပြည်တိုးတက်ကောင်းမွန်မည်ဖြစ် ကြောင်း၊ တပ်မတော်သားတိုင်းတစ်ဦးချင်းကြိုးစား ဆောင်ရွက်ခြင်းဖြင့်လည်း နိုင်ငံတော်ကို အထောက်အကူ ပြုသည့် တပ်မတော်တစ်ရပ်ဖြစ်ရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိကိုယ်ကို သစ္စာရှိရန်၊ တပ်မတော်အပေါ် သစ္စာရှိရန်၊ နိုင်ငံတော်အပေါ် သစ္စာရှိရန် လိုအပ်ကြောင်းမှာကြား သည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က သင်တန်းကျောင်းမှ အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် သုတ၊ ရသ စာအုပ်စာစောင်များပေးအပ်ရာ ကျောင်းအုပ် ကြီးက လက်ခံရယူသည်။

ထို့နောက် ကာကွယ်ရေးဦးစီးချုပ်(ရေ)ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး မောင်မောင်ကျော်တို့က အားကစားပစ္စည်းများနှင့် ရွှေဖီဦး အသင့်ဖျော်လက်ဖက်ရည်ထုပ်များကို ပေးအပ်ရာ တာဝန်ရှိ သူများက လက်ခံရယူကြသည်။

ဆက်လက်၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် သင်တန်းကျောင်းအတွင်းရှိ ယာဉ် ယန္တရား သင်ထောက်ကူပစ္စည်းပုံစံ သရုပ်ပြခန်းများအတွင်း လှည့်လည် ကြည့်ရှုစစ်ဆေးပြီး**(ဓာတ်ပုံ)** သင်တန်းသားများ နှင့်အတူ နေ့လယ်စာ အတူတကွသုံးဆောင်ကြသည်။

ထို့နောက် သင်တန်းကျောင်းအစည်းအဝေးခန်းမ၌ ကျောင်းအုပ်ကြီးက သင်တန်းများ ဖွင့်လှစ်သင်ကြားနေမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်က လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မော်တော်ယာဉ်တင်သွင်းခြင်းနှင့် သက်ဆိုင်သောလုပ်ငန်းများ ကြီးကြပ်ရေးကော်မတီ အစည်းအဝေးကျင်းပ



**နေပြည်တော် မေ ၃၁**

မော်တော်ယာဉ်တင်သွင်းခြင်းနှင့် သက်ဆိုင်သောလုပ်ငန်းများ ကြီးကြပ် ရေးကော်မတီ(၂/၂၀၁၈) အစည်း အဝေးကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာန အစည်း အဝေးခန်းမ၌ ကျင်းပရာ မော်တော် ယာဉ်တင်သွင်းခြင်းနှင့် သက်ဆိုင်သော လုပ်ငန်းများ ကြီးကြပ်ရေးကော်မတီ ဥက္ကဋ္ဌ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ် ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် တက်ရောက် အမှာစကား ပြောကြားသည်။**(ဓာတ်ပုံ)**

မော်တော်ယာဉ်တင်သွင်းခြင်းနှင့် သက်ဆိုင်သောလုပ်ငန်းများကြီးကြပ် ရေးကော်မတီအနေဖြင့် ပြည်ပမှ တင်သွင်းယာဉ်များကို ထုတ်လုပ် သည့်ခုနှစ် သတ်မှတ်ချက်ကို တိုးမြှင့် သတ်မှတ်ခဲ့ပြီး ပြည်တွင်းထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေးကို ဦးစားပေး ဆောင်ရွက်ခဲ့ပါကြောင်း၊ ပြည်တွင်း ထုတ်လုပ်မှုတွင်လည်း ကုန်စည် ပို့ဆောင်ရေးနှင့် လုပ်ငန်းများတွင် အဓိကလိုအပ်ချက်ရှိသည့် ကုန်တင် ယာဉ်များ၊ ခရီးသည်တင်ယာဉ်များ ထုတ်လုပ်နိုင်ရန်အတွက် ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ကြီးကြပ်ရေး ကော်မတီတွင် ပါဝင်သည့်ဌာနဆိုင်ရာ အသီးသီးမှလည်း ဝိုင်းဝန်းဆွေးနွေး အကြံပြုပေး ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြ သည့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူ များကလည်း မိမိတို့လုပ်ငန်းကဏ္ဍ အလိုက် ဆွေးနွေးတင်ပြကြရာ တင်ပြချက်များအပေါ် ပြည်ထောင်စု ဝန်ကြီးက ညှိနှိုင်းပေါင်းစပ်ပေး သည်။

**သတင်းစဉ်**

# ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ အခမ်းအနားကျင်းပ

**နေပြည်တော် မေ ၃၁**

ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ (၂၀၁၈)အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၌ ကျင်းပရာ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဒေါက်တာမြင့်ထွေး တက်ရောက်အဖွင့်အမှာ စကားပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ မေ ၃၁ ရက်ကို ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ဟု သတ်မှတ်ခဲ့ပြီး ၁၉၈၉ ခုနှစ်မှစ၍ ကမ္ဘာတစ်လွှား၌ နှစ်စဉ် ကျင်းပလျက်ရှိကြောင်း၊ ယခုနှစ်ကို နှလုံးသွေးကြောရောဂါ ကင်းဝေးဖို့ ဆေးလိပ်၊ ဆေးရွက်ကြီးရှောင်ကြဉ်စို့ (Tobacco Breaks Hearts; Choose health, not tobacco) ဆောင်ပုဒ်ဖြင့် ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက် ပစ္စည်းသောက်သုံးမှုအန္တရာယ်ကို လူအများပိုမိုသိရှိ နားလည် သတိပြုလာရန် ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ကြောင်း။

ဆေးလိပ်နှင့် ဆေးရွက်ကြီးသောက်သုံးခြင်းသည် နှလုံးနှင့် သွေးကြောရောဂါများသာမက အဆုတ်ကင်ဆာ၊ ပါးစပ်ကင်ဆာအပါအဝင် ကင်ဆာရောဂါ ၁၆ မျိုးခန့်၊ ဦးနှောက်သွေးကြောပေါက်၍ လေဖြတ်ခြင်း၊ နာတာရှည် အဆုတ်ရောဂါ၊ ခြေလက်များပုပ်ခြင်း၊ အမျိုးသားများတွင် ပန်းသေ၊ ပန်းညှိုးဖြစ်ခြင်း စသည့် မကူးစက်တတ်သော ရောဂါ အမျိုးမျိုးကိုဖြစ်စေကြောင်း။

မြန်မာနိုင်ငံတွင် ဆေးလိပ်နှင့် ဆေးရွက်ကြီးထိန်းချုပ်ရေး လုပ်ငန်းကို ဆောင်ရွက်နေသည်မှာ နှစ်များစွာကြာမြင့် နေပြီဖြစ်သော်လည်း ဆေးလိပ်သောက်သုံးသူ ပိုများ လာခြင်း၊ ဆေးလိပ်သောက်သုံးခြင်းနှင့် ဆက်စပ်နေသော မကူးစက်တတ်သောရောဂါများ ပိုမိုများပြားလာသည်ကို တွေ့နေရ၍ ဘာကြောင့် ဤသို့ဖြစ်ရသည်ကို ပြန်လည် သုံးသပ်လျက်ရှိပါကြောင်း။

မိမိကိုယ်တိုင် ဆေးလိပ်သောက်သုံးမှုမရှိသော်လည်း ပတ်ဝန်းကျင်ရှိ အခြားသူများ၏ သောက်သုံးမှုကြောင့်




တစ်ဆင့်ခံဆေးလိပ်ငွေ့ရှူရှိုက်ခြင်း (secondhand smoke) သည် မိမိ၏ကျန်းမာရေးကို ဆိုးရွားစွာထိခိုက်စေသည် သာမက ကင်ဆာရောဂါဖြစ်ပွားနိုင်ခြေသည် ၃၀ ရာခိုင်နှုန်း ခန့် ပိုမိုများပြားသည်ကို သိနားလည်ရန် အရေးကြီးပါ ကြောင်း၊ အထူးသဖြင့် ကိုယ်ဝန်ဆောင်မိခင်များအနေဖြင့် သူတစ်ပါး၏ ဆေးလိပ်ငွေ့ရှူရှိုက်မိခြင်းကြောင့် မွေးချိန် မတိုင်မီ စော၍မွေးဖွားခြင်း၊ ကိုယ်အလေးချိန်မပြည့်သော ကလေးများမွေးဖွားခြင်း၊ ဉာဏ်ရည်မမီသော ကလေး များမွေးဖွားခြင်း၊ ကလေးငယ်ရုတ်တရက်သေဆုံးခြင်းများ ဖြစ်နိုင်သည်ကို အထူးဂရုပြုရန်လိုအပ်ပါကြောင်း။

ဆေးလိပ်ရောင်းသူများ၊ ထုတ်လုပ်သူများအနေဖြင့် မိမိတို့သည် ပြည်သူလူထု၏ ကျန်းမာရေးကို အန္တရာယ်ရှိစေ သည့်ပစ္စည်းများအား ရောင်းနေသူများ၊ ထုတ်လုပ်နေသူများ ဖြစ်သည်ကို သိရှိရန်လိုအပ်ကြောင်း။

ဆေးလိပ်ကြောင့် ပြည်သူ့ကျန်းမာရေးအဆင့်အတန်း နှင့် ကျန်းမာရေးကဏ္ဍတစ်ခုလုံးအပေါ် သက်ရောက်မှုက အလွန်ဆိုးရွားကြီးမားသည့်အတွက် "ဆေးလိပ်ဆိုသော အရာ"၊ "ဆေးလိပ်နှင့် ဆေးရွက်ကြီးသောက်သုံးခြင်း" သည် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ပြည်သူ များ၏ အဓိကရန်သူကြီးဖြစ်သည်ကို ပြောကြားလိုကြောင်း မှာကြားသည်။

ထို့နောက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ဌာနေကိုယ်စားလှယ် က ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အရှေ့တောင်အာရှဒေသဆိုင်ရာ ရုံး ညွှန်ကြားရေးမှူး၏ သဝဏ်လွှာကိုဖတ်ကြားပြီး ကမ္ဘာ့ ဆေးလိပ်မသောက်ရေးနေ့ အထိမ်းအမှတ် မှတ်တမ်းဗီဒီယို ကို ပြသကာ ဆေးလိပ်ငွေ့ကင်းစင် တက္ကသိုလ်တစ်ခွင် လုပ်ငန်းအတိုးတက်ဆုံး ဆောင်ရွက်နိုင်ဆုံးသောတက္ကသိုလ် များအား ဆုများချီးမြှင့်သည်။ ထို့နောက် ပြည်ထောင်စု ဝန်ကြီးနှင့် ဧည့်သည်တော်များသည် "ကမ္ဘာ့ဆေးလိပ် မသောက်ရေးနေ့(၂၀၁၈)" အထိမ်းအမှတ် ပြခန်းငယ်အား လှည့်လည်ကြည့်ရှုခဲ့ကြောင်းသိရသည်။

**သတင်းစဉ်**

# ကော့ကရိတ်၌ မူးယစ်ဆေးဝါးဆန့်ကျင်ရေး ဆိုင်းဘုတ် စိုက်ထူ

**ကော့ကရိတ် မေ ၃၁**

ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ် ကော့ဘိန်းနယ်မြေ ရဲစခန်းပိုင် ကော့ဂိုးကျေးရွာအုပ်စု ကော့ဂိုးကျေးရွာ၌ မှုခင်းအသိပညာပေးဟောပြောပွဲနှင့် မူးယစ်ဆေးဝါး ဆန့်ကျင်ရေးဆိုင်းဘုတ် စိုက်ထူပွဲအခမ်းအနားကို မေ ၃၀ ရက် နံနက် ၉ နာရီခွဲက ကော့ဘိန်းနယ်မြေရဲစခန်းပိုင် ကော့ဂိုးကျေးရွာ မူကြိုကျောင်းရှေ့၌ ကျင်းပသည်။

ထို့နောက် ကော့ဘိန်းနယ်မြေရဲစခန်းမှူး ရဲအုပ် သောင်းထွန်းက သက်ငယ်မုဒိမ်းမှု၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း နည်းဥပဒေများအကြောင်းကို လည်းကောင်း၊ မီးသတ်ဦးစီးဌာန လက်ထောက်ဦးစီးမှူး ဦးအောင်သန်းဝင်း က မီးဘေးကြိုတင်ကာကွယ်ရေးကို လည်းကောင်း၊ ကျေးရွာ အုပ်ချုပ်ရေးမှူး မင်းအောင်ရှိန်က ကျေးရွာလုံခြုံရေးနှင့် ဒုစရိုက်မှုများ ပပျောက်ရေးကို လည်းကောင်း ဟောပြော ကြပြီး တက်ရောက်လာကြသူများအား အသိပညာပေး လက်ကမ်းစာစောင်များ ဝေငှပေးခဲ့ကြောင်း သိရသည်။

ဆက်လက်၍ နံနက် ၁၀ နာရီတွင် ကော့ဂိုးကျေးရွာ မူကြိုကျောင်းရှေ့သွားလမ်းဘေးတွင် မူးယစ်ဆေးဝါး ဆန့်ကျင်ရေးဆိုင်းဘုတ်ကို စုပေါင်းစိုက်ထူပေးခဲ့ကြောင်း သိရသည်။

**ကြေးမုံ**

**မူးယစ်ကိုပစ် ပန်းတိုင်သစ်**
**စိတ်သစ်လူသစ် ဘဝသစ်**

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ် အစ္စရေးသံအမတ်ကြီးအား လက်ခံတွေ့ဆုံ



**နေပြည်တော်　　မေ　　၃၁**
ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်သည် မြန်မာနိုင်ငံဆိုင်ရာ အစ္စရေးသံအမတ်ကြီး H.E. Mr. Daniel Zonshine အား ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

ထိုသို့တွေ့ဆုံစဉ် အစ္စရေး-မြန်မာ နှစ်နိုင်ငံအကြား လွှတ်တော်အချင်းချင်း ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်ရေး၊ ပညာရေး၊ ကျန်းမာရေးကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်ရေး၊ ရေအရင်းအမြစ်ထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးကဏ္ဍ၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်ရေး၊ သတင်းအချက်အလက်နည်းပညာ(ICT) ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကူအညီပေးရေး၊ သဘာဝဘေးအန္တရာယ် ကာကွယ်တားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းအောင်(ခ)ဦးထွန်းထွန်းဟိန်နှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် ဝန်ကြီးဌာနများ၏ ၂၀၁၈ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲအတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော်　　မေ　　၃၁**
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် ဝန်ကြီးဌာနများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းနှင့် အဖွဲ့ဝင်များ၊ ကော်မရှင်ရုံးမှ တာဝန်ရှိသူများ၊ ရွေးကောက်ပွဲနှင့် သက်ဆိုင်သည့် ဝန်ကြီးဌာန ၁၁ ခုမှ ဒုတိယဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက ၂၀၁၈ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲကို နိုဝင်ဘာ ၃ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း၊ ကြားဖြတ်ရွေးကောက်ပွဲကျင်းပရန် ကြေညာသည့်နေ့မှစ၍ ရလဒ်များကြေညာမည့်နေ့အထိ လုပ်ငန်းစဉ်အချိန်ဇယား ရေးဆွဲဆောင်ရွက်လျက်ရှိကြောင်း၊ ကြားဖြတ်ရွေးကောက်ပွဲကျင်းပမည့် လစ်လပ်မဲဆန္ဒနယ် ၁၃ နေရာရှိကြောင်း၊ လစ်လပ်မဲဆန္ဒနယ်ရှိသည့် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်ကို ဖွဲ့စည်းပြီးဖြစ်ကြောင်းနှင့် ရွေးကောက်ပွဲဆိုင်ရာ သင်တန်းများကိုလည်း ပို့ချလျက်ရှိကြောင်း၊ ဧပြီ ၁၉ ရက်မှစတင်ကာ မဲဆန္ဒရှင်စာရင်းပြုစုခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ မဲစာရင်းကို ၁၄ ရက် နှစ်ကြိမ် ကပ်ထားကြေညာသွားမည်ဖြစ်ကြောင်း၊ ကပ်ထားကြေညာချိန်တွင် သက်ဆိုင်ရာမဲဆန္ဒရှင်များက သွားရောက်ကြည့်ရှုစစ်ဆေး၍ တောင်းဆိုခြင်း၊ ပြင်ဆင်ခြင်း၊ ကန့်ကွက်ခြင်းတို့ကို ဆောင်ရွက်ကြစေလိုကြောင်း၊ ယခုကျင်းပမည့် ကြားဖြတ်ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်နိုင်သည့် နိုင်ငံရေးပါတီပေါင်း ၉၂ ပါတီရှိကြောင်း၊ ကိုယ်စားလှယ်လောင်းအမည်စာရင်း တင်သွင်းခြင်း၊ ရုပ်သိမ်းခြင်း၊ စိစစ်ခြင်း လုပ်ငန်းအချိန်ဇယားကို ထုတ်ပြန်ကြေညာပြီးဖြစ်ကြောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် ကြားဖြတ်ရွေးကောက်ပွဲကို ဥပဒေ၊ နည်းဥပဒေများနှင့်အညီ လွတ်လပ်မျှတပြီး ပွင့်လင်းမြင်သာမှုရှိသော၊ ပြည်သူ့ဆန္ဒနှင့်အညီဖြစ်သော၊ အများယုံကြည်လက်ခံသော ရွေးကောက်ပွဲဖြစ်အောင် ကျင်းပပေးသွားမည်ဖြစ်ပြီး ဝန်ကြီးဌာနများအနေဖြင့် ပူးပေါင်းဆောင်ရွက်ပေးစေလိုကြောင်း ပြောကြားသည်။



ထို့နောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဦးက ကြားဖြတ်ရွေးကောက်ပွဲအတွက် စီစဉ်ဆောင်ရွက်ထားမှုများနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများအလိုက် ပူးပေါင်းပါဝင်ဆောင်ရွက်ပေးရမည့် အခြေအနေများကို ရှင်းလင်းတင်ပြရာ ဝန်ကြီးဌာနများမှ တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ဝိုင်းဝန်းဆွေးနွေး အကြံပြုကြသည်။

ယင်းနောက် ကော်မရှင်ဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ဗဟိုစံပြငါးဈေးမိသားစု ကျောင်းသား ကျောင်းသူများအား ကျောင်းသုံးပစ္စည်းများ ထောက်ပံ့

**ရန်ကုန်　　မေ　　၃၁**
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဈေးများဌာနအောက်ရှိ ဗဟိုစံပြငါးဈေး ဈေးသာယာရေးအဖွဲ့နှင့် စံပြလူမှုရေး ပရဟိတလူငယ်အသင်းတို့ ပူးပေါင်း၍ ဈေးသာယာရေးအဖွဲ့မိသားစုများ၏ ကျောင်းသား ကျောင်းသူ ၁၂၀၀ အတွက် ကျောင်းသုံးဗလာစာအုပ် ဒါဇင် ၁၂၀၀ နှင့် ခဲတံ၊ ဘောပင် ၆၀၀၀ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယမန်နေ့ နံနက် ၇ နာရီတွင် အဆိုပါ ဈေးသာယာရေးအဖွဲ့ရုံးမျက်နှာစာ၌ ကျင်းပသည်။

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးခင်ဝင်း၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဈေးများဌာန အနောက်ပိုင်းခရိုင်မှူး ဦးမောင်မောင်ဌေး၊ ဈေးသာယာရေးအဖွဲ့ တွဲဖက်ဘဏ္ဍာရေးမှူး ဦးကျော်သူ၊ စံပြလူမှုရေးပရဟိတလူငယ်အဖွဲ့ အတွင်းရေးမှူး ဦးခင်မောင်မြင့်တို့က မှဒိတာစကားများပြောကြားပြီး ဗလာစာအုပ်နှင့် ခဲတံ၊ ဘောပင်များကို မိသားစုထံ ပေးအပ်သည်။

ရန်ကုန်တိုင်းဒေသကြီး ကြည့်မြင်တိုင်မြို့နယ်ရှိ ဗဟိုစံပြငါးဈေးကြီးသည် ၂၄ နာရီဖွင့်လှစ်သော ဈေးကြီးတစ်ဈေးဖြစ်သည်။ အဆိုပါဈေးကြီးတွင် ငါး၊ ပုစွန်များကို ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ မွန်ပြည်နယ်၊ နေပြည်တော် စသည့်ဒေသများသို့ နေ့စဉ် ရေချို၊ ရေငန်ငါး၊ ပုစွန် ပိဿာနှစ်သိန်းကျော်ကို အချိန်နှင့်တစ်ပြေးညီ ပို့ဆောင်ပေးနေရသော ၎င်းတို့၏ မိသားစု ကျောင်းသား ကျောင်းသူများအနေဖြင့် ပညာသင်ရာတွင် အခက်အခဲ မရှိစေရေးတို့အတွက် ယခုလို စံပြလူမှုကူညီရေး ပရဟိတလူငယ်အသင်းက ပထမအကြိမ် ပေးအပ်လှူဒါန်းခြင်းဖြစ်ကြောင်း အသင်းအဖွဲ့ဥက္ကဋ္ဌ ဦးဝင်းထူးအောင်က ပြောသည်။ **စောသိန်းဝင်း**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ကြေညာချက်ထုတ်ပြန်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
ကြေညာချက်အမှတ်(၇၆/၂၀၁၈)
၁၃၈၀ ပြည့်နှစ်၊ နယုန်လပြည့်ကျော် ၂ ရက်
(၂၀၁၈ ခုနှစ်၊ မေလ ၃၁ ရက်)

**ပြည်ပရောက်မဲဆန္ဒရှင်များမှ ပုံစံ(၁၅)များကို သက်ဆိုင်ရာသံရုံးများတွင် စတင်ထုတ်ယူနိုင်မည့် နေ့ရက်/သံရုံးများသို့ ပေးပို့နိုင်မည့်နေ့ရက်၊ လွှတ်တော်ကိုယ်စားလှယ်လောင်းအမည်စာရင်း ကြေညာချက်ပုံစံ(၁၀) ကပ်ထားကြေညာမည့်နေ့ရက်နှင့် လွှတ်တော်ကိုယ်စားလှယ်အမည်စာရင်း ကြေညာပေးမည့်နေ့ရက်များ ထုတ်ပြန်ခြင်း**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် လစ်လပ်မဲဆန္ဒနယ်များအတွက် ကြားဖြတ်ရွေးကောက်ပွဲကို ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၃ ရက်(စနေနေ့)တွင် ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း ကြေညာချက်ထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။ သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲ နည်းဥပဒေ ၅၇(ခ)၊ နည်းဥပဒေ ၃၅ နှင့် နည်းဥပဒေ ၇၂ တို့အရ အောက်ပါနေ့ရက်များကို ထုတ်ပြန်ကြေညာအပ်ပါသည်-

| | | |
|---|---|---|
| (၁) | ပြည်ပရောက်မဲဆန္ဒရှင်များမှ ကြိုတင်ဆန္ဒမဲလက်မှတ်ဖြင့် ဆန္ဒမဲပေးနိုင်ရေးအတွက် ပုံစံ(၁၅)များကို သက်ဆိုင်ရာသံရုံးများတွင် စတင်ထုတ်ယူနိုင်မည့်နေ့ရက်<br>[ပုံစံ(၁၅)များကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် Website၊ နိုင်ငံခြားရေးဝန်ကြီးဌာန Website နှင့် သက်ဆိုင်ရာသံရုံး Website များမှလည်း Download ရယူနိုင်ပါသည်] | ၁-၆-၂၀၁၈ |
| (၂) | ပြည်ပရောက်မဲဆန္ဒရှင်များမှ ကြိုတင်ဆန္ဒမဲလက်မှတ်ဖြင့် ဆန္ဒမဲပေးနိုင်ရေးအတွက် အချက်အလက်ဖြည့်သွင်းပြီးသည့် ပုံစံ(၁၅)များကို သက်ဆိုင်ရာသံရုံးများသို့ ပေးပို့နိုင်မည့်နေ့ရက် | ၁၈-၆-၂၀၁၈ မှ ၉-၇-၂၀၁၈ |
| (၃) | လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ အမည်စာရင်းကြေညာချက် ပုံစံ(၁၀) ကပ်ထားကြေညာမည့်နေ့ရက် | ၆-၈-၂၀၁၈ |
| (၄) | ရွေးကောက်ခံရသော လွှတ်တော်ကိုယ်စားလှယ်အမည်စာရင်းများ ကြေညာပေးမည့်နေ့ရက် | ၄-၁၁-၂၀၁၈ မှ ၆-၁၁-၂၀၁၈ |

**(လှသိန်း)**
**ဥက္ကဋ္ဌ**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

# အထူးကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်း ကုလသမဂ္ဂကိုယ်စားလှယ်အဖွဲ့နှင့် အမေရိကန်လွှတ်တော်ကိုယ်စားလှယ်အဖွဲ့ အား သီးခြားစီလက်ခံတွေ့ဆုံ



**နေပြည်တော် မေ ၃၁**

ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ကုလသမဂ္ဂရွေးကောက်ပွဲကူညီပေးရေးဌာနမှ နိုင်ငံရေးနှင့် ရွေးကောက်ပွဲဆိုင်ရာ အကြီးတန်းအရာရှိ Ms. Svetlana Galkina နှင့်အဖွဲ့အား ယနေ့နံနက် ၁၁ နာရီတွင် လည်းကောင်း၊ အမေရိကန်အောက်လွှတ်တော် လူများစုခေါင်းဆောင်ရုံး အမျိုးသားလုံခြုံရေးအကြံပေး ပုဂ္ဂိုလ် Mr. Luke Murry နှင့်အဖွဲ့အား မွန်းလွဲ ၂ နာရီတွင် လည်းကောင်း နေပြည်တော်ရှိ လွှတ်တော်ရေးရာဆောင် အမှတ် (I-1) ၌ လက်ခံတွေ့ဆုံသည်။

ကုလသမဂ္ဂကိုယ်စားလှယ်အဖွဲ့နှင့် တွေ့ဆုံစဉ် ဥပဒေရေးရာကိစ္စရပ်များ၊ ရွေးကောက်ပွဲစနစ် တိုးတက်ကောင်းမွန်ရေးဆိုင်ရာကိစ္စရပ်များနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များအပေါ် ရင်းနှီးပွင့်လင်းစွာအမြင်ချင်းဖလှယ်ဆွေးနွေးကြပြီး အမေရိကန်ကိုယ်စားလှယ်အဖွဲ့နှင့် တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးကိစ္စရပ်များတွင် ပိုမိုတိုးတက်ကောင်းမွန်သော အနေအထားများရရှိရေးအတွက် ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

**✻ ကျောဖုံးမှ**

မိမိသဘောဆန္ဒဖြင့် ပြန်လည်ဝင်ရောက်လာသူ ၆၂ ဦးအား နှစ်နိုင်ငံသဘောတူညီချက်ပါ လုပ်ငန်းစဉ်များအတိုင်း ငါးခူရမှတစ်ဆင့် လှဖိုးခေါင်ကြားစခန်းတွင် ခေတ္တနေထိုင်စဉ်ကာလအတွင်း နိုင်ငံတော်အနေဖြင့် ၎င်းတို့၏နေရပ်သို့ ပြန်နိုင်ရေးအတွက် လိုအပ်သောလုပ်ငန်းစဉ်များကို စီစဉ်ဆောင်ရွက်နေစဉ် ၎င်းတို့ထဲမှ ၁၀ ဦးမှာ စခန်းမှ မိမိတို့အစီအစဉ်ဖြင့် နေရပ်များသို့ ထွက်ခွာသွားခဲ့ကြသည်။

ကျန်ရှိသူ ၅၂ ဦးအား ၎င်းတို့၏နေရပ်များသို့ ပြန်လည်ပို့ဆောင်နိုင်ရန် သက်ဆိုင်ရာ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများထံ စနစ်တကျလွှဲအပ်ခြင်း၊ မှတ်တမ်းတင်ခြင်းများ ဆောင်ရွက်ပေးခဲ့သည်။

လူမှုဝန်ထမ်းဦးစီးဌာနမှ ပြည်နယ်ညွှန်ကြားရေးမှူး ဦးဆောင်သောအဖွဲ့သည် အဖွဲ့ငယ်များဖွဲ့စည်းကာ နေရပ်ပြန်သူများအား လူမှုဖြစ်ရပ်စီမံခန့်ခွဲမှု၊ လူမှုကာကွယ်စောင့်ရှောက်မှုနှင့် လူမှုပေါင်းစည်းနည်းပညာများဖြင့် ဆက်လက်ပံ့ပိုးကူညီပေးကြရန် စီစဉ်ထားရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် မေ ၃၁**

ပြည်ထောင်စု စာရင်းစစ်ချုပ်နှင့် တိုင်းဒေသကြီး/ပြည်နယ် စာရင်းစစ်ချုပ်များ၏ လုပ်ငန်းညှိနှိုင်း ဆွေးနွေးပွဲ(၁/၂၀၁၈)ကို ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံး စုပေါင်းခန်းမ၌ ယနေ့နံနက်ပိုင်းတွင် ကျင်းပသည်။

အခမ်းအနားတွင် ပြည်ထောင်စု စာရင်းစစ်ချုပ်က ပြည်ထောင်စု စာရင်းစစ်ချုပ်ဥပဒေပါ အပ်နှင်းထားသည့် တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်နိုင်ရေးအတွက် နိုင်ငံ့အကျိုး၊ ပြည်သူလူထု၏အကျိုးကို ဦးထိပ်ပန်ဆင်၍ "ပြည်သူ့အကျိုးစီးပွားကို ကာကွယ်မြှင့်တင်နိုင်သည့် အဖွဲ့အစည်းတစ်ရပ်အဖြစ် ရပ်တည်ရန်"ဟု မျှော်မှန်းချက်ထားရှိပြီး ဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း၊ နိုင်ငံတော်သမ္မတအနေဖြင့် မေ ၄ ရက်တွင် ပြည်ထောင်စု စာရင်းစစ်ချုပ်၊ တိုင်းဒေသကြီး/ပြည်နယ် စာရင်းစစ်ချုပ်များအား တွေ့ဆုံစဉ် လမ်းညွှန်ချက်များဖြစ်သည့် ပြည်သူ့ဘဏ္ဍာငွေများ လေလွင့်ဆုံးရှုံးမှု မရှိစေရေးအတွက် ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံးအနေဖြင့် စစ်ဆေးကြပ်မတ်ပေးရန် လိုအပ်ပါကြောင်း၊ စီမံကိန်းနှင့် လုပ်ငန်း ဆောင်ရွက်မှုများသည် ပြည်သူလူထုအတွက် အမှန်တကယ်အကျိုး ရှိ၊ မရှိ၊ နိုင်ငံတော်၏ အရအသုံး စာရင်းများစစ်ဆေးခြင်း၊ ခွင့်ပြုဘဏ္ဍာငွေများ အပြည့်အဝရရှိစေရန် ဆောင်ရွက်ထားခြင်း ရှိ၊ မရှိ၊ ရငွေများကို ထိရောက်စွာအသုံးပြုခြင်း ရှိ၊ မရှိ၊ ချမှတ်ပေးသော ရည်မှန်းချက်များကို အကောင်အထည်ဖော်နိုင်ခြင်း ရှိ၊ မရှိ၊ နိုင်ငံပိုင်ပစ္စည်း၊ ပြည်သူပိုင်ပစ္စည်း၊ သမဝါယမပိုင်ပစ္စည်းများကို စနစ်တကျထိန်းသိမ်းမှု ရှိ၊ မရှိ၊ ထိရောက်စွာအသုံးချမှု ရှိ၊ မရှိ စစ်ဆေးရန်လိုအပ်ပါကြောင်း။

ပိုင်ရှင်မဲ့ပစ္စည်း၊ ဥပဒေအရ သိမ်းဆည်းခံပစ္စည်း၊ ပိုင်ရှင်က စွန့်လွှတ် ပစ္စည်းများကိုလည်း သက်ဆိုင်ရာတို့က စာရင်းသွင်းထားခြင်း ရှိ၊ မရှိ၊ စနစ်တကျအသုံးပြုခြင်း ရှိ၊ မရှိ၊ ထိန်းသိမ်းထားခြင်း ရှိ၊ မရှိကိုပါ စစ်ဆေးကြရန်လိုအပ်ပါကြောင်း၊ နိုင်ငံတော်ဘဏ္ဍာငွေများ လေလွင့်ဆုံးရှုံးမှု၊ ယိုဖိတ်မှု၊ အလွဲသုံးစားမှုများကို စစ်ဆေးတွေ့ရှိပါက သက်ဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်အဖွဲ့အစည်းထံသို့ အစီရင်ခံတင်ပြရန် အချက်ကိုလည်း အလေးအနက်ထားပြီး ပီပြင်စွာ ထမ်းဆောင်ရန် ထပ်မံမှာကြားလိုကြောင်း၊ စာရင်းစစ်ဆေးရာတွင် စစ်ဆေးတွေ့ရှိချက်များကို တွေ့ရှိသည့်အတိုင်းတင်ပြရန် အလေးအနက်မှာကြားလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်သူ့အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ရန်နှင့် လုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်မှုများကို ထိရောက်စွာ စစ်ဆေးနိုင်ရန်အတွက် ပြည်ထောင်စု စာရင်းစစ်ချုပ်ဥပဒေကို ပြောင်းလဲလာသောအခြေအနေများ၊ လိုအပ်ချက်များနှင့်အညီ ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၂၂ ရက်တွင် ပြင်ဆင်ပြဋ္ဌာန်းခဲ့ရာတွင် တိုင်းဒေသကြီး/ပြည်နယ် စာရင်းစစ်ချုပ်များနှင့် စာရင်းစစ်အရာရှိများ၏ တာဝန်များကို ပိုမိုအပ်နှင်းထားပါကြောင်း၊ ယင်းတာဝန်များအရ စာရင်းစစ်ဆေးရာတွင် ပညာရှင်များ၏ ကျင့်ဝတ်များဖြစ်သည့် ရိုးသားဖြောင့်မတ်မှု၊ ကျွမ်းကျင်မှု၊ လုံ့လဝီရိယရှိမှု၊ လျှို့ဝှက်စောင့်ထိန်းမှုနှင့် ပြည်သူ့အကျိုးစီးပွား ထိန်းသိမ်းမှုတို့ကို လိုက်နာကျင့်သုံးကြရန်နှင့် ယခုလုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲတွင်လည်း တွေ့ကြုံရသည့်အခက်အခဲများ၊ စိန်ခေါ်မှုများအပေါ် ကျော်လွှားဖြေရှင်းနိုင်မှုများ၊ စစ်ဆေးဖော်ထုတ်နိုင်မှုများကိုလည်း အချင်းချင်း အတွေ့အကြုံဗဟုသုတများ မျှဝေသွားကြရန် မှာကြားလိုကြောင်း၊ ခေါင်းဆောင်များသည် မိမိတို့၏ လုပ်ဖော်ကိုင်ဖက်များအား ယုံကြည်အားထားရမှု၊ အကောင်းမြင်ဝါဒဖြင့် တာဝန်ပေးလုပ်ငန်းများကို အောင်မြင်အောင် လုပ်ကိုင်နိုင်မှု၊ ကြီးပွားတိုးတက်လိုသည့်ဆန္ဒရှိမှု၊ လုံ့လဝီရိယစိုက်ထုတ်မှုနှင့် သစ္စာရှိစွာ ဆောင်ရွက်တတ်မှုအပေါ် မူတည်၍ လုပ်ငန်းတာဝန်များကို အောင်မြင်အောင် ဆောင်ရွက်စေလိုကြောင်း မှာကြားသည်။

အဆိုပါ လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲသို့ တိုင်းဒေသကြီး/ပြည်နယ် စာရင်းစစ်ချုပ်များ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး အစည်းအဝေးကို ဇွန် ၁ ရက်အထိ ကျင်းပသွားမည် ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ရေလမ်းကြောင်း ခေတ္တပိတ်ထားမည်

**နေပြည်တော် မေ ၃၁** - လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာနမှ ၂၃၀ ကေဗွီ လှိုင်သာယာ-ကျိုက်လတ်မဟာဓာတ်အားလိုင်း တည်ဆောက်လျက်ရှိရာ တွံတေးတူးမြောင်းကျော်ကြိုးဆွဲခြင်းလုပ်ငန်းကို ဇွန် ၅ ရက်မှ ၁၁ ရက်အထိ နေ့စဉ် နံနက် ၈ နာရီမှ ညနေ ၅ နာရီအထိ လုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်သည်။

တွံတေးတူးမြောင်းအတွင်း ဓာတ်အားလိုင်းကြိုးဆွဲခြင်းလုပ်ငန်းများကို ဆောင်ရွက်ရာတွင် တွံတေးကြိုးတံတား၏ အထက်ဘက် ရှစ်မိုင်အနီး ရေလယ်တွင် တန်းစီထားသော ရေယာဉ်များပေါ်မှ ကျော်ဖြတ်၍ သွယ်တန်းမည်ဖြစ်သဖြင့် လုပ်ငန်းဆောင်ရွက်နေစဉ်အတွင်း လုပ်ငန်းခွင်၏ အထက်နှင့် အောက်ဘက်ရှိ တူးမြောင်းအတွင်းမှ ရေယာဉ်များဖြင့် ကြီးကြပ်ကွပ်ကဲရေးအဖွဲ့စောင့်ဆိုင်းပြီး ရေလမ်းခေတ္တပိတ်ထားမည် ဖြစ်သည်။ အဆိုပါရေလမ်းအတွင်းမှ ဖြတ်သန်းမည့် ရေယာဉ်များအနေဖြင့် လုပ်ငန်းခွင်မှလွတ်ကင်းရာနေရာတွင် ရပ်နားစောင့်ဆိုင်းပြီး ကြီးကြပ်ကွပ်ကဲရေးအဖွဲ့၏ ခွင့်ပြုချက်ရမှသာ ဖြတ်သန်းခုတ်မောင်းကြရန် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ရေလမ်းသတိပေးချက် ထုတ်ပြန်ထားကြောင်း သိရသည်။ **သတင်းစဉ်**

# ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း မီးလောင်မှု ၂၃၈ ကြိမ်ဖြစ်ပွား

**မုံရွာ မေ ၃၁**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ၂၀၁၇-၂၀၁၈ ခုနှစ်တွင် မီးလောင်မှု ၂၃၈ ကြိမ်ဖြစ်ပွားခဲ့ပြီး ပျက်စီးဆုံးရှုံးမှုတန်ဖိုး ငွေကျပ် သန်း ၁၇၈၆ ဒသမ ၄၀ ရှိခဲ့ကြောင်း စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် လုပ်ငန်းဆောင်ရွက်ချက်အစီရင်ခံစာအရ သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းဖြစ်ပွားခဲ့သော မီးလောင်မှုများတွင် မီးဖိုမီး ၄၅ ကြိမ်၊ ပေါ့ဆမီး ၇၄ ကြိမ်၊ လျှပ်စစ်မီး ၅၇ ကြိမ်၊ ရှို့မီး ၄၈ ကြိမ်၊ အလိုအလျောက်မီး ခုနစ်ကြိမ်၊ တောမီး ခြောက်ကြိမ်၊ မိုးကြိုးမီး တစ်ကြိမ် စုစုပေါင်း ၂၃၈ ကြိမ်ရှိခဲ့ကြောင်း အဆိုပါအစီရင်ခံစာတွင် ဖော်ပြထားသည်။

ပျက်စီးဆုံးရှုံးမှုအဖြစ် မီးဖိုမီးကြောင့် ငွေကျပ် ၁၆၂၉၄၈၀၅၀၀၊ ပေါ့ဆမီးကြောင့် ငွေကျပ် ၇၈၃၄၇၆၅၀၊ လျှပ်စစ်မီးကြောင့် ငွေကျပ် ၃၁၈၁၂၁၅၀၊ အလိုအလျောက်မီးကြောင့် ငွေကျပ် ၂၆၂၆၅၀၀၀၊ ရှို့မီးကြောင့် ငွေကျပ် ၁၈၅၆၀၂၅၀၊ တောမီးကြောင့် ငွေကျပ် ၁၈၂၂၀၀၀၊ မိုးကြိုးမီးကြောင့် ငွေကျပ် ၁၁၂၅၀၀ စုစုပေါင်း ငွေကျပ် သန်း ၁၇၈၆ ဒသမ ၄၀ ရှိခဲ့ကြောင်း အစီရင်ခံစာအရ သိရသည်။

**ဝင်းဦး(ဇေယျာတိုင်း)**

# ဆင်ဆေးကုသရေးလုပ်ငန်းစဉ်တွင် လိုအပ်ချက်များ ရှိနေဆဲ

**ရန်ကုန် မေ ၃၁**

အရေးပေါ်ဆေးကုသရန် လိုအပ်လျက်ရှိသော မြန်မာ့သစ်လုပ်ငန်းဌာနပိုင်ဆင်များအပြင် ပုဂ္ဂလိကပိုင်ဆင်များနှင့် တောဆင်များအတွက် လှည့်လည်ဆင်ဆေးကုယာဉ်များဖြင့် အခမဲ့ဆေးကုသခြင်းများကို ၂၀၁၆ ခုနှစ်မှ စတင်ပြီး ဆောင်ရွက်နေရာ ယင်းလုပ်ငန်းစဉ်တွင် လိုအပ်ချက်များရှိနေဆဲဖြစ်ကြောင်း သိရသည်။

မြန်မာ့သစ်လုပ်ငန်းအနေဖြင့် ဌာနပိုင်ဆင် ၃၀၀၀ ခန့်နှင့် တောဆင်များကို ယာဉ်နှစ်စီးဖြင့် လှည့်လည်ဆေးကုသပေးနေသလို ပုဂ္ဂလိကပိုင်ဆင်များကိုလည်း ယာဉ်တစ်စီးဖြင့် တိရစ္ဆာန်ဆေးကုဆရာဝန် အယောက် ၂၀ နှင့် ဆင်ဆေးကုသင်တန်းဆင်း ၃၂ ဦးတို့က ကာကွယ်ဆေးထိုးခြင်း၊ Deworming, Remove of old Abscess and surgery, Treatments, Foot Care Management လုပ်ငန်းစဉ်များကို လှည့်လည်လုပ်ဆောင်ပေးနေခြင်းဖြစ်သည်။

"အရင်ဆုံးကတော့ ဆေးကုသဖို့မှာ ပုဂ္ဂလိကဆင်ပိုင်ရှင်တွေနဲ့ ဆက်သွယ်ရတော့ သူတို့ဘယ်မှာရှိလဲဆိုတာကအစ ဆက်သွယ်ဖို့ခက်ခဲတယ်၊ နောက်တစ်ခုက အတွေ့အကြုံရှိတဲ့ Vet Surgeon တွေ ရှားတယ်၊ တက္ကသိုလ်မှာက ဆင်အကြောင်းမသင်ခဲ့တော့ အခက်အခဲရှိတာပေါ့၊ နောက်တစ်ခုက ဆင်တွေနယ်လှည့်ဆေးကုဖို့ ပုံမှန်ငွေကြေးထောက်ပံ့မှုရဖို့လည်း လိုတယ်၊ ပုဂ္ဂလိကဆင်တွေအတွက် ကားတစ်စီးတည်းရှိတာဆိုတော့ ကိုယ်က မြန်မာနိုင်ငံမြောက်ပိုင်းရောက်နေရင် တောင်ပိုင်းက အရေးပေါ်လိုအပ်လို့ ခေါ်လာရင် ချက်ချင်းသွားဖို့ အခက်အခဲရှိတယ်"ဟု မြန်မာ့သစ်လုပ်ငန်းမှ ဆင်ဆရာဝန် ဦးဇော်မင်းဦးက ပြောသည်။

ထို့အပြင် အုတ်တွင်း-ပေါက်ခေါင်းလမ်းမှ အတွင်းဘက်သို့ ၁၃ မိုင်ခန့်ဝင်ရသောနေရာတွင်လည်း ဆင်ဆေးရုံတစ်ခု တည်ထောင်ထားပြီး ရေရှည်ဆေးကုသရန်လိုအပ်သော ဆင်များကို ၂၀၁၄ ခုနှစ်မှစပြီး ဖွင့်လှစ်ခဲ့ကာ အခမဲ့ကုသပေးလျက်ရှိသည်။ သို့ရာတွင် ပုဂ္ဂလိကပိုင်ဆင်များ လာရောက်ဆေးကုသရာတွင် အချိန်မပေးနိုင်ကြကြောင်း မြန်မာ့သစ်လုပ်ငန်းမှ ဒုတိယအထွေထွေမန်နေဂျာ ဦးမိုးမြင့်က ပြောသည်။

"ကျွန်တော်တို့အခက်အခဲက ပုဂ္ဂလိကဆင်ပိုင်ရှင်တွေက ဆင်ဆေးရုံကို မလာချင်ကြဘူး၊ အနာရောဂါမရှိဘဲ ပုံမှန်ဆေးစစ်တာမျိုးလုပ်ဖို့လည်း လက်မခံတဲ့သဘော ဖြစ်နေတယ်၊ ကျွန်တော်တို့ဘက်က ဆေးဖိုးကော၊ ဆရာဝန်ကောအကုန်လွှတ်ပြီး အလကားကုပေးနေတာတောင် လူနာရဖို့ ခက်နေတဲ့သဘောပါ၊ သူတို့စီးပွားရေးပဲ လုံးပန်းနေတဲ့သဘောဖြစ်နေတယ်"ဟု ၎င်းက ပြောသည်။

ဆင်အများစုခံစားနေရသော ရောဂါများမှာ Heterosis၊ အသားမာဖုတက်ခြင်း၊ ပြည်တည်နာ၊ ကပ်ပါးကောင်ကြောင့် အားနည်းပြီး သေဆုံးခြင်း၊ လေ့ကျင့်မှုကောင်းကောင်းမရသဖြင့် အားနည်းပြီး သေဆုံးခြင်းများ ရှိသလို ယခုနောက်ပိုင်းတွင် (၁၂) နှစ်အောက်ဆင်ငယ်လေးများတွင် Herpes virus ကြောင့် သေဆုံးခြင်းများရှိလာကြောင်း သိရသည်။

မြန်မာ့သစ်လုပ်ငန်းအနေဖြင့် နယ်လှည့်ဆေးကုခြင်းလုပ်ငန်းတွင် အင်္ဂလိပ်အိုအဖွဲ့အစည်းတစ်ခုဖြစ်သည့် SPANA နှင့် လက်တွဲလုပ်ဆောင်နေခြင်းဖြစ်သည်။ အခြားဆင်ထိန်းသိမ်းရေး လုပ်ငန်းများကိုလည်း International elephant foundation, The University of Sheffield, Four Paws, EAI စသည့် INGO များနှင့်လည်း MoU ထိုးကာဆောင်ရွက်နေသလို The Asian Elephant Foundation, Smithsonian, Asian Elephant Support, WWF တို့နှင့်လည်း ဆောင်ရွက်နေကြောင်း သိရသည်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် သစ်ထုတ်ခြင်းကို နိုင်ငံတော်၏လိုအပ်ချက်အရ တစ်နိုင်ငံလုံးရပ်နားခဲ့ပြီး ပဲခူးရိုးမအား ၁၀ နှစ်ရပ်နားခဲ့သည်။ ယင်းကဲ့သို့ ရပ်နားလိုက်သော်လည်း ဆင်များနှင့် ဆင်ဦးစီးများ၏မိသားစုများ ပုံမှန်ရပ်တည်ရေးနှင့် ဆင်ထိန်းသိမ်းရေးလုပ်ငန်းများ လုပ်ဆောင်ရန် ပုံမှန်ဝင်ငွေလိုအပ်သဖြင့် မြန်မာ့သစ်လုပ်ငန်းအနေဖြင့် ဆင်၂၀၅ ကောင်ဖြင့် ဆင်စခန်းပေါင်း ၁၈ ခု ဖွင့်လှစ်ထားကာ လာမည့်ခရီးသွားရာသီဖြစ်သည့် စက်တင်ဘာလတွင် Elephant Conservation Based Tourism (ECBT) ပိုမိုအားကောင်းစေရန် ခရီးသွားကုမ္ပဏီများနှင့် ချိတ်ဆက်ဆောင်ရွက်နေကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် အိမ်မွေးဆင်အဖြစ် မြန်မာ့သစ်လုပ်ငန်းပိုင်ဆင် ၃၀၇၈ ကောင်၊ ပုဂ္ဂလိကပိုင်ဆင် ၂၀၀၀ မှ ၂၅၀၀ အတွင်းနှင့် တောဆင်ရိုင်း ၁၅၀၀ မှ ၂၀၀၀ အတွင်းရှိကြောင်း ခန့်မှန်းထားသည်။ **မေသက်နှင်း**

# ပြည်သူ့အတွက် ဒုတိယ(၁)နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့မှုများနှင့်စပ်လျဉ်း၍ သတင်းစာရှင်းလင်းပွဲ ပြုလုပ်



**နေပြည်တော် မေ ၃၁**

ပြည်သူ့အတွက် ဒုတိယ (၁)နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့မှုများနှင့်စပ်လျဉ်း၍ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာနနှင့် ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့၏ သတင်းစာရှင်းလင်းပွဲကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန၌ ကျင်းပသည်။ **(ယာပုံ)**

သတင်းစာရှင်းလင်းပွဲတွင် **ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင် ဦးစောဗယ်လင်တိုင်း**က ပြည်ထောင်စုရာထူးဝန်အဖွဲ့သည် ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥပဒေ ထုတ်ပြန်ပြီး နိုင်ငံ့ဝန်ထမ်းများ ရွေးချယ်ပေးခြင်း၊ လေ့ကျင့်ပေးခြင်း၊ ရာထူးတိုးမြှင့်ပေးခြင်း၊ ဝန်ထမ်းစည်းမျဉ်းစည်းကမ်းများသတ်မှတ်ခြင်း၊ ပြည်ထောင်စုအစိုးရအဖွဲ့သို့ ဝန်ထမ်းရေးရာကိစ္စရပ်များနှင့်ပတ်သက်၍ အထောက်အကူပြုခြင်းစသည့်လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း။

### ၇၅၁ ဦး ရွေးချယ်ပေးခဲ့

နိုင်ငံတော်အစိုးရ ဒုတိယ (၁)နှစ်တာကာလအတွင်း ဝန်ကြီးဌာန/အဖွဲ့အစည်း(၂၀)မှ အရာထမ်း လစ်လပ်ရာထူး ၈၆၈ နေရာအတွက် ရေးဖြေစာမေးပွဲသို့ ၆၄၂၄ ဦး လာရောက်ဖြေဆိုကာ ၉၈၄ ဦးတို့ကို စိတ်အခြေအနေနှင့် လူတွေ့စစ်ဆေးခြင်းခံယူရန်ခေါ်ယူ၍ ၇၅၁ ဦးတို့ကို ရွေးချယ်ပေးခဲ့ပါကြောင်း။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန လက်ထောက်ဆရာဝန်/သွားဘက်ဆိုင်ရာဆရာဝန် လစ်လပ်ရာထူး ၂၀၂၂ နေရာအတွက် ရေးဖြေစစ်ဆေးခြင်းမပြုဘဲ လျှောက်ထားသူ ၁၃၆၁ ဦးအနက် စိတ်အခြေအနေနှင့် လူတွေ့စစ်ဆေးခြင်းခံယူရန် လာရောက်သူ ၁၁၈၀ တို့ကို တိုက်ရိုက်လူတွေ့စစ်ဆေး၍ ၁၁၈၀ ရွေးချယ်ပေးခဲ့ပါကြောင်း။

ပြန်တမ်းဝင်အရာရှိရာထူးများအတွက် ကြော်ငြာစာ ငါးခုမှ လစ်လပ်ရာထူးနေရာ ၃၂၁၀ အတွက် ဝန်ထမ်းလောင်း ၂၆၆၄ ဦးနှင့် အကူအညီတောင်းခံလာသော ပြင်ပဌာနအဖွဲ့အစည်းလေးခုရှိ ဝန်ထမ်း ၂၁၆၈ ဦးတို့ကိုလည်း စိတ်အခြေအနေကူညီစစ်ဆေးပေးခဲ့ကြောင်း။

ဗဟိုဝန်ထမ်းတက္ကသိုလ်များတွင် ပြည်သူ့ဝန်ထမ်းအကယ်ဒမီတစ်ခုစီကို ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၂ ရက်တွင် အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့ပါကြောင်း။

### ဘွဲ့လွန်ဒီပလိုမာများ

CSA များတွင် အရာထမ်းလောင်း အခြေခံသင်တန်း၊ ပြည်သူ့ဝန်ထမ်းစီမံခန့်ခွဲမှု ဘွဲ့လွန်ဒီပလိုမာသင်တန်း ဖွင့်လှစ်ခြင်း ဆောင်ရွက်ရာတွင် Public Private Partnership (PPP) အကောင်အထည်ဖော်မှုအနေဖြင့် သင်တန်းအမှတ်စဉ် (၁)မှ (၃) အထိ ပုဂ္ဂလိကဝန်ထမ်းများ အပါအဝင် သင်တန်းသားစုစုပေါင်း ၇၆၄ ဦးအား ဘွဲ့လွန်ဒီပလိုမာများ ပေးအပ်နိုင်ခဲ့ပါကြောင်း။

၂၀၁၆ ခုနှစ် ဧပြီ ၁ ရက်မှ ၂၀၁၈ ခုနှစ် မတ် ၃၁ ရက်အထိ (၂)နှစ်တာကာလအတွင်း ဗဟိုဝန်ထမ်းတက္ကသိုလ်များတွင် လေ့ကျင့်ပေးနိုင်ခဲ့သည့် သင်တန်း ၁၃ ခုတွင် သင်တန်းသားဦးရေ ၁၇၆၇၇ ဦး၊ ၂၀၁၇ ခုနှစ် ဧပြီမှ ၂၀၁၈ ခုနှစ် မတ်အထိ သင်တန်း ၁၀ ခုတွင် ဦးရေ ၇၃၁၃ ဦး ရှိပါကြောင်း။

ဒုတိယ(၁)နှစ်တာကာလအတွင်း ဝန်ကြီးဌာန/အဖွဲ့အစည်းများရှိ ဒုတိယညွှန်ကြားရေးမှူးအဆင့်မှ ညွှန်ကြားရေးမှူးအဆင့်သို့ တန်းစီဇယားအတိုင်း ရာထူးတိုးမြှင့်ပေးသည့် ဦးရေ အမျိုးသား ၆၈ ဦး၊ အမျိုးသမီး ၃၀ စုစုပေါင်း ၉၈ ဦး၊ ညွှန်ကြားရေးမှူးအဆင့်မှ ဒုတိယညွှန်ကြားရေးမှူးချုပ်အဆင့်သို့ တန်းစီဇယားအတိုင်း ရာထူးတိုးမြှင့်ပေးသည့်ဦးရေ အမျိုးသား ၂၇ ဦး၊ အမျိုးသမီး ရှစ်ဦး စုစုပေါင်း ၃၅ ဦး ရှိပါကြောင်း။

### ရာထူးတိုးမြှင့်ပေး

ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများမှ အမှုထမ်းများအား ပြန်တမ်းဝင်အရာရှိ ရာထူးတိုးမြှင့်ခြင်းဆိုင်ရာ စိစစ်ထောက်ခံမှုအခြေအနေတွင် ဌာနတွင်းဝန်ထမ်းများ လုပ်သက်ပြည့် ရာထူးတိုးမြှင့်ပေးသူဦးရေ ၇၈၅၆ ဦး၊ ဌာနတွင်းဝန်ထမ်းများ လုပ်သက်လျှော့ အထူးကိစ္စဖြင့် ရာထူးတိုးမြှင့်ပေးသူဦးရေ ၈၂ ဦး၊ ပညာအရည်အချင်းကို လျှော့ပေါ့၍ ရာထူးတိုးမြှင့်ပေးသူဦးရေ ၁၃ ဦး ရှိပါကြောင်း။

ဒုတိယ(၁)နှစ်တာကာလအတွင်း နိုင်ငံ့ဝန်ထမ်းအရာထမ်းများ ဌာနပြောင်းရွှေ့တာဝန်ထမ်းဆောင်နိုင်ရန်အတွက် ဝန်ကြီးဌာန/အဖွဲ့အစည်းတစ်ခုမှ တစ်ခုသို့ ပြောင်းရွှေ့ အရာထမ်းဦးရေ ၄၅၇ ဦး၊ ကာကွယ်ရေးဝန်ကြီးဌာနမှ အရပ်ဘက်ဝန်ကြီးဌာန/အဖွဲ့အစည်းသို့ ပြောင်းရွှေ့အရာထမ်းဦးရေ ကိုးဦး၊ အရပ်ဘက်ဝန်ကြီးဌာန/အဖွဲ့အစည်းက ကာကွယ်ရေးဝန်ကြီးဌာနမှ ပြန်တမ်းဝင်အရာရှိများ တောင်းခံသည့် အရာထမ်းဦးရေ ၅၇ ဦး စုစုပေါင်း ၅၂၃ ဦး ဖြစ်ပါကြောင်း။

### ဖြည့်စွက်ခန့်ထားနိုင်ရေး

နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများအတွက် လုပ်ငန်းဆောင်ရွက်မှုအနေဖြင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများကို ပြင်ဆင်သည့်နည်းဥပဒေများအား နည်းဥပဒေ (၂၉)ခုနှင့် ပုံစံ(၄)ခုတို့ ပြင်ဆင်ဖြည့်စွက်၍ ၂၀၁၇ ခုနှစ် ဇွန် ၉ ရက်တွင် အမိန့်ကြော်ငြာစာ (၃၅/၂၀၁၇) ဖြင့် ထုတ်ပြန်ပြဋ္ဌာန်းခြင်း၊ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများအား နိုင်ငံတော်နှင့် အများပြည်သူအကျိုးငှာ ဆက်လက်တာဝန်ပေးအပ်ရန် လိုအပ်ပါက အသက်(၆၀) နှစ်ပြည့်ပြီး တစ်ဆက်တည်း တစ်နှစ်ထက်မပိုသော ကာလအတွက် ဆက်လက်တာဝန်ပေးအပ်ရန် နိုင်ငံတော်သမ္မတရုံးမှ ညွှန်ကြားချက်ထုတ်ပြန်နိုင်ရေး အထောက်အကူပြုခြင်း၊ ၂၀၁၇ ခုနှစ် ဩဂုတ် ၂၅ ရက်တွင် နိုင်ငံ့ဝန်ထမ်းအငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် ခံစားကာလအတွင်း အခြားဝန်ထမ်းတစ်ဦးအား ဖြည့်စွက်ခန့်ထားနိုင်ရေးအတွက် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများကို ဒုတိယအကြိမ် ပြင်ဆင်သည့်နည်းဥပဒေများအား ထုတ်ပြန်ပြဋ္ဌာန်းခြင်း။

### အထောက်အကူပြု

ပြည်သူ့ဝန်ထမ်း၏ အဓိပ္ပာယ်ဖွင့်ဆိုချက်ကို ဖြည့်စွက်၍ နိုင်ငံ့ဝန်ထမ်းဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေအား ထုတ်ပြန်ပြဋ္ဌာန်းနိုင်ရေး ဆောင်ရွက်ခြင်း၊ နိုင်ငံ့ဝန်ထမ်းများ ရာထူးတိုးမြှင့်ခန့်ထားရာ၌ အနည်းဆုံးလိုအပ်သည့်ပညာအရည်အချင်း၊ ကျွမ်းကျင်မှု အရည်အချင်း Q-Sheet သတ်မှတ်ရေးအတွက် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးမှ ညွှန်ကြားချက်ထုတ်ပြန်နိုင်ရန် အထောက်အကူပြုခြင်းတို့ကို ဆောင်ရွက်နိုင်ခဲ့ပါကြောင်း ရှင်းလင်းပြောကြားသည်။

### ဦးစားပေးဆောင်ရွက်

ယင်းနောက် **နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ကိုယ်စား နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမြင့်သူ**က နိုင်ငံခြားရေးဝန်ကြီးဌာနသည် ကမ္ဘာ့နိုင်ငံအားလုံးနှင့် ချစ်ကြည်ရင်းနှီးမှု၊ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး၊ နိုင်ငံတကာနှင့် ဒေသဆိုင်ရာအဖွဲ့အစည်းများနှင့် ပိုမိုပူးပေါင်းဆောင်ရွက်ရေး၊ နိုင်ငံတကာမျက်နှာစာတွင် ပိုမိုတက်ကြွစွာပါဝင်ရေး၊ မြန်မာနိုင်ငံသားများနှင့် မြန်မာနိုင်ငံသားဟောင်းများ၏ အကျိုးစီးပွားကာကွယ်စောင့်ရှောက်ရေးတို့ကို ဦးစားပေးဆောင်ရွက်လျက်ရှိပါကြောင်း။

အစိုးရ၏ ပထမ(၁)နှစ်တာကာလအတွင်း သိသာထင်ရှားသည့် တိုးတက်အောင်မြင်မှုများ ရရှိခဲ့သော်လည်း ၂၀၁၆ ခုနှစ် အောက်တိုဘာ ၉ ရက်နှင့် ၂၀၁၇ ခုနှစ် ဩဂုတ် ၂၇ ရက်တို့တွင် ရခိုင်ပြည်နယ်အတွင်း ARSA အကြမ်းဖက်သမားများ၏ အကြမ်းဖက်တိုက်ခိုက်မှုများ နောက်ပိုင်း နိုင်ငံတကာမှ အထင်အမြင်လွဲမှားမှုများနှင့် ဖိအားပေးမှုများ ပိုမိုများပြားလာခဲ့ပါကြောင်း။

နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံတကာမျက်နှာစာတွင် ဖိအားပေးမှုများ၊ စိန်ခေါ်မှုများကို တုံ့ပြန်ဖြေရှင်းဆောင်ရွက်လျက်ရှိပြီး တစ်ဖက်မှလည်း နိုင်ငံခြားရေးမူဝါဒနှင့်အညီ နိုင်ငံတကာနှင့် ဆက်ဆံရေးကို ပိုမိုတိုးတက်ကောင်းမွန်စေရန် အထူးအလေးထားဆောင်ရွက်လျက်ရှိပါကြောင်း။

### ဆောင်ရွက်ပေးနိုင်

နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် ကမ္ဘာ့နိုင်ငံအားလုံးနှင့် ချစ်ကြည်ရင်းနှီးမှုမြှင့်တင်နိုင်ရန် တစိုက်မတ်မတ် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ နိုင်ငံတော်အကြီးအကဲများ၊ အဆင့်မြင့်ကိုယ်စားလှယ်များ၏ ချစ်ကြည်ရေးခရီးစဉ်များ အဆင်ပြေချောမွေ့စေရေးအတွက် သံတမန်လမ်းကြောင်းမှတစ်ဆင့် ဆက်သွယ်ညှိနှိုင်းဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း၊ အလားတူ ပြည်ပမှ နိုင်ငံတော်အကြီးအကဲများ၊ အဆင့်မြင့်အရာရှိကြီးများ၏ ခရီးစဉ်များ အဆင်ပြေချောမွေ့စေရန်လည်း စီစဉ်ဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း။

အဆိုပါ ချစ်ကြည်ရေးခရီးစဉ်များတွင် နှစ်နိုင်ငံအကြီးအကဲများအကြား ပုဂ္ဂိုလ်ရေးခင်မင်ရင်းနှီးမှု၊ အပြန်အလှန်နားလည်မှု တိုးမြှင့်တည်ဆောက်နိုင်ခဲ့ပြီး မြန်မာနိုင်ငံတွင် ဆောင်ရွက်နေသည့် ဒီမိုကရေစီပြုပြင်ပြောင်းလဲရေး၊ ငြိမ်းချမ်းရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များကို အသိပေးပြောကြားနိုင်ခဲ့ပါကြောင်း။

### ညှိနှိုင်းဆောင်ရွက်

မြန်မာနိုင်ငံအနေဖြင့် အာဆီယံ၊ ဘင်းမ်စတက်၊ မဟာမဲခေါင်ဒေသခွဲ ပူးပေါင်းဆောင်ရွက်မှုအစီအစဉ် (ဂျီအမ်အက်စ်)၊ ဧရာဝတီ-ကျောက်ဖယား-မဲခေါင် စီးပွားရေးဆောင်ရွက်မှုမဟာဗျူဟာ၊ လန်ချန်း-မဲခေါင် ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်၊ မဲခေါင်-ဂျပန်၊ မဲခေါင်-ကိုရီးယား၊ မဲခေါင်မြစ်အောက်ပိုင်းနိုင်ငံများ ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ် (အယ်လ်အမ်အိုင်) အစရှိသည့် ဒေသတွင်းအဖွဲ့အစည်းများတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်လျက်ရှိရာ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာနတို့အနေဖြင့် ဦးဆောင်ဝန်ကြီးဌာနများအဖြစ် ညှိနှိုင်းဆောင်ရွက်လျက်ရှိပါကြောင်း။

### မြှင့်တင်ဆောင်ရွက်

နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် အာဆီယံအဖွဲ့၏ အမျိုးသားအတွင်းရေးမှူးရုံးအဖြစ် ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ နိုင်ငံတကာဆက်ဆံရေးနှင့် သံတမန်ဆက်သွယ်ရေးတွင် နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် ကမ္ဘာ့နိုင်ငံများနှင့် သံတမန်ဆက်သွယ်မှုများကိုလည်း တိုးမြှင့်ဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

မြန်မာနိုင်ငံအနေဖြင့် ကမ္ဘာ့နိုင်ငံများနှင့် ပိုမိုထိတွေ့ပူးပေါင်းဆောင်ရွက်နိုင်ရန် မြန်မာသံရုံး/အဖွဲ့ရုံး/မြန်မာကောင်စစ်ဝန်ချုပ်ရုံးများကို ပြည်ပနိုင်ငံများတွင် ဖွင့်လှစ်ထားရှိပြီး သံတမန်ဆက်ဆံရေးနှင့် နှစ်နိုင်ငံအကျိုးတူပူးပေါင်းဆောင်ရွက်ရေးကို မြှင့်တင်ဆောင်ရွက်လျက်ရှိပါကြောင်း။

### သံတမန်ဆက်သွယ်မှု

လက်ရှိအားဖြင့် မြန်မာသံရုံး ၃၅ ရုံး၊ မြန်မာအဖွဲ့ရုံး ငါးရုံး၊ ကောင်စစ်ဝန်ချုပ်ရုံး ခြောက်ရုံး၊ စုစုပေါင်း ၄၆ ရုံး ဖွင့်လှစ်ထားရှိပြီးဖြစ်ပါကြောင်း၊ ထို့ပြင် ဂုဏ်ထူးဆောင်ကောင်စစ်ဝန်ချုပ်ရုံး ၁၃ ရုံးကို ဖွင့်လှစ်ထားရှိပြီးဖြစ်ပါကြောင်း၊ နိုင်ငံတော်အစိုးရ၏ ဒုတိယ(၁)နှစ်တာကာလအတွင်း မော်လတာ၊ အီကွေဒေါ၊ မာရှယ်ကျွန်းစု၊ လိုက်ဘေးရီးယား၊ ဂီနီ၊ ဆေးရှဲလ်နှင့် ဗာတီကန်မြို့ပြနိုင်ငံတို့ဖြင့် သံတမန်ဆက်သွယ်မှု ဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

ကမ္ဘာ့နိုင်ငံ ၁၉၃ နိုင်ငံအနက် မြန်မာနိုင်ငံအနေဖြင့် ၁၂၁ နိုင်ငံနှင့် သံတမန်အဆက်အသွယ် ထူထောင်ထားရှိပြီးဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် အရှေ့အာရှနှင့် ပစိဖိတ်ဒေသရှိ ၁၀ နိုင်ငံ၊ ဥရောပဒေသရှိ ၄၆ နိုင်ငံ၊ အရှေ့တောင်အာရှဒေသရှိ ၁၀ နိုင်ငံ၊ အရှေ့အလယ်ပိုင်းနှင့် အာဖရိကဒေသရှိ ၂၆ နိုင်ငံ၊ အမေရိကဒေသရှိ ၁၄ နိုင်ငံ၊ တောင်နှင့် အနောက်အာရှဒေသရှိ ရှစ်နိုင်ငံ စုစုပေါင်း ၁၁၄ နိုင်ငံနှင့် ၂၀၁၇ ခုနှစ်အတွင်း သံတမန်ဆက်ဆံရေးဆောင်ရွက်ခဲ့သည့် နိုင်ငံ ခုနစ်နိုင်ငံ စုစုပေါင်း ၁၂၁ နိုင်ငံဖြစ်ပါကြောင်း။

### ပူးပေါင်းဆောင်ရွက်

နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်၏ အပြီးသတ်အစီရင်ခံစာတွင်ပါရှိသည့် အကြံပြုချက်များ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်လည်း ပါဝင်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်ဟောင်းနှင့် နိုင်ငံခြားရေးဝန်ကြီးဟောင်း Dr. Surakiart Sathirathai ဦးဆောင်သည့် အကြံပေးဘုတ်အဖွဲ့နှင့်လည်း ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

### ဖြေလျှော့မှုများပြုလုပ်ပေး

နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် “ပြည်သူကို ဗဟိုပြုသည့်သံတမန်နည်းလမ်း”ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ပြည်ပရောက် မြန်မာနိုင်ငံသားများနှင့် မြန်မာနိုင်ငံသားဟောင်းများ၏ အကျိုးကို အလေးထားကာကွယ်စောင့်ရှောက်ပေးလျက်ရှိပါကြောင်း၊ ပြည်ပရောက် မြန်မာနိုင်ငံသားဟောင်းများက မြန်မာနိုင်ငံသား ပြန်လည်လျှောက်ထားလာမှုများကို သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ပေးနေသကဲ့သို့ လူမှုရေးဗီဇာဖြင့် ပြန်လာလိုသူများအတွက်လည်း ပိုမိုအဆင်ပြေစေရန် ဖြေလျှော့မှုများ ပြုလုပ်ပေးခဲ့ပါကြောင်း။

ပြည်ပရောက် မြန်မာနိုင်ငံသားများ ပြည်ပတွင် သေဆုံးခြင်း၊

**စာမျက်နှာ ၁၁ သို့**

❒ စာမျက်နှာ ၁၀ မှ

ထိခိုက်ဒဏ်ရာရခြင်းများရှိပါကလည်း လိုအပ်သည့် ပံ့ပိုးကူညီမှုများ ဆောင်ရွက်ပေးလျက် ရှိပါကြောင်း၊ အထူးသဖြင့် ထိခိုက်ဒဏ်ရာရရှိသည့် မြန်မာအလုပ်သမားများအတွက် လျော်ကြေးငွေရရှိရေး၊ လေယာဉ်စရိတ်အခက်အခဲကြောင့် မြန်မာနိုင်ငံသို့ မပြန်နိုင်ဘဲ ဒုက္ခရောက်နေသူများကို သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ညှိနှိုင်းလျက် ပြန်လည်ခေါ်ဆောင်ပေးလျက်ရှိပါကြောင်း။

**အစည်းအဝေးများ**

ပြည်ပတွင် အကြောင်းအမျိုးမျိုးကြောင့် ပြစ်ဒဏ်ခံရပြီး ပြန်လည်လွတ်မြောက်လာသည့် နိုင်ငံသားများ၊ လူကုန်ကူးခြင်းခံရသည့် နိုင်ငံသားရေလုပ်သားများကို မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ယူပေးနိုင်ခဲ့ပါကြောင်း။

နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် မြန်မာ-အိန္ဒိယနှစ်နိုင်ငံအကြား ကဘော်ချိုင့်ဝှမ်း နယ်နိမိတ်မှတ်တိုင်ကိုးတိုင်ကို အိန္ဒိယဘက်နှင့် ပူးတွဲကွင်းဆင်းစစ်ဆေးနိုင်ရန် ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပါကြောင်း၊ မကြာမီ နှစ်နိုင်ငံမြေတိုင်းညွှန်ကြားရေးမှူးချုပ်အဆင့် အစည်းအဝေးနှင့် ပူးတွဲနယ်နိမိတ်တိုင်းတာရေးလုပ်ငန်းအဖွဲ့ အစည်းအဝေးများ ကျင်းပသွားရန် ရှိပါကြောင်း။

**ညှိနှိုင်းဆောင်ရွက်**

မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံအကြား နတ်မြစ်မြောက်ဘက် ကုန်းပိုင်းနယ်နိမိတ်စာချုပ် ၁၉၉၈ ကို အတည်ပြုသည့်စာချွန်လွှာနှင့် မြန်မာ-ဘင်္ဂလားဒေ့ရှ် နတ်မြစ်နယ်နိမိတ် ဖြည့်စွက်အခြေပြစာချုပ် ၂၀၀၇ တို့ကို နေပြည်တော်တွင် ၂၀၁၇ ခုနှစ် နိုဝင်ဘာ ၂၃ ရက်က လက်မှတ်ရေးထိုး လဲလှယ်နိုင်ရန် ညှိနှိုင်းဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း၊ မြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံအကြား နယ်နိမိတ်ကို ၁၉၅၉ ခုနှစ်မှ ၁၉၆၁ ခုနှစ်များအတွင်း "Ba Ba Campaign" နှင့် တိုင်းတာသတ်မှတ်နိုင်ခဲ့ပြီး ပထမအကြိမ် ပူးတွဲကွင်းဆင်းစစ်ဆေးမှုကို ၁၉၈၅-၁၉၈၆ ခုနှစ်ကလည်းကောင်း၊ ဒုတိယအကြိမ် ပူးတွဲကွင်းဆင်းစစ်ဆေးမှုကို ၁၉၉၃-၁၉၉၄ ခုနှစ်ကလည်းကောင်း ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ ယခုအခါ တရုတ်ဘက်မှ တတိယအကြိမ် ပူးတွဲကွင်းဆင်းစစ်ဆေးရန် အဆိုပြုလာသည့်အတွက် ညှိနှိုင်းဆောင်ရွက်လျက်ရှိပါကြောင်း။

**တိုက်တွန်းဆောင်ရွက်**

နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာနအနေဖြင့် ဒုတိယ(၁)နှစ်တာကာလအတွင်း နိုင်ငံတကာမျက်နှာစာတွင် စိန်ခေါ်မှုများကို ရင်ဆိုင်ဖြေရှင်းပေးလျက်ရှိပါကြောင်း၊ တစ်ချိန်တည်းမှာပင် နိုင်ငံတကာအသိုက်အဝန်းနှင့် ထိတွေ့ပြီး ဝေဖန်ပြစ်တင်ဆောင်ရွက်ခြင်းထက် မြန်မာနိုင်ငံအစိုးရက ဆောင်ရွက်လျက်ရှိသည့် အစီအစဉ်များတွင် အပြုသဘော ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန်၊ ပြဿနာကို ပိုမိုဆိုးရွားလာစေနိုင်သည့် လုပ်ရပ်များကို ရှောင်ရှားပြီး ပြဿနာဖြေရှင်းရေးကို အပြုသဘော ပါဝင်ကြရန် တိုက်တွန်းဆောင်ရွက်လျက်ရှိပါကြောင်း။

မိမိတို့ဝန်ကြီးဌာနနှစ်ခုအနေဖြင့် ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာမျက်နှာစာတွင် လတ်တလောကြုံတွေ့နေရသည့် စိန်ခေါ်မှုများကို ကျော်လွှားနိုင်ရန်၊ မြေပြင်တွင် လတ်တလောဖြစ်ပေါ်တိုးတက်မှုများကို ပိုမိုသိရှိနားလည်စေရန် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် သိမ်မွေ့နက်နဲသည့်ကိစ္စရပ်များကို မိတ်ဆွေနိုင်ငံများ၊ နားလည်မှုရှိသည့် နိုင်ငံများ၏ ကူညီပံ့ပိုးမှုဖြင့် ဖြေရှင်းဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် **ပြည်ထောင်စုရှေ့နေချုပ်ရုံး အမြဲတမ်းအတွင်းဝန် ဒေါ်နုနုယဉ်**က ပြည်ထောင်စုရှေ့နေချုပ်ရုံးသည် ၂၀၀၈ ခုနှစ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအရ မြန်မာနိုင်ငံ၏ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးနယ်ပယ်သုံးရပ်တွင် ပါဝင်ဆောင်ရွက်ရသော အဖွဲ့အစည်းဖြစ်သည်နှင့်အညီ ပြောင်းလဲလာသည့် လုပ်ငန်းတာဝန်များကို ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် တရားဥပဒေစိုးမိုးရေးဆီသို့ ဆောင်ပုဒ်နှင့်အတူ မဟာဗျူဟာစီမံကိန်း ၂၀၁၅-၂၀၁၉ ခုနှစ်ကို နိုင်ငံတော်အစိုးရ၏ တရားဥပဒေစိုးမိုးရေးဆိုင်ရာမူဝါဒများ ပိုမိုခိုင်မာအားကောင်းလာစေရန်နှင့် ပြည်သူများက လေးစားရသည့် အဖွဲ့အစည်းတစ်ခုဖြစ်စေရန်ရည်ရွယ်၍ ရေးဆွဲပြီး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း။

ဥပဒေစိစစ်ရေးဦးစီးဌာနသည် ပထမ(၁)နှစ်တာကာလထက် ဒုတိယ(၁)နှစ်တာကာလတွင် ဥပဒေကြမ်းစိစစ်ခြင်း၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်၊ ညွှန်ကြားချက်စိစစ်ခြင်းနှင့် ဥပဒေဘာသာပြန်ဆိုခြင်းတို့ကို (၉၁) ကြိမ် ပိုမိုဆောင်ရွက်နိုင်ခဲ့ပါကြောင်း။



ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင်
ဦးစောဗယ်လင်တိုင်း



နိုင်ငံခြားရေးဝန်ကြီးဌာန
အမြဲတမ်းအတွင်းဝန် ဦးမြင့်သူ



ပြည်ထောင်စုရှေ့နေချုပ်ရုံး
အမြဲတမ်းအတွင်းဝန် ဒေါ်နုနုယဉ်

စိစစ်ခဲ့သောဥပဒေများမှ ကောက်နုတ်ချက်အနေဖြင့် စာချုပ်စာတမ်းများ မှတ်ပုံတင်ဥပဒေ၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးဥပဒေ၊ အမုန်းစကားများကာကွယ်တားဆီးရေးဥပဒေ၊ စားသုံးသူကာကွယ်ရေးဥပဒေ၊ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုမှ တားဆီးကာကွယ်ရေးဥပဒေ၊ ဆက်သွယ်ရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေ၊ မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ၊ သစ်တောဥပဒေနှင့် ပြည်ထောင်စုအခွန်အကောက်ဥပဒေတို့ ဖြစ်ပါကြောင်း။

ဥပဒေအကြံပေးရေးဦးစီးဌာန၏ ဆောင်ရွက်ချက်အနေဖြင့် ဥပဒေအကြံပေးလုပ်ငန်းတာဝန်များအပြင် မြန်မာနိုင်ငံက စာချုပ်ဝင်အဖြစ်ပါဝင်မည့် နှစ်နိုင်ငံသဘောတူစာချုပ်များနှင့် ဒေသတွင်း သဘောတူစာချုပ်များမှာ ဥပဒေရေးရာကိစ္စရပ်များနှင့်စပ်လျဉ်းပြီး ဆွေးနွေးညှိနှိုင်းသူအဖြစ် ဆောင်ရွက်ရပါကြောင်း၊ ထို့ပြင် စီးပွားရေးဆိုင်ရာ စာချုပ်စာတမ်းအမျိုးအစား ၁၄ မျိုးအနက် အများဆုံးစိစစ်ဆောင်ရွက်ရသော စာချုပ်စာတမ်းများမှာ နိုင်ငံတော်၏ သယံဇာတ တွင်းထွက်ပစ္စည်းများကို ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားသည့် လုပ်ငန်းသဘောတူ စာချုပ်များ၊ လမ်း၊ တံတား၊ ရုံး၊ အဆောက်အအုံများ ဆောက်လုပ်ရန်အတွက် လုပ်ငန်းအပ်နှံခြင်းစာချုပ်များ ဖြစ်ပါကြောင်း၊ နိုင်ငံ့ဝန်ထမ်းဥပဒေအရ အရေးယူဆောင်ရွက်သည့်ကိစ္စ၊ မြေသိမ်းကိစ္စ၊ ပြည်သူ့ဘဏ္ဍာ သိမ်းဆည်းသည့်အမိန့်အပေါ် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးသို့ အယူခံဝင်ရောက်သည့် ကိစ္စများအား အထွေထွေဥပဒေအကြံပေးရပါကြောင်း၊ အပြည်ပြည်ဆိုင်ရာ၊ ဒေသဆိုင်ရာစာချုပ်စာတမ်းများ၊ နားလည်မှုစာချွန်လွှာများ၊ အစိုးရဌာနများနှင့် ပြည်တွင်းပြည်ပပုဂ္ဂလိကကုမ္ပဏီများက ချုပ်ဆိုသော စီးပွားရေးစာချုပ်စာတမ်းများနှင့် အထွေထွေဥပဒေအကြံပေးခြင်းတို့ကို ပထမ(၁)နှစ်တာကာလထက် ဒုတိယ(၁)နှစ်တာကာလတွင် ၇၉၂ ကြိမ် ပိုမိုဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

စိစစ်ခဲ့သောစာချုပ်များမှ ကောက်နုတ်ချက်အနေဖြင့် မြန်မာ-အီးယူနှစ်နိုင်ငံ ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ရေးနှင့် အကာအကွယ်ပေးရေးဆိုင်ရာ သဘောတူစာချုပ်၊ မြန်မာ-စင်ကာပူ ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ရေးနှင့် အကာအကွယ်ပေးရေးဆိုင်ရာ သဘောတူစာချုပ်၊ ဒေသတွင်း ဘက်စုံစီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ သဘောတူစာချုပ်၊ အာဆီယံဝန်ဆောင်မှု ကုန်သွယ်ရေးဆိုင်ရာ သဘောတူစာချုပ်နှင့် အာဆီယံဒေသတွင်း တရားခံလွှဲပြောင်းရေးဆိုင်ရာ စံပြသဘောတူစာချုပ်တို့ ဖြစ်ပါကြောင်း။

တရားစွဲနှင့် အမှုလိုက်လုပ်ငန်းတွင် ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ဥပဒေရုံးအဆင့်ဆင့်သည် ရာဇဝတ်အမှုများနှင့် နိုင်ငံတော်က တရားလို၊ တရားပြိုင်အဖြစ် ပါဝင်သော တရားမအမှုများတွင် နိုင်ငံတော်ဘက်က အမှုလိုက်ပါဆောင်ရွက်ခြင်း၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်တွင် စာချွန်တော်အမှုများ လိုက်ပါဆောင်ရွက်ခြင်း၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးတွင် ရုံးသဟာယအဖြစ် လိုက်ပါဆောင်ရွက်ခြင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးတွင် ရုံးသဟာယအဖြစ် လိုက်ပါဆောင်ရွက်ရပြီး ဥပဒေအရာရှိများ၏ အဓိကပင်မလုပ်ငန်းဖြစ်သော တရားမစွဲမီ ဥပဒေအကြံပေးခြင်း၊ အမှုလိုက်ပါဆောင်ရွက်ခြင်း၊ အမှုရုပ်သိမ်းခြင်း၊ ပိတ်သိမ်းခြင်း၊ တရားမမှုများမှာ နိုင်ငံတော်ကိုယ်စား လိုက်ပါဆောင်ရွက်ခဲ့ရာ ပထမ(၁)နှစ်တာကာလထက် ဒုတိယ(၁)နှစ်တာကာလတွင် အမှုအရေအတွက် စုစုပေါင်း ၃၁၆၇ မှု ပိုမို၍ ဆောင်ရွက်ခဲ့ရပါကြောင်း။

အဂတိကင်းရှင်းရေး ဆောင်ရွက်ချက်များအနေဖြင့် လမ်းညွှန်ချက်များ ထုတ်ပြန်ခြင်း၊ အပြန်အလှန် ကြီးကြပ်ထိန်းကျောင်းခြင်း၊ တိုင်ကြားရန် ဖုန်းနံပါတ်များ သတင်းစာတွင် ဖော်ပြခြင်း၊ ဥပဒေရုံးများတွင် ကြော်ငြာစာကပ်ခြင်းနှင့် တိုင်ကြားစာများအပေါ်တွင် အရေးယူဆောင်ရွက်ခဲ့ပါကြောင်း၊ ဥပဒေအရာရှိများနှင့် ဝန်ထမ်းများ၏ တာဝန်ဆောင်ရွက်မှုများနှင့်စပ်လျဉ်းပြီး တိုင်ကြားစာများအပေါ် နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများနှင့်အညီ စစ်ဆေးပြီး ဝန်ထမ်းစည်းကမ်းဆိုင်ရာ ပြစ်ဒဏ်ချမှတ်ခဲ့ရာတွင် ပထမ(၁)နှစ်တာကာလထက် ဒုတိယ(၁)နှစ်တာကာလတွင် ပိုမိုထိရောက်သော ပြစ်ဒဏ်များဖြစ်သည့် ရာထူးအဆင့်လျှော့ချခြင်း၊ တာဝန်မှယာယီရပ်ဆိုင်းခြင်းနှင့် ဝန်ထမ်းအဖြစ်မှ ထုတ်ပယ်ခြင်း စသည့် ပြစ်ဒဏ်များကို ချမှတ်ခဲ့ပါကြောင်း။

ဥပဒေဘာသာပြန် ကော်မရှင်နှင့်စပ်လျဉ်း၍ ပြည်ထောင်စုရှေ့နေချုပ် ဦးဆောင်သည့် ဥပဒေဘာသာပြန်ကော်မရှင်အဖွဲ့သည် မြန်မာနိုင်ငံရှိအင်္ဂလိပ်ဘာသာဖြင့် ပြဋ္ဌာန်းထားသည့် ဥပဒေပေါင်း ၈၁ ခုကို မြန်မာဘာသာသို့ ပြန်ဆိုလျက်ရှိပါကြောင်း။

တရားလွှတ်တော် ရှေ့နေများကောင်စီသည် ပြည်ထောင်စုရှေ့နေချုပ်က ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သည့် အဖွဲ့ဝင် ၁၁ ဦးဖြင့် လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး တရားလွှတ်တော်ရှေ့နေအဖြစ် လျှောက်ထားခြင်းနှင့် စပ်လျဉ်း၍ စိစစ်ခြင်း၊ တရားလွှတ်တော်ရှေ့နေများ၏ ကျင့်ဝတ်သိက္ခာ ဖောက်ဖျက်မှုနှင့်စပ်လျဉ်း၍ သဘောထားပေးခြင်းတို့ကို ဆောင်ရွက်ပြီး တရားလွှတ်တော် ရှေ့နေများကောင်စီသို့ ပေးဆောင်ရမည့်ဝင်ကြေးအား ခေတ်ကာလနှင့်လျော်ညီစွာ တိုးမြှင့်ကောက်ခံခဲ့ပါကြောင်း။

တရားဥပဒေစိုးမိုးရေးနှင့်စပ်လျဉ်း၍ နိုင်ငံတော်သည် တရားဥပဒေစိုးမိုးရေးအား ဦးစားပေးဆောင်ရွက်နေသည့် ကာလဖြစ်၍ တရားဥပဒေစိုးမိုးရေးဌာနနှင့် တရားမျှတမှုဆိုင်ရာလုပ်ငန်းများ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ ဖွဲ့စည်းရန် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၏ သဘောတူညီချက်ဖြင့် ပြည်ထောင်စုအစိုးရက ဖွဲ့စည်းခွင့်ပြုခဲ့ပါကြောင်း၊ ဒုတိယ(၁)နှစ်တာကာလအတွင်း လုပ်ငန်းဆိုင်ရာအစည်းအဝေး သုံးကြိမ် ကျင်းပခြင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် လုပ်ငန်းအဖွဲ့ခွဲများ ဖွဲ့စည်းခြင်း၊ တရားဥပဒေစိုးမိုးရေးအတွက် တရားမျှတမှုဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးညီလာခံ ကျင်းပခြင်း၊ ညီလာခံရလဒ်များအပေါ် အခြေခံ၍ မဟာဗျူဟာ ရေးဆွဲခြင်းများကို ရေးဆွဲဆောင်ရွက်လျက်ရှိပါကြောင်း။

ဥပဒေအရာရှိများ လိုက်နာရမည့် ကျင့်ဝတ်များနှင့်ပတ်သက်၍ UNDP အကူအညီဖြင့် ပြည်တွင်း၊ ပြည်ပပညာရှင်များ၏ အကြံဉာဏ်များကို ရယူကာ ဥပဒေအရာရှိကျင့်ဝတ်ကို ရေးသားပြုစုခဲ့ပါကြောင်း၊ ဒုတိယ(၁)နှစ်တာကာလအတွင်း ဥပဒေအရာရှိ ကျင့်ဝတ်စာအုပ်ထုတ်ဝေခြင်း၊ ရှင်းလင်းပွဲများ ကျင်းပခြင်း၊ လိုက်နာကျင့်သုံးရန် ညွှန်ကြားချက်များ ထုတ်ဝေခြင်း၊ ကြီးကြပ်ဆောင်ရွက်ခြင်းများ ဆောင်ရွက်ခဲ့ပါကြောင်း၊ ဥပဒေပညာတတ်ကျွမ်းပြီး သိက္ခာရှိသူများ ဖြစ်စေရန်အတွက် ဥပဒေအရာရှိကျင့်ဝတ်ကို ထုတ်ဝေခဲ့ခြင်းဖြစ်ပါကြောင်း။

မျှတသော တရားစီရင်ရေး စံနှုန်းများစာအုပ်တွင် နိုင်ငံတကာစံနှုန်း၊ ပြည်တွင်း ဥပဒေစီရင်ထုံးများ ထည့်သွင်းတင်ပြထားပါကြောင်း၊ အဆိုပါစံနှုန်းများတွင် ဥပဒေ၏ရှေ့မှောက်တွင် တန်းတူညီမျှရှိခြင်းနှင့် ဥပဒေအရ ညီမျှစွာ ဆက်ဆံခြင်း၊ နောက်ကြောင်းပြန် အာဏာသက်ရောက်မှုမရှိစေခြင်း၊ အပြစ်မရှိဟု မှတ်ယူခြင်းနှင့် သံသယ အကျိုးခံစားခွင့်၊ ညှဉ်းပန်းနှိပ်စက်မှုနှင့် ဂုဏ်သိက္ခာ ညှိုးနွမ်းစေသည့် ဆက်ဆံမှုများမှ ကာကွယ်ခြင်း၊ ဝန်ခံထွက်ဆိုခြင်းမပြုဘဲ နှုတ်ဆိတ်နေခွင့်၊ ဥပဒေအကြံဉာဏ်ရယူခွင့်၊ စကားပြန်နှင့် ဘာသာပြန်အကူအညီရယူခွင့် စသည့်အချက်များ ပါဝင်ပါကြောင်း၊ ဥပဒေအရာရှိများအနေဖြင့် ၎င်းစံနှုန်းများကို လေ့လာကျင့်သုံးခြင်းဖြင့် အမှုလိုက်လုပ်ငန်းများကို ထိရောက်စွာ ဆောင်ရွက်နိုင်ပြီး ဥပဒေနှင့်အညီ အများပြည်သူရပိုင်ခွင့်ရှိသော အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ပေးနိုင်မည် ဖြစ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

အဆိုပါဌာနများ၏ ရှင်းလင်းချက်များအပေါ် ပြည်တွင်း၊ ပြည်ပ သတင်းမီဒီယာများက သက်ဆိုင်ရာဝန်ကြီးဌာနအလိုက် သိရှိလိုသည်များကို မေးမြန်းကြသည်။

**အခြားအကျိုးခံစားခွင့်**

**ပြည်ထောင်စုရာထူးဝန်အဖွဲ့**နှင့်ပတ်သက်၍ တစ်နိုင်ငံလုံးရှိ နိုင်ငံ့ဝန်ထမ်းဦးရေ၊ နေ့စားဝန်ထမ်းများခန့်အပ်မှုနှင့် အရာထမ်း ရာထူးတိုးစာမေးပွဲဖြေဆိုခွင့်တို့အား အဆင့်ဆင့်ခွင့်ပြုချက် တောင်းခံနေရမှု၊ နိုင်ငံ့ဝန်ထမ်းများ သက်ပြည့်ပင်စင် ရယူခြင်းကိစ္စ၊ ဝန်ထမ်းများ၏ လုပ်ငန်းစွမ်းဆောင်ရည်အပေါ် မူတည်၍ လစာအပြင် အခြားအကျိုးခံစားခွင့်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ အရပ်ဘက် ဝန်ကြီးဌာန/အဖွဲ့အစည်းများသို့ ပြောင်းရွှေ့လာမှုနှင့် နေပြည်တော်တွင် ပြည်သူ့ဝန်ထမ်းအကယ်ဒမီ လေ့ကျင့်ရေးဗဟိုသင်တန်းကျောင်း ဆောက်လုပ်ရန် စီစဉ်ဆောင်ရွက်နေမှုအခြေအနေကိစ္စတို့ကို မေးမြန်းကြရာ တာဝန်ရှိသူများက ဖြေကြားကြသည်။

**သံရုံးဖွင့်လှစ်မှု**

**နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန**တို့နှင့်ပတ်သက်၍ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ရောက်ရှိနေသော ဒုက္ခသည်များ ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်တွင် UNDP နှင့် UNHCR တို့မှ ပုဂ္ဂိုလ်များ ပူးပေါင်းပါဝင်နိုင်ရေးအတွက် ဆွေးနွေးညှိနှိုင်းဆောင်ရွက်နေမှု၊ ဒုက္ခသည်များအရေးနှင့်ပတ်သက်ပြီး မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှု၊ ရခိုင်အရေးနှင့်ပတ်သက်၍ မြန်မာနိုင်ငံအား နိုင်ငံတကာက ဖိအားပေးနေမှုနှင့် ဖြေရှင်းဆောင်ရွက်နေမှု၊ ရခိုင်ပြည်နယ်ရှိ အရေးကိစ္စများကဲ့သို့သော အထူးကိစ္စရပ်များအတွက် ချက်ချင်းဖြေရှင်းတုံ့ပြန်နိုင်ရန် ကိုယ်စားလှယ်အဖွဲ့ထားရှိရေး၊ ရုရှားနိုင်ငံ၊ တရုတ်နိုင်ငံတို့နှင့် ပူးပေါင်းဆောင်ရွက်မှု၊ မြန်မာနိုင်ငံသားဟောင်းများ မြန်မာနိုင်ငံသားပြုခွင့် ပြန်လည်လျှောက်ထားလာမှုနှင့်လက်ခံနေမှု၊ မြန်မာနိုင်ငံတွင် လာရောက်သံရုံးဖွင့်လှစ်မှုအခြေအနေကို မေးမြန်းကြရာ တာဝန်ရှိသူများက ဖြေကြားကြသည်။

**ပြစ်ဒဏ်ချမှတ်နေမှု**

**ပြည်ထောင်စုရှေ့နေချုပ်ရုံး**နှင့်ပတ်သက်၍ သတင်းထောက်နှစ်ဦး နိုင်ငံတော်လျှို့ဝှက်ချက်ဥပဒေပေါက်ကြားမှုဖြင့် အဖမ်းခံရသည့်ကိစ္စတွင် ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ အတည်ပြုချက်ကိစ္စ၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးတွင် ကြန့်ကြာနေသည့် ဥပဒေများနှင့်ပတ်သက်ပြီး တွေ့ကြုံရသည့် အခက်အခဲများ၊ သက်ငယ်မုဒိမ်းမှုကျူးလွန်ခြင်းနှင့်ပတ်သက်ပြီး ပြစ်ဒဏ်ချမှတ်နေမှုအခြေအနေတို့နှင့်စပ်လျဉ်း၍ မေးမြန်းကြရာတာဝန်ရှိသူများက ဖြေကြားကြသည်။ **ဟန်မွှေး၊ လင်းနိုင်(သတင်းစဉ်)**

# ဟားခါးမြို့ ဈေးသစ်ရပ်ကွက်၌ နေအိမ်သုံးလုံးမီးလောင်၊ လူသုံးဦး သေဆုံး

**ဟားခါး မေ ၃၁**

ဟားခါးမြို့ ဈေးသစ်ရပ်ကွက် ဗိုလ်ချုပ်လမ်း၌ မေ ၃၁ ရက် နံနက် ၁ နာရီ ၄၅ မိနစ်ခန့်က နေအိမ်သုံးလုံးမီးလောင်မှု ဖြစ်ပွားရာ လူသုံးဦး သေဆုံးခဲ့ပြီး နံနက် ၃ နာရီခွဲခန့်တွင် မီးငြိမ်းခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ အိမ်ရှင် ဒေါ်ဝေကျဲမ်း၏ ပျဉ်ခင်း၊ပျဉ်ကာ၊ သွပ်မိုး နှစ်ထပ်နေအိမ် မီးဖို မီးကြွင်းမီးကျန်မှ တစ်ဆင့် မီးကူးစက်လောင်ကျွမ်းခဲ့ကြောင်း၊ မီးလောင်မှုကြောင့် အိမ်ရှင် ဒေါ်ဝေကျဲမ်း(၉၀)နှစ်၊ ဒေါ်ဗန်ဘွေဇီး (၄၅)နှစ်နှင့် ဒေါ်လျူဌာ (၈၂)နှစ်တို့မှာ မီးလောင်သေဆုံးခဲ့ပြီး ဒေါ်ခင်လေးဆွေ(၄၅)နှစ်မှာ လက်နှစ်ဖက်နှင့် မျက်နှာ အနည်းငယ် မီးဟပ်ဒဏ်ရာ ရရှိခဲ့သည်။



အခင်းဖြစ်ပွားရာ နေရာသို့ ဟားခါးခရိုင်/မြို့နယ် မီးသတ်စခန်းမှ မီးငြိမ်းသတ်ယာဉ် ငါးစီး၊ ရေသယ်ယာဉ် သုံးစီး၊ စည်ပင်သာယာရေးမှ ရေသယ်ယာဉ်နှစ်စီး၊ အုပ်ချုပ်မှုယာဉ် နှစ်စီး စုစုပေါင်း ၁၀ စီးနှင့်အတူ မီးသတ်တပ်ဖွဲ့ဝင် ၅၅ ဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၁၅ ဦး၊ ဟားခါး အခြေချစစ်ဗျူဟာမှ တပ်ဖွဲ့ဝင် ၃၀ ၊ ရပ်ကွက်နေပြည်သူများက ဝိုင်းဝန်းမီးငြိမ်းသတ်ခဲ့ပြီး ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်နှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ စစ်ဗျူဟာ(အခြေချ)(ဟားခါး)မှ စစ်ဗျူဟာမှူးနှင့် တာဝန်ရှိသူများက ကြီးကြပ်ကွပ်ကဲကြသည်။

အဆိုပါမီးလောင်မှုနှင့်စပ်လျဉ်း၍ အိမ်ရှင် ဒေါ်ဝေကျဲမ်းအား ဟားခါးမြို့နယ်ရဲစခန်းက အရေးယူ ဆောင်ရွက်ထားကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## မြန်မာ့ရုပ်မြင်သံကြား

**၁-၆-၂၀၁၈ (သောကြာနေ့)**

**နံနက်ပိုင်း**

- ၆း၀၀ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၀၀ Breakfast News
- ၇း၃၅ MRTV Travelogue
- ၈း၃၅ မျက်မှောက်ရေးရာအဖြာဖြာ
- ၉း၁၀ "မြန်မာ့ရိုးရာလက်မှုအနုပညာ" (ချိန်ခွင်လုပ်ငန်း)
- ၉း၄၀ သူတို့ဒေသသူတို့ဘဝ "မြစ်သားမြို့သို့ အလည်တစ်ခေါက်"
- ၁၀း၃၀ လူမှုစီးပွားမြင်ကွင်းများ
- ၁၁း၂၅ အလုပ်သမားရေးရာအစီအစဉ်
- ၁၁း၅၀ သုံးသပ်ရှုမြင်မြန်မာ့ရုပ်ရှင် "ငါ့ကိုနမ်းတဲ့မုန်တိုင်း" (လွှမ်းပိုင်၊ ရဲရင့်အောင်၊ဖွေးဖွေး၊ နေအောင်၊ ရဲအောင်၊ မြတ်ကေသီအောင်)
- ၁၂း၃၀ မြန်မာဇာတ်လမ်းတွဲ "ကြမ္မာနံ့" (အပိုင်း-၂၇) (မင်းဦး၊ဖိုးသောကြာ၊ဆုလှိုင်နှင်း၊ စိုးစန္ဒာကျော်၊ဇော်ဇော်) (ဒါရိုက်တာ-အောင်ဩဘာ)
- ၁၃း၁၅ ငြိမ်းချမ်းရေးဂီတပွဲတော် ထုတ်လွှင့်မှုအစီအစဉ် (level-II) (ပွဲစဉ်-၃) (နေပြည်တော်) (တတိယပိုင်း)
- ၁၄း၀၀ မှတ်မှတ်ထင်ထင် မြန်မာ့ရုပ်ရှင် (အပိုင်း-၃) (ဒါရိုက်တာ-ကြည်စိုးထွန်း၊ စာရေးဆရာ မောင်ညွှန့်လွင်)
- ၁၅း၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ "မကြွေတဲ့နှင်းဆီ" (အပိုင်း-၃၂)

**ညပိုင်း**

- ၁၆း၃၅ "Weekly MNL Review (Week-12)"
- ၁၇း၀၅ ကျန်းမာရေးမဂ္ဂဇင်း "အရေးပေါ် ဆီးချို၊ သွေးချို တက်လျှင် ဘယ်လိုကုသရမလဲ" (အပိုင်း-၂)
- ၁၇း၂၀ "ရခိုင်ပြည်နယ်ပြန်လည်ထူထောင်ရန်အတွက် ကဏ္ဍအသီးသီးမှ ဆောင်ရွက်ချက်များ"(၅၄)
- ၁၇း၃၅ Weekly Sport Info
- ၁၈း၂၀ ရုပ်ရှင်ရိုက်မယ် "အသစ်တစ်ဖန် (Restart)၊ အမေနှင့်သူမ၏ မိခင် (Mon and her mother)
- ၁၉း၁၅ မြန်မာဇာတ်လမ်းတွဲ "ကြမ္မာနံ့" (အပိုင်း-၂၈) (မင်းဦး၊ဖိုးသောကြာ၊ဆုလှိုင်နှင်း၊ စိုးစန္ဒာကျော်၊ဇော်ဇော်) (ဒါရိုက်တာ-အောင်ဩဘာ)
- ၂၀း၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- ၂၀း၃၅ "ဝန်းကျင်သဘာဝမျှလိုက သစ်ပင်စိုက်ကြဝသန်ကာလ" -America's Got Talent -ဟာသရုပ်စုံစင်တော်ကြီး -အစီအစဉ်ပြီး၏။

# မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းတွင် တရားမဝင်ကုန်စည်များ သိမ်းဆည်းရမိ

**နေပြည်တော် မေ ၃၁**

မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်စဉ် မေ ၃၀ ရက်က မစ်ဆူဘစ်ရှီဖူဆို(TRUCK) ယာဉ်ကို စစ်ဆေးခဲ့ရာ ယာဉ်ပေါ်၌ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် အမိုနီယမ်နိုက်ထရိတ် ၃၃၅ အိတ် (ကီလိုဂရမ် ၁၆၇၁၀ ခန့်)နှင့် ပစ္စည်းသယ်ဆောင်သည့်ယာဉ်တစ်စီး (စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၃၂ ဒသမ ၅၃၂ သန်းခန့်)ကို တွေ့ရှိ၍ သိမ်းဆည်းရမိခဲ့သည်။

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး မေ ၃၀ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ်ပို့ကုန် ၁၂၈၄ စီး၊ သွင်းကုန် ၉၄၇ စီး၊ ရန်ကုန်-မြဝတီ လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ်ပို့ကုန် ၅၄ စီး၊ သွင်းကုန် ၁၆၂ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ မေ ၃၀ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု လေးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀ ဒသမ ၂၉ သန်းခန့်)၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုငါးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅ ဒသမ ၃၆ သန်းခန့်) စုစုပေါင်းတားဆီးမှု ကိုးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၅ ဒသမ ၆၅ သန်းခန့်)ကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ○ အင်ဒိုနီးရှားမှ

စင်ကာပူ၊ လာအို၊ ဖိလစ်ပိုင်၊ အုပ်စု (ခ)တွင် မလေးရှား၊ မြန်မာ၊ တီမော၊ ကမ္ဘောဒီးယားနှင့် ဘရူနိုင်းအသင်းတို့ ပါဝင်နေသည်။ အုပ်စုပွဲများကို ဇူလိုင် ၁ ရက်မှ ၁၀ ရက်အထိ ကျင်းပမည်ဖြစ်ပြီး ဆီမီးဖိုင်နယ်ပွဲများကို ဇူလိုင် ၁၂ ရက်၊ တတိယလုပွဲနှင့် ဗိုလ်လုပွဲကို ဇူလိုင် ၁၄ ရက်တွင် ကျင်းပမည်ဖြစ်သည်။ မြန်မာအသင်းသည် အုပ်စုပွဲများအဖြစ် ဇူလိုင် ၁ ရက်တွင် တီမောအသင်း၊ ဇူလိုင် ၅ ရက်တွင် ကမ္ဘောဒီးယားအသင်း၊ ဇူလိုင် ၇ ရက်တွင် ဘရူနိုင်းအသင်း၊ ဇူလိုင် ၉ ရက်တွင် မလေးရှားအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ အုပ်စုအနေအထားအရ မြန်မာအသင်းသည် ဆီမီးဖိုင်နယ်တက်ရောက်ရန် အခြေအနေကောင်းနေပြီး ရှေ့သုံးပွဲတွင် ရလဒ်ကောင်းပါက မလေးရှားနှင့် နောက်ဆုံးပွဲမှာ အုပ်စုပထမနေရာအတွက် အဆုံးအဖြတ်ပွဲဖြစ်လာမည်ဖြစ်သည်။

မြန်မာ ယူ-၁၉ အသင်းသည် ယင်းပြိုင်ပွဲယှဉ်ပြိုင်ရန် မေ ၁၀ ရက်မှစ၍ လေ့ကျင့်မှုများပြုလုပ်လျက်ရှိပြီး လက်ရှိအချိန်တွင် ကစားသမား ၂၈ ဦးဖြင့် လေ့ကျင့်လျက်ရှိသည်။ မြန်မာ ယူ-၁၉ အသင်းသည် ယင်းပြိုင်ပွဲအတွက် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် ပြည်တွင်းခြေစမ်းပွဲနှစ်ပွဲ ယှဉ်ပြိုင်ကစားထားပြီး ဇွဲကပင်အသင်းကို သုံးဂိုး-နှစ်ဂိုး၊ ရတနာပုံအသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ထားသည်။

မြန်မာ ယူ-၁၉ အသင်းသည် ဇွန်တတိယပတ်တွင် ထိုင်းနိုင်ငံသို့ သွားရောက်လေ့ကျင့်ရန် စီစဉ်ထားပြီး ခြေစမ်းပွဲသုံးပွဲ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ယင်းပြိုင်ပွဲကို ဇူလိုင် ၂ ရက်တွင် စတင်ကျင်းပရန် စီစဉ်ထားသော်လည်း တစ်ရက်စောကာ ဇူလိုင် ၁ ရက်တွင် စတင်ကျင်းပမည်ဖြစ်သည်။

**သတင်း-ရှိုင်းထက်ဇော်**
**ဓာတ်ပုံ-စိုးညွန့်**

# လက်နက်နှင့် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် မေ ၃၁**

မူးယစ်တပ်ဖွဲ့စု(၂) မြစ်ကြီးနားမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၃၀ ရက် မွန်းလွဲ ၁ နာရီက ဝိုင်းမော်မြို့နယ် ရွှေညောင်ပင်ကျေးရွာ ဝိုင်းမော်-ဗန်းမော်သွားကားလမ်းနှင့် ရွှေညောင်ပင်-တာလောကြီးသွားကားလမ်း လမ်းဆုံထိပ်၌ မနှင်းနှင်းအေးကို ရှာဖွေရာ ဘိန်းဖြူဆပ်ပြာခွက် ၄၄ ခွက် (အလေးချိန် ၄၈၄ ဂရမ်)၊ စိတ်ကြွရူးသွပ်ဆေးပြား ၅၈၃၉ ပြား၊ ငွေကျပ် ၉၀၀၀၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို လည်းကောင်း၊ ထို့အတူ မေ ၂၅ ရက် မွန်းတည့် ၁၂ နာရီတွင် တပ်မတော်က လားရှိုးမြို့နယ် မန်ဆာပန်ဝကျေးရွာအနီး နယ်မြေရှင်းလင်းစဉ် တဲနှစ်လုံးအားတွေ့ရှိပြီး အရပ်ဝတ်ဖြင့် လူခြောက်ဦးမှာ တဲအတွင်းမှထွက်ပြေးသွား၍ ဆက်လက်ရှာဖွေရာ တဲအနီးရှိ ဒေါင်ဖန်းဖောယာဉ်အတွင်းမှ အောင်မြတ်(ခ) အားတီအား လည်းကောင်း၊ တဲအတွင်းမှ အိုက်စ် တစ်ကီလို၊ ဆူဒိုအက်ဖီဒရင်းအမှုန့် ၇ ဒသမ ၅ ကီလို၊ ဟိုက်ဒရိုကလိုရစ်အက်စစ် ၅၅ လီတာ၊ ဆိုဒီယမ်ဟိုက်ဒရောဆိုက် ကီလို ၁၅၀၀၊ အက်စစ်တစ်အင်ဟိုက်ဒရိုက် လီတာ ၄၀၊ သိုင်အိုနိုင်းကလိုရိုက် အရည် ၁၆ လီတာ၊ တာတာရစ်အက်စစ်အမှုန့် ကီလို ၂၀၊ အရောင်ဆိုးဆေးအမှုန့် လေးကီလို၊ ဆား ၄၀၀ ကီလို၊ ပလတ်စတစ် ကပ်ခွာအိတ်ငယ် ၁၆၂၅၀ ၊ အမြင့် လေးပေခန့်ရှိ ဂက်(စ်)အိုးအကြီး အလုံး ၄၀၊ ဂက်(စ်)အိုးအလတ် ၃၂ လုံး၊ အမြင့် သုံးပေခန့်ရှိ ဂက်(စ်)အိုး အသေး ၁၉ လုံး၊ မီးစက်တစ်လုံး၊ မော်တာတပ်ဆင်ထားသည့် မွှေစက်တစ်လုံး၊ ပလတ်စတစ်အိတ် ပိတ်စက်တစ်လုံး၊ ဓာတ်ခွဲခန်းသုံး ခေါင်းစွပ်လေးခု၊ အခြောက်ခံသံဇလား သုံးခု၊ ပွိုင့် ၂၂ မောင်းပြန်ရိုင်ဖယ်တစ်လက်၊ ကျည်အိမ်တစ်ခု၊ ပွိုင့် ၂၂ ကျည် ရှစ်တောင့်၊ အမ်-၂၂ ကျည် ၄၃ တောင့်၊ အမ်-၂၂ ကျည်အိမ် (အရှည်)နှစ်ခု၊ အမ်-၂၂ ကျည်အိမ် (အတို)တစ်ခု၊ လက်ပစ်ဗုံးတစ်လုံး၊ အီကွေးမင့်တစ်စုံနှင့် ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။



အောင်မြတ်(ခ)အားတီအား သိမ်းဆည်းရမိ မူးယစ်ဆေးဝါးများ၊ လက်နက်၊ ခဲယမ်းများ၊ မူးယစ်ဆေးဝါးချက်လုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများနှင့်အတူ တွေ့ရစဉ်။

**သတင်းစဉ်**

# ကနီမြို့နယ်တွင် ဖုန်းပေါက်ကွဲမှုကြောင့် ကလေးငယ်တစ်ဦးဒဏ်ရာရ

**ကနီ မေ ၃၁**

စစ်ကိုင်းတိုင်းဒေသကြီး ကနီမြို့နယ် အိုင်တောင်ကျေးရွာရှိ အိမ်တစ်အိမ်တွင် မေ ၃၀ ရက် ညနေပိုင်းက ပေါက်ကွဲသံထွက်ပေါ်လာပြီး (၁၃)နှစ် အရွယ်ကလေးငယ်၏ခန္ဓာကိုယ်ညာဘက်ခြမ်းတွင် ဒဏ်ရာများရရှိခဲ့ရာ အချိန်ကြာမြင့်စွာအားသွင်းထားသောဖုန်းမှ ပေါက်ကွဲခြင်းဖြစ်ဖွယ်ရှိသည်ဟု ကနီမြို့နယ် အုပ်ချုပ်ရေးမှူး ဦးသိုက်စိုးထွန်းထံမှ သိရသည်။

မေ ၃၀ ရက် ညနေ ၅ နာရီခွဲတွင် အိုင်တောင်ကျေးရွာရှိ နေအိမ်တစ်အိမ်တွင် ပြင်းထန်သည့် ပေါက်ကွဲသံတစ်ခု ထွက်ပေါ်ပြီး မိခင်နှင့်အတူရှိနေသော မောင်ဖြိုးဇင်ဝင်းဇော် (၁၃)နှစ်၏ ခန္ဓာကိုယ်ညာဘက်ခြမ်းတွင် ဒဏ်ရာများစွာ ရရှိခဲ့သည့်အတွက် ကလေးကို မုံရွာဆေးရုံသို့ တင်ပို့ထားရကြောင်း သိရသည်။

"ကလေးရဲ့ ညာဘက်တစ်ခြမ်းလုံးမှာ ဒဏ်ရာအပေါက်တွေဖြစ်ကုန်ပါတယ်၊ ကလေးရဲ့ပါးကအစ လက်၊ ပေါင်ညာဘက်တစ်ခြမ်းလုံးမှာ ဒဏ်ရာရတာတွေ့ရတယ်၊ ဒဏ်ရာက အချွန်လေးတွေနဲ့ ထိုးမိခြစ်မိတဲ့ပြတ်ရှဒဏ်ရာတွေ တွေ့ရပါတယ်"ဟု ကိုဝင်းဇော်ခိုင်က ပြောသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

# မားကို့စ်ဆေးလ်ဗားအား အဲဗာတန်အသင်းနည်းပြသစ်အဖြစ် ခန့်အပ်ရန် နီးစပ်နေ




အဲဗာတန်အသင်းသည် ဝက်ဖို့ဒ်အသင်းနည်းပြဟောင်း မားကို့စ်ဆေးလ်ဗားအား နည်းပြသစ်အဖြစ် ခန့်အပ်ရန် နီးစပ်နေပြီဖြစ်ပြီး လာမည့်တစ်ပတ်အတွင်း တရားဝင်ကြေညာမည်ဖြစ်ကြောင်း သိရသည်။

အဲဗာတန်အသင်းသည် နည်းပြ ဆမ်အလာဒိုက်စ်အား ခြောက်လကြာ တာဝန်ယူကိုင်တွယ်စေခဲ့ပြီးနောက် နည်းပြအဖြစ်မှ ထုတ်ပယ်ခဲ့ခြင်းဖြစ်သည်။ ယင်းသို့ ထုတ်ပယ်ခဲ့ပြီးသည့် အချိန်ကတည်းက အဲဗာတန်အသင်းပိုင်ရှင် မိုရှီရီက အသက် ၄၀ အရွယ်ရှိ ပေါ်တူဂီနိုင်ငံသား မားကို့စ်ဆေးလ်ဗားအား ခေါ်ယူရန်ပစ်မှတ်ထားနေခဲ့ခြင်းဖြစ်သည်။

အဲဗာတန်အသင်း၏ အားကစားဒါရိုက်တာသစ်တစ်ဦးဖြစ်သည့် မာဆယ်ဘရန်းသည်လည်း ဇွန် ၁ ရက်တွင် အဲဗာတန်အသင်းနှင့်အတူ စတင်တာဝန်ထမ်းဆောင်မည် ဖြစ်သည်။

မားကို့စ်ဆေးလ်ဗားသည် ဇန်နဝါရီလအတွင်းက ဝက်ဖို့ဒ်အသင်း၏ ထုတ်ပယ်ခြင်းကို ခံခဲ့ရကာ လေးလကြာ အသင်းလက်မဲ့ဖြစ်နေခဲ့သူဖြစ်ပြီး လက်ရှိတွင် အဲဗာတန် အသင်းနည်းပြအဖြစ် ဘောလုံးလောကထဲသို့ ပြန်လည်ဝင်ရောက်လာတော့မည်ဖြစ်သည်။

**ငွေကြယ်**

## ဘေးလ်တစ်ဦးတည်းအတွက် ငွေကြေးမြောက်မြားစွာမသုံးရန် မန်ယူဘုတ်အဖွဲ့ဝင်များကို မော်ရင်ဟိုသတိပေး

မန်ယူနည်းပြ မော်ရင်ဟိုက ရီးယဲလ်တိုက်စစ်မှူး ဂါရတ်ဘေးလ် တစ်ဦးတည်းအတွက် ပေါင်သန်း ၂၀၀ အသုံးပြုရန် ဆန္ဒမရှိဘဲ မန်ယူဘုတ်အဖွဲ့ဝင်များအနေဖြင့် ကစားသမားတစ်ဦးတည်းအတွက် ငွေကြေးမြောက်မြားစွာ ဖြုန်းတီးမပစ်သင့်ကြောင်း သတိပေးစကားဆိုခဲ့သည်။ မန်ယူအမှုဆောင်ချုပ် အက်ဝုဒ်ဝ့်က ဂါရတ်ဘေးလ်ကို ယခုနှစ်နွေဈေးကွက် အဓိကပစ်မှတ်အဖြစ် ခေါ်ယူရန် ရည်ရွယ်ထားပြီး ပေါင်သန်း ၂၀၀ အထိ အသုံးပြုသွားရန် ဆုံးဖြတ်ထားပြီးဖြစ်သည်။

သို့သော် မော်ရင်ဟိုက ဘေးလ်တစ်ဦးတည်းအတွက် ပေါင်သန်း၂၀၀ အသုံးပြုခြင်းထက် သူကာလကြာရှည်ပစ်မှတ်ဖြစ်ခဲ့သည့် ဖရက်ဒ်နှင့် မီလင်ကိုဗစ်ဆာဗစ်တို့လို ကစားသမားမျိုးကိုသာ အမိအရ ခေါ်ယူသွားရန် ပိုမိုလိုလားနေခြင်းဖြစ်သည်။ မော်ရင်ဟိုက ဘရာဇီးကစားသမားအနေဖြင့် လာမည့် ရက်သတ္တပတ်အတွင်း လက်မှတ်ရေးထိုးမည်ဟု မျှော်လင့်ထားပြီး ပေါင် ၃၅ သန်း ပေးရနိုင်ဖွယ်ရှိသည်။

မန်ယူအသင်းမှာ ဖရက်ဒ်ကို ခေါ်ယူရန် နီးစပ်နေသော်လည်း အသက် ၂၃ နှစ်အရွယ် မီလင်ကိုဗစ်ဆာဗစ်အတွက်မူ လာဇီယိုအသင်းဘက်မှ ပေါင်သန်း ၉၀ နီးပါးအထိ တောင်းဆိုထားသောကြောင့် မန်ယူအသင်းဘက်မှ လက်ရှောင်နိုင်ဖွယ်ရှိနေကြောင်း သိရသည်။ လာဇီယိုအသင်းသည် အင်တာမီလန်အသင်းကို ရှုံးနိမ့်ခဲ့မှုကြောင့် ချန်ပီယံလိဂ်ဝင်ခွင့် လွဲချော်ထားရာ ဆားဘီးယားနိုင်ငံလက်ရွေးစင် မီလင်ကိုဗစ်ဆာဗစ်အနေဖြင့် လာဇီယိုအသင်းမှ ထွက်ခွာမည်မှာ သေချာနေသည်။

**မေလွဲ့သင်း**




# ဟေတီနှင့် ပွဲစဉ်တွင် အာဂျင်တီးနားအတွက် မက်ဆီ ဟက်ထရစ် သွင်း

အာဂျင်တီးနားအသင်းနှင့် ဟေတီအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့သည့် ကမ္ဘာ့ဖလားအကြိုခြေစမ်းပွဲစဉ်တွင် တိုက်စစ်မှူး မက်ဆီသည် အာဂျင်တီးနားအသင်းအတွက် ဟက်ထရစ် သွင်းယူနိုင်ခဲ့သည်။

အဆိုပါပွဲစဉ်တွင် တိုက်စစ်မှူး မက်ဆီ၏ အာဂျင်တီးနားကစားဖော် မာရှေယာနိုသည် အာဂျင်တီးနားအသင်းအတွက် ပွဲပေါင်း ၁၄၃ ပွဲ ပါဝင်ကစားခဲ့သည့် အထိမ်းအမှတ်အဖြစ် အာဂျင်တီးနားဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ကလော်ဒီယိုတာပီယာက မာရှေယာနိုအား အမှတ်တရအကျႌပေးအပ်ခဲ့ကြောင်း သိရသည်။

မာရှေယာနိုအနေဖြင့် ယခုပွဲစဉ်ကစားခဲ့ခြင်းကြောင့် အာဂျင်တီးနားအသင်းနှင့်အတူ ပွဲပေါင်း ၁၄၃ ပွဲ ပါဝင်ကစားခဲ့သည့် ဂျာဗီယာဇနက်တီ၏ စံချိန်ကို လိုက်မီသွားခဲ့ပြီဖြစ်သည်။

အဆိုပါပွဲစဉ်တွင် အာဂျင်တီးနားအသင်းအတွက် သွင်းဂိုးများကို ပွဲကစားချိန် ၁၇ မိနစ်၊ ၅၈ မိနစ်နှင့် ၆၆ မိနစ်တို့တွင် တိုက်စစ်မှူး မက်ဆီက သုံးဂိုးသွင်းယူပေးခဲ့ပြီး စတုတ္ထမြောက်သွင်းဂိုးကို တိုက်စစ်မှူး အဂူရိုက ပွဲကစားချိန် ၆၉ မိနစ်တွင် သွင်းယူပေးခဲ့ခြင်းဖြစ်သည်။

နည်းပြ ဆမ်ပါအိုလီ၏ အာဂျင်တီးနားအသင်းသည် ကမ္ဘာ့ဖလားပြိုင်ပွဲမတိုင်မီ ခြေစမ်းပွဲစဉ်အဖြစ်လာမည့်တစ်ပတ်ထဲတွင် အစ္စရေးအသင်းနှင့် ယှဉ်ပြိုင်ကစားရဦးမည်ဖြစ်သည်။

**ငွေကြယ်**



# သုံးပတ်အတွင်း ကြွံခိုင်မှုပြည့်ဝနေမည်ဖြစ်ကြောင်း အီဂျစ်ပရိသတ်များကို ဆာလာ သတင်းကောင်းပေး




လီဗာပူးတိုက်စစ်မှူး ဆာလာက သူ့အနေနဲ့ သုံးပတ်အတွင်း ကြံ့ခိုင်မှုပြည့်ဝလာမှာဖြစ်ကြောင်း ပြောကြားခဲ့ရာ အီဂျစ်ပရိသတ်တွေအတွက် သတင်းကောင်းဖြစ်ခဲ့ပါတယ်။ ဆာလာဟာ ပြီးခဲ့တဲ့ ချန်ပီယံလိဂ်ဗိုလ်လုပွဲမှာ ရာမို့စ်နဲ့ ဘောလုံးယှဉ်လုရင်း ပခုံးအဆစ်လွဲသွားတာကြောင့် ပွဲချိန်မိနစ် ၃၀ မှာ ကွင်းထဲကနေ မျက်ရည်လည်ရွဲနဲ့ ထွက်ခွာသွားခဲ့ပါတယ်။

ဆာလာဟာ ပြီးခဲ့တဲ့ရက်ပိုင်းက သူ့ဒဏ်ရာ အမြန်ဆုံးသက်သာစေဖို့ စပိန်မှာရှိတဲ့ ဆရာဝန်တွေနဲ့ သွားရောက်တွေ့ဆုံခဲ့တယ်လို့ အီဂျစ်ဘောလုံးအဖွဲ့ချုပ်က ထုတ်ပြန်ခဲ့ပါတယ်။ အီဂျစ်အက်ဖ်အေက "ယနေ့ အသင်းဆရာဝန်တွေနဲ့ တွေ့ဆုံမှုအပြီးမှာ ဆာလာအနေနဲ့ ကမ္ဘာ့ဖလားမှာ ပါဝင်နိုင်မှာဖြစ်ပြီး သုံးပတ်ထက် ပိုပြီး အနားယူရမှာမဟုတ်ဘူးလို့ အက်ဖ်အေက ထပ်မံ အတည်ပြုနိုင်ပါတယ်"ဟု တွစ်တာမှတစ်ဆင့် ပရိသတ်တွေကို အသိပေးခဲ့ပါတယ်။

ဆာလာကိုယ်တိုင်ကလည်း ယခုရက်အစောပိုင်းက "ဒီညက တကယ့်ကို ခက်ခဲပါတယ်၊ ဒါပေမယ့် ကျွန်တော်က တိုက်ပွဲဝင်စိတ်ရှိသူတစ်ယောက်ပါ၊ ထူးဆန်းကောင်း ထူးဆန်းနိုင်ပေမယ့် အားလုံးဂုဏ်ယူစရာဖြစ်မယ့် ရုရှားမှာ ပါဝင်ကစားနိုင်မယ်လို့ ယုံကြည်မှုအပြည့်ရှိပါတယ်" ဟု ပြောကြားခဲ့ပြီးဖြစ်ပါတယ်။

ဆာလာရဲ့ အမာခံပရိသတ်အချို့ကတော့ ဆာလာ ဒဏ်ရာရရှိခဲ့ခြင်းအတွက် ရာမို့စ်ကို ဝိုင်းဝန်းအပြစ်တင်နေပြီး အီဂျစ်ရှေ့နေတစ်ဦးကဆိုရင် ရာမို့စ်ကို လျော်ကြေးငွေ ပေါင်သန်းချီပြီး ရယူဖို့ လှုပ်ရှားနေတယ်လို့ သိရပါတယ်။

**မေလွဲ့သင်း**

*နိုင်ငံတော်တည်ဆောက်ရာတွင် နိုင်ငံတော်အချုပ်အခြာအာဏာ၏ ခက်မသုံးဖြာဖြစ်သည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးဟူသည့် မဏ္ဍိုင်ကြီးသုံးရပ်ဖြင့် အချင်းချင်း အပြန်အလှန် ထိန်းကျောင်းဆောင်ရွက်သည်ဟု ဆိုထားရာ ဥပဒေဆိုင်ရာ အကြောင်းအရာများကို ပြည်သူများ သိရှိလေ့လာနိုင်ရန် စာရေးသူ မောင်စာဂ၏ ဥပဒေနှင့်စပ်ဆိုင်သော ဆောင်းပါးများကို ဖော်ပြပေးသွားပါမည်။ ဆောင်းပါးတွင် ပါရှိသည့် အကြောင်းအရာများသည် စာရေးသူ၏ အာဘော်သာဖြစ်ပါသည်။ (စာတည်းအဖွဲ့)*

# လွှတ်တော်ကိုယ်စားလှယ်လောင်းများနှင့် အမည်စာရင်းတင်သွင်းခြင်း



မောင်စာဂ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၁၈ ခုနှစ်၊ မေလ ၂၅ ရက်စွဲဖြင့် ကြေညာချက်အမှတ် ၇၃/၂၀၁၈ ကို ထုတ်ပြန်ခဲ့ပါသည်။ ယင်းကြေညာချက်အရ လစ်လပ်မဲဆန္ဒနယ်များအတွက် လွှတ်တော်ကိုယ်စားလှယ်လောင်းများ အမည်စာရင်းတင်သွင်းခြင်း၊ ရုပ်သိမ်းခြင်း၊ စိစစ်ခြင်းတို့နှင့် စပ်လျဉ်းသည့် နေ့ရက်များကို သတ်မှတ်ကြေညာပေးခြင်းဖြစ်သည်။ လွှတ်တော်ကိုယ်စားလှယ်လောင်းများ အမည်စာရင်းတင်သွင်းကြတော့မည်။ ပါတီကိုယ်စားပြုလွှတ်တော်ကိုယ်စားလှယ်လောင်းများပါမည်။ တစ်သီးပုဂ္ဂလ လွှတ်တော်ကိုယ်စားလှယ်လောင်းများလည်း ပါဝင်လာနိုင်သည်။ အမည်စာရင်းတင်သွင်းခြင်း လုပ်ငန်းများကို မည်သို့ဆောင်ရွက်ကြရပါမည်နည်း။ မည်သို့အရေးကြီးပါသနည်း။ မျှဝေပါရစေ။

**နေ့ရက်များသတ်မှတ်ကြေညာထားသည်**

လွှတ်တော်ကိုယ်စားလှယ်လောင်းများ အမည်စာရင်းတင်သွင်းခြင်း၊ ရုပ်သိမ်းခြင်း၊ စိစစ်ခြင်းတို့နှင့် စပ်လျဉ်းသည့်နေ့ရက်များကို အောက်ပါအတိုင်းကြေညာထားသည်။ မှတ်သားထားကြရန် လိုအပ်ပါမည်။

| | |
|---|---|
| အမည်စာရင်း စတင်တင်သွင်းနိုင်သည့်နေ့ရက် | ၂ - ၇ - ၂၀၁၈ |
| အမည်စာရင်းတင်သွင်းနိုင်သည့်နောက်ဆုံးနေ့ရက် | ၁၁ - ၇ - ၂၀၁၈ |
| အမည်စာရင်းတင်သွင်းလွှာများကိုရုပ်သိမ်းလိုက ရုပ်သိမ်းနိုင်သည့်နောက်ဆုံးနေ့ရက် | ၁၃ - ၇ - ၂၀၁၈ |
| အမည်စာရင်းတင်သွင်းလွှာများကိုစိစစ်မည့်နေ့ရက် | ၁၆-၇-၂၀၁၈ မှ ၂၂-၇-၂၀၁၈ ရက်အထိ |

**ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်ရှိသူများဆိုသည်မှာ**

အနှစ်ချုပ်၍ပြောရလျှင် ရွေးကောက်တင်မြှောက်ခံရသည့်အချိန်နှင့် တစ်ဆက်တည်း မြန်မာနိုင်ငံတွင် အနည်းဆုံး ၁၀ နှစ် အခြေချနေထိုင်ခဲ့သူ၊ မဲစာရင်းတွင် ပါဝင်သူ၊ နိုင်ငံသားမိဘနှစ်ပါးမှ မွေးဖွားသော နိုင်ငံသားဖြစ်သူ၊ ပြည်သူ့လွှတ်တော်နှင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်အတွက် အသက် ၂၅ နှစ်ပြည့်ပြီးသူ၊ အမျိုးသားလွှတ်တော်အတွက် အသက် ၃၀ နှစ် ပြည့်ပြီးသူများသည် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့် အရည်အချင်းများနှင့် ပြည့်စုံသူများဖြစ်ကြသည်။ အမည်စာရင်းတင်သွင်းမည့်သူသည် ဤအချက်များနှင့် ကိုက်ညီရမည်။

**ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်မရှိသူများဆိုသည်မှာ**

အနှစ်ချုပ်၍ပြောပါမည်။ ထောင်ဒဏ်ကျခံနေရသူ၊ ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်မရှိကြောင်း သတ်မှတ်ကာလမကုန်ဆုံးသေးသူ၊ စိတ်ပေါ့သွပ်သူ၊ လူမွဲအဖြစ်မှ လွတ်မြောက်ခွင့်မရသေးသူ၊ မွေးဖွားစဉ်က နိုင်ငံသားမဖြစ်သေးသူ မိဘတစ်ပါး သို့မဟုတ် နှစ်ပါးလုံးမှမွေးဖွားသည့် နိုင်ငံသားဖြစ်သူ၊ နိုင်ငံခြားအစိုးရ၏ ကျေးဇူးသစ္စာကို ခံယူစောင့်ရှောက်သူ၊ နိုင်ငံခြားအစိုးရ၏ လက်အောက်ခံဖြစ်သူ၊ နိုင်ငံခြားအစိုးရ သို့မဟုတ် အဖွဲ့အစည်းပုဂ္ဂိုလ်ထံမှ အထောက်အပံ့ရယူသုံးစွဲသူ၊ နိုင်ငံရေးအတွက် ဘာသာရေးကိုအလွဲသုံးသူ၊ သာသနာ့ဝန်ထမ်းဖြစ်သူ၊ နိုင်ငံ့ဝန်ထမ်းဖြစ်သူ၊ နိုင်ငံပိုင်ငွေကြေး၊ မြေ၊ အဆောက်အအုံစသည်တို့ကို ရယူသုံးစွဲသူ၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူ သို့မဟုတ် နိုင်ငံခြားသား၊ မတရားအသင်းများနှင့်ဆက်သွယ်သူ စသည်တို့သည် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့် မရှိသူများဖြစ်ကြသည်။ အမည်စာရင်းတင်သွင်းမည့်သူသည် ဤအချက်များနှင့် မငြိစွန်းဖို့လိုသည်။ ( အကျယ်ကို လွှတ်တော်ရွေးကောက်ပွဲဥပဒေများတွင် ဖတ်ရှုကြရန်လိုပါမည်။ )

**အမည်စာရင်းတင်သွင်းကြရမည့်နေရာ**

ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် မဲဆန္ဒနယ်များအတွက် သက်ဆိုင်ရာ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများသို့ တင်သွင်းရပါမည်။ မန္တလေးတိုင်းဒေသကြီး ရှမ်းတိုင်းရင်းသားလူမျိုးလွှတ်တော်ကိုယ်စားလှယ်လောင်းအတွက် မန္တလေးတိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်သို့ အမည်စာရင်းတင်သွင်းရပါမည်။ ထိုသို့တင်သွင်းရာတွင် သက်ဆိုင်ရာရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ သို့မဟုတ် အတွင်းရေးမှူး သို့မဟုတ် ဥက္ကဋ္ဌက တာဝန်လွှဲအပ်ထားသော အဖွဲ့ဝင်တစ်ဦးဦးထံ အမည်စာရင်းတင်သွင်းလွှာကို ပေးအပ်ရမည်ဖြစ်သည်။

> ရွေးကောက်တင်မြှောက်ခံမည့် လွှတ်တော်ကိုယ်စားလှယ်လောင်းကိုယ်တိုင်ဖြစ်စေ ၎င်းကခန့်အပ်ထားသော ရွေးကောက်ပွဲ ကိုယ်စားလှယ်ဖြင့်ဖြစ်စေ သတ်မှတ်ထားသော ရုံးချိန်အတွင်း တင်သွင်း... သို့ရာတွင် ရွေးကောက်ပွဲတစ်ခုတွင် မဲဆန္ဒနယ်တစ်နယ်ထက်ပို၍ တစ်ပြိုင်တည်း အမည်စာရင်းတင်သွင်းခြင်းမပြုရ...

**"အမည်စာရင်းတင်သွင်းလွှာ မည်သို့တင်သွင်းရပါမည်နည်း"**

အမည်စာရင်းတင်သွင်းလွှာကို ပုံစံ (၆) မူရင်း နှစ်စောင်ဖြင့် တင်သွင်းရမည်။ ပုံစံ (၆) ဆိုသည်မှာ သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲ နည်းဥပဒေများ စာအုပ်တွင်ပါရှိသည်။ ဖြည့်သွင်းရန် အချက် (၁၄) ချက်ရှိသည်။ ညာဘက်ထိပ်တွင် မိမိ၏ဓာတ်ပုံကပ်ရမည်။ အချက်အလက်များ ဖြည့်သွင်းပြီးပါက လက်မှတ်ရေးထိုး၍ ရက်စွဲတပ်ရမည်။ လက်မှတ်ရေးထိုးသည့်အခါ မြို့နယ်တရားသူကြီးအဆင့်ထက်မနိမ့်သော တရားသူကြီးတစ်ဦး၏ ရှေ့မှောက်တွင် လက်မှတ်ရေးထိုးရမည်။ တရားသူကြီးကလည်း သူ၏ရှေ့မှောက်တွင် လက်မှတ်ရေးထိုးသည်မှာ မှန်ကန်ကြောင်း ထပ်ဆင့်လက်မှတ်ရေးထိုးပေးရပါမည်။ တရားရုံးတံဆိပ် ခတ်နှိပ်ရပါမည်။ တရား သူကြီးရေးထိုးမည့် စာရွက်သည် သီးခြားစာရွက်မဟုတ် ပါ။ ပုံစံ (၆) မှာပင် တစ်ဆက်တည်းပါရှိသည်။

အမည်စာရင်းတင်သွင်းလွှာ ပုံစံ ( ၆ ) တွင် ပါရှိသော အချက်များကို အပြည့်အစုံဖြည့်သွင်းရမည်။ အမည်စာရင်းတင်သွင်းလွှာနှင့်အတူ ပူးတွဲပါရှိရမည့် စာရွက်စာတမ်းများကို ပြည့်စုံစွာ ပူးတွဲပါရှိရမည်။ ပြည့်ပြည့်စုံစုံ မဖြည့်သွင်းလျှင်၊ ပြည့်စုံစွာ ပူးတွဲတင်ပြခြင်းမရှိလျှင် သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲသည် ငြင်းပယ်ရမည်ဟု ပြဋ္ဌာန်းထားသည်။ သတိမူပါ။

**ပူးတွဲတင်ပြရမည့်စာရွက်စာတမ်းများ**

အမည်စာရင်းတင်သွင်းလွှာနှင့်အတူ အောက်ပါတို့ပူးတွဲတင်ပြရမည်ကို သတိထားပါ။

(က) ရွေးကောက်ပွဲဝင်ခွင့်အာမခံငွေ ကျပ်သုံးသိန်းကို ကိုယ်စားလှယ်လောင်း၏အမည်ဖြင့် သတ်မှတ်ထားသော ငွေစာရင်းခေါင်းစဉ်သို့ သက်ဆိုင်ရာ မြန်မာ့စီးပွားရေးဘဏ်ခွဲတွင် ပေးသွင်းပြီးကြောင်း ချလန်ဖြတ်ပိုင်းမူရင်း။ (အမည်စာရင်းတင်သွင်းမည့် ကော်မရှင်အဖွဲ့ခွဲ ရုံးစိုက်ရာ မြန်မာ့စီးပွားရေးဘဏ်ခွဲကို ဆိုလိုသည်။)

(ခ) ရွေးကောက်ပွဲကိုယ်စားလှယ်အဖြစ် အခြားသူတစ်ဦးကို ခန့်ထားမည်ဆိုပါက သတ်မှတ်ထားသည့်ပုံစံ (၇-က) နှစ်စောင်။

(ဂ) ကော်မရှင်က သတ်မှတ်ပေးထားသည့်ကိုယ်ရေးမှတ်တမ်းနှစ်စောင်။

**မည်သူတင်သွင်းရပါမည်နည်း**

အမည်စာရင်းတင်သွင်းလွှာကို ရွေးကောက်တင်မြှောက်ခံမည့် လွှတ်တော်ကိုယ်စားလှယ်လောင်း ကိုယ်တိုင်ဖြစ်စေ ၎င်းကခန့်အပ်ထားသော ရွေးကောက်ပွဲကိုယ်စားလှယ်ဖြင့်ဖြစ်စေ သတ်မှတ်ထားသော ရုံးချိန်အတွင်း တင်သွင်းခြင်းပြုရသည်။ သို့ရာတွင် ရွေးကောက်ပွဲတစ်ခုတွင် မဲဆန္ဒနယ်တစ်နယ်ထက်ပို၍ တစ်ပြိုင်တည်း အမည်စာရင်းတင်သွင်းခြင်းမပြုရပါ။

**မိမိကိုယ်တိုင်သွားပါ**

အမည်စာရင်းတင်သွင်းလွှာကို စိစစ်မည့်နေ့ရက်နှင့် အချိန်၌ ဖြစ်နိုင်လျှင် မိမိကိုယ်တိုင်သွားရောက်ပါ။ မိမိနှင့်သက်ဆိုင်သည့် လိုအပ်သောအထောက်အထားမှန်သမျှ ပြည့်ပြည့်စုံစုံ ယူဆောင်သွားပါ။ မိမိ၏ ရွေးကောက်ပွဲကိုယ်စားလှယ်ကို စေလွှတ်သည့်အခါတွင်လည်း လိုအပ်သည့် အထောက်အထားမှန်သမျှ ပြည့်ပြည့်စုံစုံပေးလိုက်ပါ။ သို့မှသာ သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲက စိစစ်သည့်အခါ အလွယ်တကူ တင်ပြပေးနိုင်မည်။ ယှဉ်ပြိုင်ဘက်ကိုယ်စားလှယ်လောင်းက မိမိအပေါ် ကန့်ကွက်လာလျှင်လည်း အလွယ်တကူတင်ပြ ခုခံဖြေရှင်းနိုင်မည်ဖြစ်သည်။

ထို့ပြင် ယှဉ်ပြိုင်ဘက်ကိုယ်စားလှယ်လောင်းအပေါ် မိမိကကန့်ကွက်ရန်ရှိမည်ဆိုလျှင် မိမိကန့်ကွက်လိုသည့် အချက်များနှင့်စပ်လျဉ်း၍ လိုအပ်သမျှသော အထောက်အထား စာရွက်စာတမ်းများကို ယူဆောင်သွားရပါမည်။ သို့မှသာ မိမိ၏ကန့်ကွက်ချက် ခိုင်မာမည်ဖြစ်သည်။

**မည်သည့်အခါပယ်နိုင်သနည်း**

အမည်စာရင်းတင်သွင်းလွှာတွင်ဖော်ပြထားသော အမည်နှင့်နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ အမျိုးသားမှတ်ပုံတင်ကတ်ပြားအမှတ်တို့သည် မဲစာရင်းတွင် ဖော်ပြထားချက်များနှင့်ကိုက်ညီမှု မရှိသည့်အခါ၊ အမည်စာရင်းတင်သွင်းလွှာကို လိမ်လည်ပြုလုပ်တင်သွင်းသည့်အခါ၊ ရွေးကောက်ပွဲဥပဒေအရ ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်မရှိသူဖြစ်ကြောင်း သို့မဟုတ် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့် အရည်အချင်းများနှင့်ပြည့်စုံသူမဟုတ်ကြောင်း တွေ့ရှိရသည့်အခါ၊ အမည်စာရင်းတင်သွင်းရာတွင် သို့မဟုတ် ရွေးကောက်ပွဲဝင်ခွင့်အာမခံငွေပေးသွင်းရာတွင် နည်းဥပဒေများနှင့်အညီ ဆောင်ရွက်ရန် ပျက်ကွက်သည့်အခါ အမည်စာရင်းတင်သွင်းလွှာကို ပယ်မည်ဖြစ်သည်။

အမည်စာရင်းစိစစ်ခြင်းကို အဆိုပါသတ်မှတ်ထားသည့် နေ့များမှာပင် ပြီးပြတ်အောင် ဆောင်ရွက်ပါသည်။ အကယ်၍ ကန့်ကွက်ချက်ရှိခဲ့လျှင် ခုနစ်ရက်အတွင်း ပြီးပြတ်အောင်ဆောင်ရွက်ပါသည်။

**အယူခံပိုင်ခွင့်ရှိခြင်း**

သက်ဆိုင်ရာ ကော်မရှင်အဖွဲ့ခွဲက အမည်စာရင်းတင်သွင်းလွှာကို လက်ခံကြောင်း သို့မဟုတ် ပယ်ကြောင်း ဆုံးဖြတ်သည့်အခါ ယင်းဆုံးဖြတ်ချက်ကိုမကျေနပ်သူ ကိုယ်စားလှယ်လောင်းသည် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ရွေးကောက်ပွဲကော်မရှင်သို့ ခုနစ်ရက်အတွင်း အယူခံဝင်ရောက်ခွင့်ရှိသည်။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲက အယူခံအမှုကိုစိစစ်၍ ခုနစ်ရက်အတွင်း အမိန့်ချမှတ်ရပါမည်။ ယင်းအမိန့်သည် အပြီးအပြတ်ဖြစ်သည်။

အကယ်၍ အမည်စာရင်းတင်သွင်းသူသည် တိုင်းရင်းသားလူမျိုး လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးဖြစ်ပါက အမည်စာရင်းတင်သွင်းလွှာကို သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲက စိစစ်၍ ဆုံးဖြတ်ပါသည်။ ထိုဆုံးဖြတ်ချက်ကို မကျေနပ်သည့် ကိုယ်စားလှယ်လောင်းသည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ အယူခံဝင်ရောက်ခွင့်ရှိပြီး ယင်းဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်သည်။

**အထူးသတိပြုကြရပါမည်**

ကိုယ်စားလှယ်လောင်းများ အမည်စာရင်းတင်သွင်းရာတွင် သတ်မှတ်ချက်များနှင့်ညီညွတ်ရန် အထူးသတိပြုကြဖို့လိုအပ်သည်။ သတ်မှတ်ထားသော ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်မရှိသည့် အချက်တစ်ရပ်ရပ်နှင့် ငြိစွန်းနေခြင်းကြောင့် အမည်စာရင်းတင်သွင်းမှု အပယ်ခံရတတ်သည်။

စာမျက်နှာ ၁၈ သို့ »

# မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် မန္တလေးခရိုင်အတွင်း သစ်ပင်များပြိုလဲ

**မန္တလေး မေ ၃၁**

မန္တလေးမြို့တွင် မေ ၂၉ ရက်မှစတင်၍ မိုးအဆက်မပြတ် ရွာသွန်းခဲ့မှုကြောင့် မေ ၃၀ ရက်က မန္တလေးခရိုင်အတွင်းရှိ နေရာရှစ်ခုတွင် သစ်ပင်များလဲပြိုခဲ့ကြောင်း မန္တလေးခရိုင် မီးသတ်ဦးစီးဌာနမှ သိရသည်။



မေ ၃၀ ရက်က သစ်ပင်လဲပြိုခဲ့သော အောင်မြေသာစံမြို့နယ်တွင် လေးနေရာ၊ မဟာအောင်မြေမြို့နယ်တွင် နှစ်နေရာ၊ ပြည်ကြီးတံခွန်မြို့နယ်တွင် နှစ်နေရာ စုစုပေါင်း ရှစ်နေရာတွင် သစ်ပင်များလဲပြိုခဲ့သည်။

"မနေ့ကနဲ့ ဒီနေ့ မိုးရွာသွန်းပြီး လေပြင်းတိုက်ခတ်လို့ သစ်ပင်တွေလဲပြိုခဲ့တာပါ။ မဟာအောင်မြေမြို့နယ်က တစ်နေရာတည်း အိမ်အပေါ်ကိုပိတာပါ၊ သတင်းရရချင်း ဖယ်ရှားရှင်းလင်းပေးဖို့ ချက်ချင်း ဆောင်ရွက်ပေးခဲ့ပါတယ်၊ တိုင်းဒေသကြီး ဘတ်ဂျက်နဲ့ ချပေးထားတဲ့ ပစ္စည်းတွေက ပြည့်စုံသလောက်ရှိနေပါပြီ၊ အရန်မီးသတ်စခန်းတွေမှာလည်း အလှူရှင်တွေက လှူဒါန်းထားတဲ့ ပစ္စည်းတွေရှိတော့ သစ်ပင်လဲတဲ့ နေရာတွေ အားလုံးကို အချိန်နဲ့တစ်ပြေးညီ ဖြန့်ကြက်ပြီး ဖယ်ရှားရှင်းလင်းပေးနိုင်ခဲ့ပါတယ် " ဟု မန္တလေးခရိုင် မီးသတ်ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးထက်အောင်က ပြောသည်။

မန္တလေးခရိုင်အတွင်းရှိ အောင်မြေသာစံမြို့နယ် ၂၂ လမ်း၊ ၆၂ လမ်းနှင့် ၆၃ လမ်းကြားတွင် လည်းကောင်း၊ အောင်မြေသာစံမြို့နယ် ၆၂ လမ်း မန္တလေး နိုင်ငံခြားဘာသာတက္ကသိုလ် မြောက်ဘက်တွင်လည်းကောင်း၊ အောင်မြေသာစံမြို့နယ် ၁၀ လမ်း၊ ၇၈ လမ်းနှင့် ၇၉ လမ်းကြားတွင် လည်းကောင်း၊ မဟာအောင်မြေမြို့နယ် ဟေမမာလာတောင် အကွက်အမှတ် (၆၆၄) တွင် လည်းကောင်း၊ ပြည်ကြီးတံခွန်မြို့နယ် ၆၂ လမ်းနှင့် ၆၃ လမ်း ဗန္ဓုလလမ်းနှင့် ကျန်စစ်သားလမ်း ကြားတွင်လည်းကောင်း၊ ပြည်ကြီးတံခွန်မြို့နယ် ထိန်ကုန်းရပ်ကွက်တွင်လည်းကောင်း သစ်ပင်လဲပြိုမှုများကို မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသန်းဇော်ဦး ဦးဆောင်၍ မန္တလေးခရိုင် မီးသတ်ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးထက်အောင်နှင့် မီးသတ်တပ်ဖွဲ့ဝင်များက ဖယ်ရှားရှင်းလင်းခဲ့ကြသည်။

"ပြည်သူတွေအနေနဲ့ မီးသတ်ဌာနကို အရေးပေါ် ဆက်သွယ်နိုင်တဲ့ ဖုန်းနံပါတ်တွေကို သိမ်းဆည်း မှတ်သားထားစေချင်တယ်၊ ၁၉၁ က ဆက်သွယ်မှု ဧရိယာ ချို့ယွင်းရင် မရနိုင်တာတွေရှိတော့ သက်ဆိုင်ရာနယ်မြေ မီးသတ်စခန်းတွေရဲ့ ဖုန်းနံပါတ်တွေကိုလည်း မှတ်သားထားစေချင်ပါတယ်၊ ပြည်သူတွေအနေနဲ့ သဘာဝဘေးနဲ့ပတ်သက်ပြီး ဘာပဲဖြစ်ဖြစ် ဘယ်အချိန်ပဲဖြစ်ဖြစ် မီးသတ်ဦးစီးဌာနကို ဆက်သွယ် အကြောင်းကြားလို့ရပါတယ်၊ သတင်းရပြီဆိုတာနဲ့ အချိန်မစောင့်ပါဘူး၊ မိုးရွာနေလည်း ချက်ချင်းထွက်ပြီး ဆောင်ရွက်ပေးမှာပါ " ဟု မန္တလေးခရိုင် မီးသတ်ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးထက်အောင်က ပြောသည်။

မန္တလေး တိုင်းဒေသကြီးအတွင်း သဘာဝဘေးကြောင့် ဘေးအန္တရာယ်များ ဖြစ်ပေါ်၍ ထူးခြားမှုရှိပါက ဗဟိုမီးသတ်စခန်း ဖုန်း ၁၉၁၊ ၀၂-၄၀၆၀၇၃၉၊ ၀၂-၄၉၆ ၀၇၃၈၊ ၀၂-၄၀၆ ၀၇၄၀ နှင့် ဗဟိုအော်ပရေတာ ဖုန်း ၀၉၃၃၃၆၆၇ ၀၁ သို့ ၂၄ နာရီ ဆက်သွယ်အကူအညီ တောင်းခံနိုင်သည်။

မန္တလေးတိုင်းဒေသကြီးအတွင်း မီးသတ်ဦးစီးဌာနများ၊ ကယ်ဆယ်ရေးအဖွဲ့များအား အသင့်အနေအထား ပြင်ဆင်ထားပြီး ဟိုက်ဒရောလစ်သုံး ပစ္စည်းများ၊ ဖျက်စက်များ၊ မြေအောက် ၁၅ ပေအနက်ထိ အသံလှိုင်းဖမ်းယူနိုင်သော စက် Leader Hasty စက်တစ်စုံ၊ အဆောက်အအုံ ပြိုကျနိုင်မှု ရှိ-မရှိ စစ်ဆေးပေးသော စက်များ၊ ကယ်ဆယ်ရေး လှေများစသည့် ခေတ်မီ ကယ်ဆယ်ရေးပစ္စည်းများနှင့် သုံးတန် ကရိန်းပါ ကယ်ဆယ်ရေးယာဉ်များ၊ အရေးပေါ် ရှာဖွေကယ်ဆယ်ရေး ယာဉ်များကို အသင့်ပြင်ဆင်ထားကြောင်း သိရသည်။

**သီဟကိုကို(မန္တလေး)**

# တာလေမြို့၌ ဘက်စုံအဆင့်မြင့် နည်းပညာသုံး စံပြကျေးရွာရှိ တောင်သူများအား စိုက်ပျိုးရေးဆိုင်ရာ နည်းပညာများ ဖွင့်လှစ်သင်ကြား

**တာလေ မေ ၃၁**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင်စိုက်ပျိုးရေးဦးစီးဌာနက ခရိုင်အတွင်း လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိရာ ဘက်စုံအဆင့်မြင့်နည်းပညာသုံး ဧက ၃၀၀ စံပြကျေးရွာ အတွင်းပါဝင်သော တောင်သူများအား စိုက်ပျိုးနည်းပညာများ စနစ်တကျသိရှိဆောင်ရွက်နိုင်ရေး စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးသင်တန်းအမှတ်စဉ် (၁/၂၀၁၈)ကို မေ ၂၉ ရက်က တာလေမြို့ နားယောင်းကျေးရွာအုပ်စု ရန်အောင်ကျေးရွာ၌ စတင်ဖွင့်လှစ်သင်ကြားသည်။

သင်တန်းတွင် တာလေမြို့အုပ်ချုပ်ရေးမှူး ဦးခွန်စိုးသူက အဖွင့်အမှာစကားပြောကြားပြီး တာချီလိတ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး(လက်ထောက်ညွှန်ကြားရေးမှူး) ဦးလှဝင်းက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များနှင့်အတူ စပါးအထွက်တိုးနှုန်းကောင်းမွန်စေမည့် စိုက်ပျိုးနည်းစနစ်များကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် စပါး၊ ပြောင်း၊ မြေပဲစိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ (GAP)နှင့် လိုက်နာဆောင်ရွက်ရမည့် နည်းလမ်းများ၊ တောင်သူများ တစ်နိုင်တစ်ပိုင် မျိုးကောင်းမျိုးသန့် စိုက်ပျိုးထုတ်လုပ်ခြင်းနည်းပညာများ၊ စပါးပျိုးသက်နု၊ ကောက်ကွက်ကြဲ စိုက်ပျိုးနည်းပညာများ၊ မြေချဉ်ခြင်း၊ မြေငန်ခြင်း ဆိုင်ရာများနှင့် လက်တွေ့တိုင်းတာနည်းများ၊ ဘက်စုံပိုးမွှားရောဂါကာကွယ်နှိမ်နင်းနည်းနှင့် သဘာဝပိုးသတ်ဆေး ပြုလုပ်သုံးစွဲနည်းများကို မေ ၂၉ ရက်မှ ၃၀ ရက်အထိ ခရိုင်နှင့်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနတို့မှ ခရိုင်ဦးစီးမှူး ဦးလှဝင်း၊ တာလေမြို့ ဦးစီးမှူး ဦးလွှမ်းမိုးသူ၊ ကျိုင်းလပ်မြို့ ဦးစီးမှူး ဦးသိန်းရွှေနှင့် ဝန်ထမ်းများက သင်ကြားပို့ချပေးခဲ့သည်။

အဆိုပါသင်တန်းကို ကျေးလက်နေတောင်သူများ စိုက်ပျိုးရေးဆိုင်ရာနည်းပညာများ စနစ်တကျ သိရှိနားလည် လိုက်နာဆောင်ရွက်ခြင်းဖြင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်စေရေး ရည်ရွယ်ဖွင့်လှစ်ခဲ့ရာ တောင်သူ ၄၂ ဦး တက်ရောက်ပြီး သင်တန်းထူးချွန်သူများကို ဆုများချီးမြှင့်ကာ စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ဝေယံလင်း(ပြန်/ဆက်)**

# မြေအောက်ရေတွင်းများ အတိုင်းအဆမဲ့ တူးဖော်ခြင်းကြောင့် ယင်းမာပင်ဒေသ ရေလှောင်ကန် ၉၉ ကန်စီမံကိန်းမှ ၃၄ ကန်တွင် ရေလျှံမှုမရှိ

**ယင်းမာပင် မေ ၃၁**

သဘာဝအရင်းအမြစ်များကို အလွန်အကျွံသုံးစွဲလာကြသကဲ့သို့ ရေလျှံဇုန်အတွင်း မြေအောက်ရေတွင်းများ အတိုင်းအဆမဲ့ တူးဖော်ခြင်း၏ အကျိုးဆက်အဖြစ် နိုင်ငံတော်က ဆောင်ရွက်ပေးခဲ့သည့် ရေလျှံနေသော ၉၉ ကန်စီမံကိန်းမှ တွင်းများမှာ ရေထွက်လျော့နည်းလာကာ မူလက အားလုံးလျှံထွက်နေသော ရေလျှံတွင်းများမှာ ယခုအခါ ကန်ပေါင်း ၃၄ ကန်တွင် ရေလျှံမှုမရှိတော့ကြောင်း သိရသည်။

"ယင်းမာပင်ရေလျှံဇုန် ဧရိယာအတွင်း တူးဖော်ထားတဲ့မြေအောက်ရေတွင်းတွေကရေလျှံထွက်နေမှုနဲ့ အမှန်တကယ် ကျေးရွာတွေအတွက် သောက်သုံးရေ၊ စိုက်ပျိုးရေနဲ့ ကျွဲ၊ နွား၊ တိရစ္ဆာန် အသုံးပြုဖို့ရေလိုအပ်ချက်တို့ကို ကွင်းဆင်းလေ့လာ ခန့်မှန်းတွက်ချက်မှုအရ နေ့စဉ် ရေဂါလန် သန်း ၃၀ လောက်က မလိုအပ်ဘဲ လျှံထွက်ပြီး စီးဆင်းနေတာကြောင့် လေလွင့်ဆုံးရှုံးမှုတွေရှိနေတာတွေ့ရပါတယ်" ဟု စစ်ကိုင်းတိုင်းဒေသကြီး ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန (ရေအရင်းအမြစ်) ဒုတိယညွှန်ကြားရေးမှူး ဦးစံပေါ်က ပြောကြားသည်။

အသုံးပြုရန်မလိုဘဲ အလိုအလျောက် လျှံထွက်နေသည့် မြေအောက်ရေသယံဇာတများ လေလွင့်ဆုံးရှုံးမှု မရှိစေရန်နှင့် ရေမလိုအပ်ချိန်တွင် ပိတ်ထားနိုင်ရန်အတွက် ရေလျှံတွင်းများအားလုံးကို မြေအောက်ရေ မျက်နှာပြင် တက်လာနိုင်သည့်အမြင့်အထိ ပိုက်များထောင်၍ လိုအပ်ချိန်တွင် အသုံးပြုနိုင်ရန် ဂိတ်ဘားများ တပ်ဆင်ပေးခြင်း ဆောင် ရွက်ရန်လိုအပ်မည်ဖြစ်ကြောင်း သိရသည်။

"ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနအနေနဲ့ ယင်းမာပင်ဒေသ ရေလျှံတွင်း၊ ရေလှောင်ကန် ၉၉ ကန် စီမံကိန်းက လျှံထွက်နေတဲ့ရေတွေကို အလေအလွင့် မရှိစေဖို့ ရေလှောင်ကန်တွေထဲမှာရှိတဲ့ ရေလျှံတွင်းတွေကို တွင်းဆေး၊ ရေမှုတ် ပြုလုပ်လိုက်တာ နဲ့ ရေလျှံတွင်းတွေ ရေရှည်တည်တံ့စေဖို့ ထိန်းသိမ်းတဲ့အနေနဲ့ ကန်ထဲရှိတဲ့ ပေါင်းမြက်နဲ့ ဒိုက်တွေဆယ်တာ၊ ရေလျှံတွင်းတွေက ထွက်တဲ့ရေတွေ လေလွင့်ဆုံးရှုံးမှုမရှိစေဘဲ ရေမလိုအပ်ချိန်မှာပိတ်ထားနိုင်ဖို့ ပိုက်ထောင်၊ ဂိတ်ဘားတပ်ဆင်တာနဲ့အတူ ရေလှောင်ကန်ပြုပြင်တာတွေကို ပြည်ထောင်စုအစိုးရနဲ့ တိုင်းဒေသကြီး ရန်ပုံငွေတို့နဲ့ နိုင်ငံတော်က ပြုပြင်ဆောင်ရွက်နေတာ ဒီနေ့ထိ ၄၆ ကန် ပြုပြင်ဆောင်ရွက်ပြီးဖြစ်ပါတယ်" ဟု ဒုတိယညွှန်ကြားရေးမှူး ဦးစံပေါ်က ပြောသည်။

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင်အတွင်းရှိ ၉၉ ကန်ရေလျှံတွင်းနှင့် ရေလှောင်ကန် စီမံကိန်းကို လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန်နှင့် ဒေသစိမ်းလန်းစိုပြည်ရေးတို့အတွက် ရည်ရွယ်၍ ၁၉၉၅ ခုနှစ် ဖေဖော်ဝါရီလအတွင်း ရေလျှံတွင်း ၄၁၇ တွင်းနှင့် ရေလှောင်ကန် ၉၉ ကန်ကို တည်ဆောက်ခဲ့သည်။

၂၀၀၀ ပြည့်နှစ်ဧပြီလတွင် ဖြည့်စွက်ရေလျှံတွင်း ၃၂ တွင်းနှင့် ရေလှောင်ကန် ရှစ်ကန်ကို ထပ်မံတည်ဆောက်ပေးခဲ့ရာ စုစုပေါင်း ရေလျှံတွင်း ၄၄၉ တွင်းနှင့် ရေလှောင်ကန် ၁၀၇ ကန်ကို နိုင်ငံတော်ကတည်ဆောက်ပေးခဲ့ပြီးဖြစ်ကြောင်းသိရသည်။ မြေအောက်ရေတွင်းများမှ ရေသည် အလိုအလျောက်လျှံထွက်နေရုံသာမက သောက်သုံးရေနှင့် စိုက်ပျိုးရေအဖြစ် သုံးစွဲရန် ရေအရည်အသွေးပါ ထူးခြားစွာကောင်းမွန်လှသည်။

ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာနအနေဖြင့် ၂၀၀၀ ပြည့်နှစ်မှ စတင်၍ ယနေ့ အထိ ယင်းမာပင် ရေလျှံဇုန်ဒေသအတွင်း မြေအောက်ရေဆိုင်ရာ တောင်သူအသိပညာပေး ဟောပြောပွဲ ၁၄ ကြိမ်တွင် ဒေသခံတောင်သူ ၇၂၈ ဦးအား အသိပညာပေးဟောပြောခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

# မြို့သစ်မြို့နယ် ရွှေပန်းပင်ချောင်း ရေကျော်တံတားတွင် ကုန်အပြည့်တင်ထားသည့်တွဲကား ကျွံကျ

**မြို့သစ် မေ ၃၁**

မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ် တောင်တွင်းကြီး- နတ်မောက်သွားကားလမ်းပေါ်ရှိ ရွှေပန်းပင်ချောင်း ရေကျော်တံတားတွင် မေ ၃၀ ရက် ညနေပိုင်းက ကုန်အပြည့်ဖြင့် တွဲကားတစ်စီး တွဲခေါင်းကျွံကျပြီး ယာဉ်အသွားအလာများ ပိတ်ဆို့မှု ဖြစ်ပွားခဲ့ကြောင်း မြို့သစ်မြို့မရဲစခန်းမှ သိရသည်။

မြို့သစ်မြို့နယ်တွင် မေ ၂၉ ရက် ည ၇ နာရီမှစတင်၍ လေပြင်းမုန်တိုင်းတိုက်ကာ မိုးများ အဆက်မပြတ်ရွာသွန်းမှုကြောင့် မြို့သစ်မြို့နယ်အတွင်းရှိ ချောင်းများတွင် ချောင်းရေများ ကျဆင်းခဲ့ကြောင်း၊ မေ ၃၀ ရက် ညနေ ၄ နာရီ မိနစ် ၄၀ ခန့်က အောင်လံမြို့နေသူ ယာဉ်မောင်း ပြည့်ဖြိုးအောင်၊ ယာဉ်နောက်လိုက် အောင်ရာဇာမင်းတို့ မောင်းနှင်လာသော ယာဉ်အမှတ် 8J/--- FUSO အဖြူရောင် တွဲကားယာဉ်သည် သကြားအိတ် ၃၂ တန်အား တင်ဆောင်လျက် မန္တလေးသို့အသွား မြို့သစ်မြို့နှင့် ငါးမိုင်ခန့်အကွာ မိုင်တိုင် (၂၁/၃ နှင့် ၂၁/၄ )ကြားရှိ မြို့သစ်မြို့နယ် ရွှေပန်းပင်ရေကျော်တံတားတွင် ရေကျော်အားဖြတ်သန်းမောင်းနှင်ခဲ့ရာ ရေကျော်ထဲတွင် ကားဦးခေါင်းကျွံကျသွားခဲ့ကြောင်း၊ ကားဦးခေါင်းပိုင်းမှာ တဖြည်းဖြည်းနစ်မြုပ်၍ ကားခေါင်မိုးတစ်တောင်ခန့်သာကျန်ခဲ့ရာ ယာဉ်ပေါ်ပါလာသူများ ကားခေါင်မိုးမှ တစ်ဆင့် တက်ရောက်ခဲ့နိုင်ပြီး အနီးပတ်ဝန်းကျင်ရှိ အခြားယာဉ်ပေါ်ပါ ခရီးသွားပြည်သူများနှင့် ဒေသခံပြည်သူများက ဝိုင်းဝန်းကူညီကယ်ဆယ်ခဲ့ရကြောင်း၊ ဖြစ်စဉ်ကြောင့် ထိခိုက်နာကျင်စေမှု တစ်စုံတစ်ရာမရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်ပြီး မြို့သစ်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဟိန်းသူဝင်းနှင့်ဝန်ထမ်းများ၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ အသီးသီး ရောက်ရှိလာပြီး ၎င်းနစ်မြုပ်ကျွံနေသည့်တွဲခေါင်းအား အမြန်ဆုံးပြန်လည်ဆွဲထုတ်နိုင်ရန်နှင့် ယာဉ်သွားလာမှုအဆင်ပြေနိုင်ရေးအတွက် ဝိုင်းဝန်း လုပ်ဆောင်နေကြကြောင်း သိရသည်။ **ဇော်ဇော်(မြို့သစ်)**



# တက္ကသိုလ် (၁၁)ခု၌ တက္ကသိုလ်ဝင်ခွင့် ရွေးချယ်ခေါ်ယူ

**၂၀၁၈ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သော ကျောင်းသား ကျောင်းသူများအတွက် ယခုနှစ်မှစတင်၍ ရန်ကုန်နှင့် မန္တလေးမြို့တို့ရှိ ရန်ကုန်တက္ကသိုလ်၊ မန္တလေးတက္ကသိုလ်၊ ရန်ကုန်နည်းပညာတက္ကသိုလ်၊ မန္တလေးနည်းပညာတက္ကသိုလ်၊ နည်းပညာတက္ကသိုလ်(မန္တလေး)၊ ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်၊ မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်၊ ရန်ကုန်ပညာရေးတက္ကသိုလ်၊ ရန်ကုန်သတင်းအချက်အလက်နှင့် နည်းပညာတက္ကသိုလ်၊ မန္တလေးသတင်းအချက်အလက်နှင့် နည်းပညာတက္ကသိုလ် စသည့် တက္ကသိုလ် (၁၁)ခု၌ တက္ကသိုလ်ဝင်ခွင့်ရွေးချယ်ရေးကို ကိုယ်ပိုင်အစီအစဉ်ဖြင့် ခေါ်ယူတော့မည်ဟု ကြားသိရသဖြင့် အဆိုပါ တက္ကသိုလ် (၁၁)ခုတွင် ပါဝင်သော နိုင်ငံခြားဘာသာတက္ကသိုလ်(ရန်ကုန်) ပါမောက္ခချုပ် ဒေါက်တာကြည်ရွှင်နှင့် ကြေးမုံမှ သွားရောက်တွေ့ဆုံမေးမြန်းခဲ့သည်ကို ဖော်ပြလိုက်ပါသည်။**



နိုင်ငံခြားဘာသာတက္ကသိုလ်(ရန်ကုန်)
ပါမောက္ခချုပ် ဒေါက်တာကြည်ရွှင်

**မေး။ ။ ၂၀၁၈ ခုနှစ်မှာ တက္ကသိုလ်ဝင်တန်းစာမေးပွဲ အောင်တဲ့ကျောင်းသားတွေဟာ တက္ကသိုလ်(၁၁)ခုရဲ့ ဝင်ခွင့်တွေကို ဖြေဆိုခွင့်ရမယ်။ အဲဒီလိုဝင်ခွင့်စနစ် ပြောင်းလဲလိုက်တဲ့အပေါ်မှာ အားသာချက်၊ အားနည်းချက်လေးတွေကို သုံးသပ်ပြောကြားပေးပါဦး။**

ဖြေ။ ။ အခုပြောင်းလဲလိုက်တဲ့စနစ်က အရင်စနစ်တွေထက် နှိုင်းယှဉ်လိုက်ရင်တော့ ပိုပြီးအားသာချက်တွေများတဲ့စနစ်လို့ ပြောချင်ပါတယ်။ စနစ်ပြောင်းလဲလိုက်တဲ့အတွက် အားနည်းချက်ရှိကောင်းရှိလိမ့်မယ်။ ဒါပေမယ့် အဲဒီစနစ် အားသာချက်၊ အားနည်းချက်တွေကို စနစ်တကျဆောင်ရွက်နေပါတယ်။ ပထမဦးဆုံး အားသာချက်အနေနဲ့ ကျွန်တော်တို့ တက္ကသိုလ်ကို စိတ်ပါဝင်စားတဲ့ ကျောင်းသား ကျောင်းသူတွေကို တိုက်ရိုက်ခေါ်ယူခွင့်ရမယ်။ ကျောင်းသားတွေရဲ့စိတ်ဝင်စားမှု၊ စိတ်မဝင်စားမှုက ဘယ်အပေါ်မှာ မူတည်လဲဆိုတော့ ရွေးချယ်မှုအပေါ်မှာ မူတည်ပါတယ်။

အရင်တုန်းက ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာနက တာဝန်ယူပြီး မြန်မာနိုင်ငံမှာရှိတဲ့ တက္ကသိုလ်အားလုံးကိုယ်စား ဆေးတက္ကသိုလ်အစ ခေါ်လိုက်တော့ ကျောင်းသားတွေရဲ့ စိတ်ဝင်စားမှု၊ မဝင်စားမှုကို သိတော့မသိနိုင်ဘူး။ သို့သော် ကျောင်းသားတွေကတော့ သူတို့စိတ်ဝင်စားရာ လျှောက်ကြမှာပဲ။ လျှောက်ရမယ့်တက္ကသိုလ်စာရင်း စုစုပေါင်း ၂၀ လောက်ပါနေတယ်ဆိုတော့ ကျွန်တော်တို့ကျောင်းကို ကျောင်းတက်ဖို့ ရောက်လာတဲ့အချိန်မှ နာမည်အရ လက်ခံလိုက်ရတယ်။ အမှန်တကယ်စိတ်ဝင်စားမှုရှိ၊ မရှိ မသိရဘူး။ လေ့လာဆန်းစစ်မှုအရ ဆေးတက္ကသိုလ်၊ နည်းပညာတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်၊ ပညာရေးတက္ကသိုလ်မဝင်နိုင်တဲ့ ကျောင်းသား ကျောင်းသူတွေ မတက်နိုင်တော့ ကျွန်တော်တို့ကျောင်းကို ရောက်လာတယ်။ ဒီကို ရောက်လာတဲ့ကျောင်းသားတွေ အမှတ်ကမြင့်ပါတယ်။

ဒါပေမယ့် သူတို့တွေ ပထမဦးစားပေးတက္ကသိုလ် မဟုတ်ဘဲနဲ့ ကျွန်တော်တို့ကျောင်းကို ရောက်လာတယ်။ အခု ဒီစနစ်ကျတော့ ကျွန်တော်တို့တက္ကသိုလ်ကို အမှန်တကယ် စိတ်ဝင်စားတဲ့ကျောင်းသားတွေပဲ လျှောက်ကြတော့မယ်ဆိုတဲ့ ရာခိုင်နှုန်းက များလာပြီ။ တကယ်စိတ်ဝင်စားတဲ့သူတွေ ဝါသနာပါတဲ့သူတွေကို ဆန်းစစ်ရွေးချယ်နိုင်မှာဖြစ်တဲ့အတွက် အကောင်းဆုံးအားသာချက်လို့ ပြောလို့ရပါတယ်။ အားနည်းချက်အနေနဲ့ကတော့ ရေးဖြေစာမေးပွဲ မရှိဘူး။ နှုတ်ဖြေစာမေးပွဲပဲ ဖြေရမယ်လို့ ကြေညာလိုက်တယ်။ ကြေညာလိုက်တဲ့အခါမှာ နှုတ်ဖြေစာမေးပွဲကြီးက လာဘ်ပေးလာဘ်ယူမှုတွေ မပေါ်လာနိုင်ဘူးလားလို့ ပြည်သူလူထုက တုံ့ပြန်ကြတယ်။

ဒါနဲ့ပတ်သက်လို့ ပြောချင်တာက ကျွန်တော့်တက္ကသိုလ်ကို ရွေးချယ်မယ့် ကျောင်းသား ကျောင်းသူတွေကို ရွေးချယ်မယ့် စည်းမျဉ်း စည်းကမ်းကို ရှင်းပြချင်ပါတယ်။ နံပါတ်တစ်အနေနဲ့ တက္ကသိုလ်ဝင်တန်း အောင်တဲ့အမှတ်ကို အလေးအနက်ထား စဉ်းစားမယ်။ ဒီကျောင်းသားကို ဝင်ခွင့်ပြုသင့်၊ မပြုသင့်ဆိုတဲ့အထဲမှာ ရာခိုင်နှုန်းအများစုကတော့ တက္ကသိုလ်ဝင်တန်းစာမေးပွဲ အမှတ်အနည်းအများကို တန်းစီမှာပါ။ အရင်နှစ်တုန်း ကလည်း ကျွန်တော်တို့ကျောင်းကို အမှတ်မြင့်တဲ့သူတွေ တက်ကြတယ်။ အမြင့်ဆုံးဆိုရင် ၅၁၇ မှတ်ရှိတယ်။ အနိမ့်ဆုံးဆိုရင် ၄၃၀ လောက်ရှိတယ်။ ဒီနှစ်မှာ ပြိုင်ဆိုင်မှုက ပိုပြီးပြင်းထန်မယ်လို့တော့ထင်တယ်။ ဘာဖြစ်လို့လဲဆိုတော့ အရင်နှစ်က အထိ အောက်မြန်မာပြည် ကျောင်းသား ကျောင်းသူတွေကိုပဲ ရွေးချယ်ခဲ့တယ်။ ဒီနှစ်မှာတော့ မြန်မာ တစ်နိုင်ငံလုံးက ကျောင်းသား ကျောင်းသူတွေထဲက ရွေးချယ်မှာဆိုတော့ ကျွန်တော်တို့ကျောင်းကို စိတ်ပါဝင်စားလို့ ရောက်လာမယ့် ပြည်နယ်နဲ့ တိုင်းဒေသကြီးက ကျောင်းသား ကျောင်းသူတွေ ရာခိုင်နှုန်းတော်တော်များများ ပါလာမယ်လို့ထင်တယ်။ အဲဒီအတွက် အောက်မြန်မာပြည်က ကျောင်းသား ကျောင်းသူတွေချည်း ယှဉ်ပြိုင်တာ ထက်စာရင် အထက်မြန်မာပြည်က အမှတ်ကောင်းတဲ့ ကျောင်းသားတွေ ဆင်းလာမယ်။ ပြိုင်ဆိုင်မှုက ပိုပြင်းထန်လာမယ်။

ဒါကြောင့် တက္ကသိုလ်ဝင်တန်း အမှတ်များများရရှိထားခြင်းက အရေးကြီးနေဦးမှာပဲ။ ကျွန်တော်တို့ ဝင်ခွင့်ပြုသင့်၊ မပြုသင့် စဉ်းစားတဲ့အခါမှာလည်း ဒီအချက်ကို အဓိကထား စဉ်းစားဦးမှာပါ။ လာဘ်ပေးလာဘ်ယူကိစ္စတွေနဲ့ ပတ်သက်လို့လည်း လူတွေကို အသိပညာပေးဖို့လိုတယ်လို့တော့ ထင်ပါတယ်။ ဘာကြောင့်လဲဆိုတော့ လူတွေရဲ့အမြင် မှာ အထူးသဖြင့် ကျောင်းသား ကျောင်းသူမိဘတွေရဲ့အမြင်မှာ ပါမောက္ခချုပ်၊ သက်ဆိုင်ရာပါမောက္ခ၊ ဌာနမှူးတွေကို ချဉ်းကပ်မယ်ဆိုရင် ငါ့သားသမီးကို ရွေးချယ်ခံရနိုင်တယ်ဆိုတဲ့ အထင်အမြင်လွဲမှားမှုတွေရှိနိုင်တယ်။ အဲဒီအချက်ကတော့ မှားနေတယ်လို့ ကျွန်တော့်အနေနဲ့ ပြောချင်ပါတယ်။ ကျွန်တော့်အနေနဲ့ပြောရရင် ဝင်ခွင့်ရွေးချယ်တဲ့စနစ်ကြီးတစ်ခုလုံးကို တည်ဆောက်တဲ့သူ တာဝန်အရှိဆုံးလူက ကျွန်တော်ပဲ။ သို့သော် ကျောင်းသားတစ်ယောက်ကို ကျွန်တော်က ရွေးပိုင်ခွင့်မရှိဘူးဆိုတာကို ရှင်းရှင်းလင်းလင်း ပြောချင်တယ်။ အထူးသဖြင့် ငါနဲ့ခင်လို့၊ ငါ့အသိမိတ်ဆွေမို့လို့၊ လာကန်တော့လို့ ဒီလူကို ထည့်လိုက်ပါဆိုတဲ့စနစ် ထည့်မထားဘူး။

အဲဒီလိုပဲ သက်ဆိုင်ရာဘာသာရပ်ရဲ့ ပါမောက္ခကိုလည်း လုပ်ပိုင်ခွင့်ပေးမထားဘူး။ ကျောင်းသားတစ်ယောက်ကို လူတွေ့စစ်ဆေးပြီး အမှတ်ပေးတဲ့လူတွေထဲမှာ ပါမောက္ခချုပ်သော်လည်းကောင်း၊ သက်ဆိုင်ရာပါမောက္ခသော်လည်းကောင်း ပါ၊ မပါဆိုတာ မပြောနိုင်ဘူး။ မပြောနိုင်အောင်လည်းလုပ်ထားပါတယ်။ ဒါကြောင့် ကျောင်းသားတစ်ယောက်ဟာ ကျွန်တော့်ကျောင်းထဲကို နှုတ်ဖြေစာမေးပွဲဖြေဖို့ဝင်လာတယ်ဆိုရင် သူဟာ ဘယ်သူနဲ့ တွေ့ရမယ်ဆိုတာ သူမသိပါဘူး။ လူနည်းစုက ဝိုင်းစစ်ဆေးမှာလည်း မဟုတ်ဘူး။ စစ်ဆေးမယ့်အဖွဲ့ကို ကြီးကြီးမားမားဖွဲ့စည်းထားပါတယ်။ အဲဒီမှာ အဖွဲ့ ၁၊ ၂၊ ၃ ဆိုပြီး ခွဲထားမယ်။ ဒီနေ့ လူ ၂၅၀ အင်တာဗျူးခေါ်မယ်ဆိုရင် လူ ၂၅၀ ကိုပဲ ကြေညာလိုက်မယ်။ အဲဒီလူတွေဟာ ကျောင်းထဲကို ရောက်လာမယ်။ ၉ နာရီ အင်တာဗျူးစမယ်ဆိုရင် ၈ နာရီခွဲလောက်မှ ကျွန်တော်က ကွန်ပျူတာပရိုဂရမ်တစ်ခုကို Run လိုက်မယ်။ ဘယ်သူဟာ ဘယ်အုပ်စုထဲကို ရောက်သွားမယ်ဆိုတဲ့ အဖြေထွက်လာမယ်။ အဲဒီတော့မှသာ ကျောင်းသားတွေဟာ သတ်မှတ်ထားတဲ့နေရာကို သွားရမှာဖြစ်တယ်။ ဒါကြောင့် အားနည်းချက်တွေ ရှိကောင်းရှိနိုင်သော်လည်း ကျွန်တော်ကတော့ လာဘ်ပေးလာဘ်ယူမှု လုံးဝကင်းစင်နိုင်အောင် အဓိက စီစဉ်ဆောင်ရွက်ထားပါတယ်။

**မေး။ ။ ဝင်ခွင့်လျှောက်လွှာတွေကို စခေါ်မယ့်ရက်ရယ်၊ ရွေးချယ်မယ့် လုပ်ငန်းစဉ်အကြောင်းလေးတွေကိုလည်း ပြောပြပေးပါဦး။**

ဖြေ။ ။ တက္ကသိုလ်ဝင်စာမေးပွဲ အောင်စာရင်းထွက်ပြီးတာနဲ့ သတင်းစာထဲကနေ ရက်သတ်မှတ်ပြီး ကြေညာမှာပါ။ ကျောင်းသား ကျောင်းသူတွေရဲ့ လျှောက်လွှာကို အချိန်ယူစောင့်ဆိုင်းပြီး လက်ခံမယ်။ ကာလအားဖြင့် တစ်လ သို့မဟုတ် တစ်လခွဲလောက် ကြာသွားနိုင်တယ်။ လျှောက်လွှာကိုလည်း ဝင်ခွင့်အိတ်တွေထဲမှာ ထည့်ပေးဖို့ ကြိုးစားနေတယ်။ ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်ရဲ့ ဝက်ဘ်ဆိုက်၊ ပညာရေးဝန်ကြီးဌာနရဲ့ ဝက်ဘ်ဆိုက်တွေမှာလည်း အလွယ်တကူ မိနစ်ပိုင်းအတွင်း ရယူနိုင်အောင် တင်နိုင်တယ်။ ဒါကြောင့် ကျောင်းသားတစ်ယောက်ဟာ တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီး မိမိရဲ့အမှတ်ကို သိရှိပြီးတဲ့အချိန်မှာ ချက်ချင်းပဲ ကျွန်တော်တို့ဆီကို လျှောက်လွှာတွေပို့နိုင်တယ်။ စာတိုက်ကတစ်ဆင့်လည်း ပို့နိုင်သလို ကျောင်းဝင်းထဲကိုလည်း လူကိုယ်တိုင် လာရောက်ပို့နိုင်ပါတယ်။ လျှောက်လွှာပုံစံရယူနိုင်ဖို့က သတင်းစာထဲမှာလည်းပါမယ်။ ဝက်ဘ်ဆိုက်တွေမှာတင်ထားမယ်။ တက္ကသိုလ်မှာလည်း ရောင်းပေးမယ်။ လျှောက်လွှာရဖို့အတွက် အဆင်မပြေမှုမရှိအောင် လုပ်ထားမယ်။ လျှောက်လွှာလက်ခံတာလည်း စာတိုက်ကနေ မှတ်ပုံတင်ပြီးပို့လိုက်တာနဲ့ သတ်မှတ်ထားတဲ့နေ့မှာ အကုန်ရောက်လာမယ်။ လျှောက်လွှာတွေ ကျွန်တော်တို့ဆီရောက်လာတဲ့အခါ ကျောင်းသားတွေကို စိစစ်ပါမယ်။ စိစစ်တဲ့အခါ အင်္ဂလိပ်ဘာသာရပ်ကို လျှောက်တာလား၊ ဂျပန်ဘာသာရပ်ကိုလျှောက်တာလား၊ ကိုရီးယားဘာသာရပ်ကို လျှောက်တာလား စသည်ဖြင့် စိစစ်ပြီးမှ အမှတ်အနည်းအများလည်း တန်းစီပါမယ်။ ခေါ်သင့်ခေါ်ထိုက်တဲ့ ကျောင်းသားတွေကို အင်တာဗျူးခေါ်မှာဖြစ်ပါတယ်။ ဥပမာ- အင်္ဂလိပ်စာ လူ ၁၅၀ ခေါ်မယ်ဆိုရင် လူ ၃၀၀ ကျော်လောက်ကို အင်တာဗျူးခေါ်မယ်။ သေသေချာချာစိစစ်မယ်။ အရင်တုန်းကလိုတော့ အမှတ်နဲ့ တန်းစီပြီး ဖြတ်လိုက်တာမျိုးမဟုတ်ဘူး။ အင်တာဗျူးရက် ဖြစ်နိုင်တာကတော့ ဩဂုတ်လဆန်းလောက် ကြေညာချက်ထဲမှာပါမှာပါ။ အဲဒီလောက်အင်တာဗျူးမယ်။ ကျွန်တော်တို့တက္ကသိုလ်ဟာ စုစုပေါင်း ကျောင်းသား ကျောင်းသူ ၁၀၅၀ ကို လက်ခံမှာဖြစ်ပြီး အများဆုံး လူ ၅၀၀၀ အထိ အင်တာဗျူးမယ်လို့ မှန်းထားပါတယ်။ ဒါကြောင့် အနယ်နယ်အရပ်ရပ်က ကျောင်းသား ကျောင်းသူ အများစုဟာ ကိုယ့်ရဲ့စွမ်းရည်တွေကို ပြသခွင့်ရမှာ ဖြစ်ပါတယ်။

**မေး။ ။ ကျောင်းသား ကျောင်းသူတွေအနေနဲ့ ကိုယ်ဝင်ခွင့်ဖြေမယ့် ဘာသာရပ်တွေကို ဘယ်လိုမျိုး ကြိုတင်လေ့လာထားသင့်တယ်ဆိုတာကိုလည်း ရှင်းပြပေးပါဦး။**

ဖြေ။ ။ ကျွန်တော်တို့အနေနဲ့ ကျောင်းသား ကျောင်းသူတွေကို ကြိုတင်လေ့လာထားစရာ မလိုအောင်တော့ စီစဉ်ထားပါတယ်။ ကျောင်းသား ကျောင်းသူတစ်ယောက်ဟာ တက္ကသိုလ်ဝင်စာမေးပွဲဖြေပြီးပြီဆိုရင် အောင်မြင်တယ်ဆိုရင်၊ သတ်မှတ်ထားတဲ့အမှတ်တွေ မီတယ်ဆိုရင် တစ်ခါတည်းဖြေလို့ရအောင် လုပ်ထားပါတယ်။ သို့သော် ကျောင်းသား ကျောင်းသူတွေကို ပြောချင်တာကတော့ ကျွန်တော်တို့ အင်တာဗျူးတဲ့အခါမှာ တကယ့်ကျောင်းသားကောင်းတစ်ယောက် ရွေးချယ်ဖို့တော့ ဆရာ ဆရာမတစ်ယောက်အနေနဲ့ စဉ်းစားထားတယ်။ ကျောင်းသား ကျောင်းသူတွေဟာ ကျောင်းသားကောင်းတစ်ယောက်ဆိုတာ ဘာလဲဆိုတာ သိထားဖို့လိုတယ်။ ဘာကြောင့် ဒီစကားကို ပြောတာလည်းဆိုရင် ခုခေတ်ပညာသင်ကြားရေးမှာ လွဲမှားနေတဲ့ အတွေးအခေါ်လေးတွေဟာ ကျောင်းသား ကျောင်းသူတွေမှာ ရှိနေတယ်။ လက်ရှိ ကျောင်းသား ကျောင်းသူတွေဟာ ဆရာ ဆရာမတွေကို အားကိုးလွန်းတယ်။ ဆရာ ဆရာမတွေ နှုတ်တိုက်သင်ပေးမှ တတ်ကြတယ်။ ဆရာ ဆရာမရဲ့ သင်ကြားမှုကို အပြည့်အဝခံယူပြီးမှပဲ စာတတ်ချင်ကြတယ်။

အမှန်က စာတတ်တယ်ဆိုတာ အသိပညာ ကျွမ်းကျင်မှု၊ ကိုယ်ရည်ကိုယ်သွေး ဒါတွေကို ရယူတဲ့အခါမှာတော့ ကျောင်းသားတွေဟာ အရေးကြီးတယ်။ မိမိတတ်မြောက်လိုတဲ့ ပညာကို မိမိကိုယ်တိုင်အားထုတ်မှသာ တတ်ရမယ်ဆိုတဲ့ အတွေးအခေါ်ပြောင်းဖို့ လိုပါတယ်။ ကျွန်တော်တို့ကတော့ အဲဒါနဲ့ပတ်သက်တဲ့ မေးခွန်းလေးတွေ နည်းနည်းပါးပါးမေးမှာပါ။ ဆရာ ဆရာမတစ်ကြိမ်သင်ပြီးရင် ကိုယ်က ၁၀ ကြိမ်စာလောက် လေ့လာရမယ်။ လေ့လာတဲ့အခါမှာ နည်းလမ်းမျိုးစုံနဲ့ လေ့လာရမယ်။ ဒီအပေါ်မှာ သူ့ရဲ့ စိတ်အားထက်သန်မှုကိုလည်း ပြရမယ်။ ကိုယ်တတ်ချင်တဲ့ပညာအတွက် ကိုယ်တိုင်လေ့လာအားထုတ်မှ ရမယ်ဆိုတဲ့ စိတ်ဓာတ်တွေရှိနေဖို့လိုတယ်။ ဒါတွေအတွက်လည်း မေးခွန်းတချို့ မေးဖို့လိုလိမ့်မယ်ထင်ပါတယ်။ ကျွန်တော်တို့ ကျောင်းဟာ စည်းကမ်းပိုင်းနဲ့ ပတ်သက်ပြီးတော့လည်း အထိုက်အလျောက် စည်းကမ်းကြီးတဲ့ကျောင်း ဖြစ်ပါတယ်။ ဝတ်စားဆင်ယင်မှုကအစ ကျောင်းစည်းကမ်းလေးတွေကို လိုက်နာနိုင်မှုရှိ၊ မရှိ မေးပါမယ်။ နောက်တစ်ချက်က ပြောင်းလဲနေတဲ့ပညာရေးစနစ်ထဲမှာ ကျောင်းအပ်နှံတဲ့အခါမှာပဲဖြစ်ဖြစ်၊ ဝင်ခွင့်တင်တဲ့နေရာမှာပဲဖြစ်ဖြစ် ငွေရေးကြေးရေးအရ၊ ဘဏ္ဍာရေးအရ ဝန်ထမ်းအင်အားတွေ သိပ်မသုံးတော့ဘူး။ AGD Bank ကပဲ လာလုပ်ပေးတယ်။

ကျောင်းသားတွေဟာ ကတ်စနစ်နဲ့သုံးပြီးတော့ ကျောင်းအပ်နှံတာတွေ ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ ဒါလေးတွေနဲ့ ပတ်သက်ပြီး ကျောင်းသားတွေ အဆင်သင့်ဖြစ်မှု၊ မဖြစ်မှု မေးခွန်းလေးတွေထဲမှာ ထည့်မေးမယ်။ နောက်တစ်ချက်က ဘာသာစကား အထုံဝါသနာပါမှု မြန်မာစာတို့၊ အင်္ဂလိပ်စာတို့ကို ပြန်ပြီး ကျက်မှတ်စရာမလိုဘူး။ သင်တန်းတက်စရာလည်း မလိုဘူး။ သာမန်လေးပဲ စကားလုံးအရ ရှစ်တန်း၊ ကိုးတန်း၊ ၁၀ တန်းလောက် မြန်မာစာအင်္ဂလိပ်စာကို ရင်းနှီးမယ်ဆိုရင် ပေါ့ပေါ့ပါးပါး ဖြတ်သန်းနိုင်မယ့်ဟာလေးတွေကိုပဲ မေးမှာဖြစ်တယ်။ အဲဒီလိုပြောလိုက်တဲ့အတွက်လည်း ရှစ်တန်း၊ ကိုးတန်းစာတွေကို ပြန်ကြည့်စရာမလိုဘူး။ ဒါတွေကို သူကျွမ်းကျင်ထားတယ်ဆိုရင် နေရာဌာနအလိုက် သူပြောတတ်သလား၊ မေးတတ်သလား၊ ဘာသာပြန်တတ်သလားဆိုတာလေးတွေကိုပဲ မေးမှာဖြစ်တယ်။ အဓိကအချက်ကတော့ ကျောင်းသား ကျောင်းသူတစ်ယောက်ကို အထွေထွေဗဟုသုတမေးခွန်း လုံးဝမမေးပါဘူး။ ဒုတိယအချက်က ဒီဝင်ခွင့်နဲ့ပတ်သက်ပြီး ဘာကျူရှင်သင်တန်းမှ မတက်စေချင်ဘူး။ ကိုယ့်ရဲ့စွမ်းရည်၊ ကိုယ့်ရဲ့ဝါသနာကိုပဲ အမှန်အတိုင်း၊ အရှိအတိုင်း လာခဲ့ဖို့ ဆုံးဖြတ်စေချင်တယ်။

**မေး။ ။ ဝင်ခွင့်ဖြေဆိုကြမယ့် ကျောင်းသား ကျောင်းသူတွေအတွက် ဘယ်လိုအကြံပြုချက်မျိုး ပေးချင်ပါသလဲ။**

ဖြေ။ ။ စောစောကပြောခဲ့သလိုပဲ။ ကျောင်းသား ကျောင်းသူတွေဟာ လွဲမှားမှုအချို့လေးတွေ ရှိနေတယ်။ ဘွဲ့လက်မှတ်ကို အားကိုးလွန်းတယ်။ အောင်လက်မှတ်တစ်ခုရှိရင် အဲဒီလက်မှတ်ကိုအသုံးပြုပြီးမှ ဘဝလမ်းကြောင်းကို တည်ဆောက်ချင်တယ်ဆိုတဲ့ စိတ်ကူးဟာ မှားနေတယ်။ ဘွဲ့လက်မှတ်တွေဟာ တစ်ဦးချင်းစီရဲ့ စွမ်းရည်တွေကို မဖော်ပြနိုင်ဘူး။ ကမ္ဘာမှာ အကြီးဆုံးတက္ကသိုလ်ကြီးက ဆင်းလာတဲ့ ကျောင်းသား ၁၀ ယောက်ရှိရင်တောင်မှ လုပ်ငန်းရှင်တစ်ယောက်က အဲဒီ ၁၀ ယောက်ကို အလုပ်ပေးဖို့ဆိုရင် အတူတူ မစဉ်းစားဘူး။ ကိုယ်ရည်ကိုယ်သွေးနဲ့ တတ်မြောက်မှုက အဓိကကျတယ်။ ဒါကြောင့် ကျွန်တော့်ကျောင်းကိုလာတဲ့အခါမှာ ဘွဲ့လက်မှတ်အတွက်နဲ့ မလာပါနဲ့။ ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်လို့ပြောရင် အလုပ်ရှာဖွေမှုမှာ လွယ်ကူကောင်း လွယ်ကူလိမ့်မယ်။ ဒါက နည်းလမ်းတစ်ခု သို့သော်လည်းပဲ ကိုယ်ပိုင်တတ်မြောက်မှုက ပိုအရေးကြီးပါတယ်။ ကျွန်တော်တို့ကျောင်းမှာ ပြုပြင်ပြောင်းလဲမှုကိုလုပ်တဲ့အခါမှာ ကျောင်းသားတွေရဲ့ ကိုယ်ပိုင်တတ်မြောက်မှုကို အလေးအနက်ထားတယ်။

ဒါကြောင့် အမှန်တကယ်ကြိုးစားအားထုတ်လိုပြီး အမှန်တကယ် တတ်မြောက်လိုတဲ့စိတ်ရှိတဲ့လူ၊ ဘဝရည်မှန်းချက် ပြတ်သားခိုင်မာတဲ့လူမှပဲ ကျွန်တော်တို့လက်ခံချင်တယ်။ အဲဒီအတွက် ဒီကျောင်းကို ရည်မှန်းချက်ပြတ်သားခိုင်မာစွာနဲ့ လာစေချင်ပါတယ်။ ကျွန်တော်တို့ကျောင်းပညာရေးဟာ ကမ္ဘာ့ပေါ်မှာ ဆွဲဆောင်မှုရှိတဲ့ ပညာရေး ဟုတ်ချင်မှလည်း ဟုတ်မယ်။ ထိုက်သင့်တဲ့နေရာမှာ ကျွန်တော်တို့ပညာနဲ့ တိုင်းပြည်နဲ့ လူမျိုးကို အထောက်အကူပြုနေတဲ့အတွက် တကယ်ကြိုက်မှလာခဲ့စေချင်တယ်။ လာပြီဆိုရင်လည်း တကယ်တတ်မြောက်အောင် ကြိုးစားစေချင်တယ်ဆိုတာကို ကျွန်တော့်အနေနဲ့ အလေးအနက်ထား အကြံပြုပြောကြားချင်ပါတယ်။ ကျောင်းသားမိဘတွေကိုလည်း မိမိသားသမီး ဒီတက္ကသိုလ်ဝင်ခွင့်ရဖို့အတွက် ဖြတ်လမ်းနည်းတွေနဲ့ မကြိုးစားပါနဲ့။ မိဘဆိုတဲ့အမျိုးက စိုးရိမ်စိတ်လွန်ကဲတယ်။ သားသမီးတွေကို အချစ်လွန်တယ်။ ကျွန်တော်တို့ အင်တာဗျူးမှာလည်း ကျောင်းသားတွေကို မျက်နှာသာမပေးအောင်လည်း စီစဉ်ထားတယ်။ အဲဒီအတွက် မိဘများကို တိုက်တွန်းချင်တာကတော့ မိမိသားသမီးဘဝရှေ့ရေးအတွက် မိမိရဲ့ဆုံးဖြတ်ချက်ကို ကူညီတဲ့ အခါမှာ လွဲမှားတဲ့နည်းလမ်းတွေ မသုံးကြပါနဲ့လို့ တိုက်တွန်းအကြံပြုချင်ပါတယ်။

ယခုလို မေးမြန်းခဲ့သည်များကို ဖြေကြားပေးခဲ့တဲ့အတွက် အထူးကျေးဇူးတင်ပါတယ်။

တက္ကသိုလ်ဝင်ခွင့်စနစ် ပြောင်းလဲကျင့်သုံးမည့် ရန်ကုန်နှင့် မန္တလေးတို့မှ တက္ကသိုလ်ပါမောက္ခချုပ်တို့နှင့် အလျဉ်းသင့်သလိုတွေ့ဆုံ၍ မိဘများနှင့် ကျောင်းသား ကျောင်းသူတို့ သိလိုသည်များကို မေးမြန်းဖော်ပြသွားပါမည်။

**တွေ့ဆုံမေးမြန်း-ဋ္ဌေးမင်း၊ ဓာတ်ပုံ-ခင်မောင်ဝင်း(ကြေးမုံ)**

» စာမျက်နှာ ၁၅ မှ

ထိုသို့အပယ်ခံရလျှင် အပယ်ခံရသည့် ကိုယ်စားလှယ်လောင်း၏နေရာတွင် ယင်းပါတီက နောက်တစ်ဦးကို လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် ထပ်မံ၍ အမည်စာရင်းတင်သွင်းခွင့်မရှိတော့ပါ။ ယှဉ်ပြိုင်မှု မပြုရသေးမီမှာပင် ကိုယ်စားလှယ်လောင်းတစ်ဦး ဆုံးရှုံးမှုဖြစ်စေသည်။ ဤတွင် ယခင်ကအမည်စာရင်းတင်သွင်းလွှာများကို စိစစ်ရာ၌ သတ်မှတ်ထားသည့် အရည်အချင်းနှင့် မကိုက်ညီသဖြင့် အပယ်ခံရသည်များကို ဗဟုသုတအဖြစ် လေ့လာနိုင်ရန် ဖော်ပြပေးလိုသည်။

**၂၀၁၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ**

၇-၁၁-၂၀၁၀ ပြည့်နှစ်တွင် ကျင်းပခဲ့သည့် အထွေထွေရွေးကောက်ပွဲတွင် လွှတ်တော်အသီးသီးအတွက် ကိုယ်စားလှယ်လောင်း အမည်စာရင်းတင်သွင်းသူ ၃၁၀၈ ဦးဖြစ်သည်။ ၃၇ ဦး အပယ်ခံရသည်။ လုံခြုံရေးအရ ငြိစွန်းသူ ၁၆ ဦး၊ နိုင်ငံသားဖြစ်မှု ၂၀ ဦးနှင့် ရွေးကောက်ပွဲ မဝင်တော့၍ ပြန်ရုပ်သိမ်းသူ တစ်ဦးတို့ဖြစ်သည်။

**၂၀၁၂ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲ**

ပထမအကြိမ် လွှတ်တော်သက်တမ်းအတွင်း ၁-၄-၂၀၁၂ ရက်နေ့က ကျင်းပခဲ့သော ကြားဖြတ်ရွေးကောက်ပွဲတွင် အမည်စာရင်းတင်သွင်းသူ လွှတ်တော်ကိုယ်စားလှယ်လောင်း ၁၄၁ ဦးရှိသည်။ နှစ်ဦး အပယ်ခံရသည်။ နှစ်ဦးစလုံးမှာ နိုင်ငံသားဖြစ်မှုနှင့်စပ်လျဉ်း၍ အပယ်ခံရခြင်း ဖြစ်သည်။

**၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲ**

၈. ၁၁. ၂၀၁၅ ရက်နေ့တွင်ကျင်းပခဲ့သည့် အထွေထွေရွေးကောက်ပွဲတွင် လွှတ်တော်အသီးသီးအတွက် ကိုယ်စားလှယ်လောင်း အမည်စာရင်းတင်သွင်းသူ စုစုပေါင်း ၆၁၈၉ ဦးရှိသည်။ ၃၉ ဦး ပြန်လည်ရုပ်သိမ်းခဲ့သည်။ အမည်စာရင်း တင်သွင်းလွှာများကို စိစစ်ပြီးနောက် ကိုယ်စားလှယ်လောင်း ၇၅ ဦး အပယ်ခံရသည်။

အပယ်ခံရသည့်ဦးရေမှာ နိုင်ငံသားဖြစ်မှု ၅၁ ဦး၊ အသက်မပြည့်မီသူ ကိုးဦး၊ မြန်မာနိုင်ငံအတွင်း ၁၀ နှစ် တစ်ဆက်တည်း နေထိုင်ခြင်း မရှိသူ ငါးဦး၊ ပါတီတစ်ခုတည်းမှ နှစ်ဦးထပ်နေသူ လေးဦး၊ အချင်းချင်းကန့်ကွက်မှု နှစ်ဦး၊ လိမ်လည်စာရင်းသွင်းသူ တစ်ဦး၊ နုတ်ထွက်သူ သုံးဦး စုစုပေါင်း ၇၅ ဦးဖြစ်သည်။

**၂၀၁၇ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲ**

ဒုတိယအကြိမ် လွှတ်တော်သက်တမ်းအတွင်း ၁-၄-၂၀၁၇ ရက်နေ့က ကျင်းပခဲ့သော ပထမအကြိမ် ကြားဖြတ်ရွေးကောက်ပွဲတွင် သတ်မှတ်ချက်များနှင့် ညီညွတ်သည့်အတွက် ကိုယ်စားလှယ်လောင်းအမည်စာရင်း အပယ်ခံရခြင်းမရှိခဲ့ပါ။ မှန်ကန်စွာ စိစစ်ရွေးချယ်တင်သွင်းနိုင်မှုကို မှတ်တမ်းတင်ရမည်ဖြစ်သည်။

**အပယ်မခံရစေရေးသည်**
**ကနဦးလိုအပ်ချက်ပါ**

ကိုယ်စားလှယ်လောင်းအတွက် သတ်မှတ်ထားသည့် အသက်ကန့်သတ်ချက်မှာ ပြည်သူ့လွှတ်တော်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်လောင်းများအတွက် ၂၅ နှစ်၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်လောင်းများအတွက် ၃၀ နှစ် ဖြစ်သည်။ အသက်ကန့်သတ်ချက်အတွက် သတ်မှတ်ထားသည့်အချိန်ကာလမှာ အမည်စာရင်းတင်သွင်းရမည့်အချိန်တွင် ပြည့်မီရန် သတ်မှတ်ထားသည်။ သို့ရာတွင် ရွေးကောက်ပွဲ ကျင်းပမည့်နေ့ရက်နှင့်ချိန်၍ တွက်ချက်ရွေးချယ်တတ်ကြသည်။ သတိပြုကြရပါမည်။

နိုင်ငံသားအတွက် သတ်မှတ်ထားသည်မှာ အမည်စာရင်းတင်သွင်းခံရသူ မွေးဖွားသည့်အချိန်တွင် မိဘနှစ်ပါးလုံးသည် နိုင်ငံသားဖြစ်နေဖို့သည် အဓိကဖြစ်သည်။ သို့ရာတွင် ထိုသို့မဟုတ်ဘဲ လက်ရှိကာလတွင် မိဘနှစ်ပါးသည် နိုင်ငံသား ဖြစ်၊ မဖြစ်တိုင်းတာ သတ်မှတ်ရွေးချယ်တတ်ကြသည်။ သတိပြုကြရပါမည်။

ဥပမာပေးခြင်းဖြစ်သည်။ ကျန်ရှိသော အရည်အချင်းသတ်မှတ်ချက်များကိုလည်း သေသေချာချာ စိစစ်ရွေးချယ်ကြဖို့လိုအပ်သည်။ မိမိ အမည်စာရင်းတင်သွင်းလိုက်သည့် လွှတ်တော်ကိုယ်စားလှယ်လောင်းအား အပယ်မခံရစေရေးသည် ကနဦးအရေးကြီးသည့် အချက်တစ်ချက်ဖြစ်ကြောင်းပါ။

သတ်မှတ်အရည်အချင်းများနှင့်ကိုက်ညီပြီး ပြည်သူနှင့် နိုင်ငံတော်အကျိုး စွမ်းစွမ်းတမံ သယ်ပိုးဆောင်ရွက်နိုင်မည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများအမည်စာရင်းများကို မှန်မှန်ကန်ကန် စိစစ်ရွေးချယ်တင်သွင်းနိုင်ကြပါစေ။

သက်ဆိုင်ရာ ကော်မရှင်အဖွဲ့ခွဲများက ဥပဒေ၊ နည်းဥပဒေများနှင့်အညီ အထောက်အထား ခိုင်မာစွာဖြင့် စိစစ်မှုပြုနိုင်ကြပါစေ။



## မြိတ်မြို့တွင် ခရီးသွားလုပ်ငန်းမြှင့်တင်ရေး ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်း ကျင်းပ

**မြိတ် မေ ၃၁**

ဒီမိုကရေစီခေတ်တွင် အစိုးရနှင့် ပြည်သူအကြား ဆွေးနွေးတိုင်ပင်နိုင်ရန်၊ ပြည်သူတို့၏ ဘဝဖြတ်သန်းမှု အကြောင်းကိစ္စများ ဆွေးနွေးပြောကြားနိုင်သော အခွင့်အလမ်းများ ဖော်ဆောင်ပေးရန်၊ လူထု၏စဉ်းစားတွေးခေါ်မှု မြင့်မားလာစေရန်နှင့် အစုအဖွဲ့အတွင်း ပါဝင်ဆွေးနွေးတတ်သော အလေ့အထကောင်းများ လေ့ကျင့်ပေးရန် ရည်ရွယ်ချက်များဖြင့် တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ ပုလဲရတနာခန်းမတွင် "ခရီးသွားလုပ်ငန်းမြှင့်တင်ရေး" ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကို မေ ၃၀ ရက် နံနက် ၉ နာရီက ကျင်းပသည်။

ပြည်သူ့စကားဝိုင်းတွင် မြိတ်ခရိုင် ခရီးသွားလုပ်ငန်း ရေရှည်တည်တံ့ဖွံ့ဖြိုးရေး၊ မြိတ်ဒေသအတွင်း ရိုးရာဓလေ့ယဉ်ကျေးမှုများ တိုးတက်ဖော်ဆောင်ရေး၊ ခရီးသွားဇုန်သတ်မှတ်ရေး၊ အဏ္ဏဝါဗေဒခရီးသွားလာမှု တိုးတက်မြင့်မားရေး၊ ပြည်တွင်း၊ ပြည်ပခရီးသွားများ၏ ကျန်းမာရေး၊ လုံခြုံရေးနှင့် တည်းခိုနေထိုင်စားသောက်ရေး၊ ကျွန်းခရီးသွားလာရာတွင် အမှိုက်ပြဿနာနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး၊ ဒေသခံများ၏ အလုပ်အကိုင်အခွင့်အလမ်းများနှင့် ပြည်သူပူးပေါင်းပါဝင်မှု၊ ဧည့်လမ်းညွှန်များ၏အခန်းကဏ္ဍ၊ ခရီးသွားပြည်သူများ လာရောက်စဉ် ဟိုတယ်နှင့် တည်းခိုခန်းများ အခန်းကဏ္ဍများကို တက်ရောက်လာကြသည့် ပြည်သူများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ခရီးသွားလုပ်ငန်းရှင်များ၊ ဧည့်လမ်းညွှန်များ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဌာနဆိုင်ရာများက ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးခဲ့ကြသည်။

"ခရီးသွားလုပ်ငန်း မြှင့်တင်ရေး" ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းတွင် မြိတ်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးပိုင်ဌေးက အဖွင့်အမှာစကားပြောကြားခဲ့ပြီး မြိတ်ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်နန်းမြင့်က ပြည်သူ့စကားဝိုင်း ကျင်းပရသည့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ပြည်သူ့စကားဝိုင်းကို တနင်္သာရီတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါ်ရီရီချို၊ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးလွှမ်းမိုး၊ ဟိုတယ်လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဒေါက်တာ သိန်းဆွေမြင့်၊ ဧည့်လမ်းညွှန်များအသင်း ဥက္ကဋ္ဌ ဦးအောင်ကိုထွေးနှင့် ငါတို့အနာဂတ်ရှေ့ဆောင် (အရပ်ဘက် လူမှုအဖွဲ့အစည်း)မှ ဦးတင်ကိုကိုဦးတို့က ဦးဆောင်၍ တက်ရောက်လာကြသူများနှင့် ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးခဲ့ကြသည်။

ပြည်သူ့စကားဝိုင်း (Public Talk) ကို လွှတ်တော်ကိုယ်စားလှယ်များ၊ မြိတ်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာနနှင့် မြိတ်ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်း၍ "ခရီးသွားလုပ်ငန်းမြှင့်တင်ရေး" ခေါင်းစဉ်ဖြင့် ကျင်းပခဲ့သည်။

**နိုင်ထူး(ပြန်/ဆက်)**

## AI နည်းပညာပါဝင်သော တန်ဖိုးသင့်စမတ်ဖုန်းသစ်နှစ်မျိုးဖြစ်သည့် Oppo F7 နှင့် F7 Youth ကိုမြန်မာနိုင်ငံတွင် စတင်မိတ်ဆက်




Artificial Intelligence (AI) နည်းပညာပါဝင်သည့် တန်ဖိုးသင့်စမတ်ဖုန်းနှစ်မျိုးဖြစ်သည့် F7 နှင့် F7 Youth တို့ကို Oppo အမှတ်တံဆိပ်မှ မြန်မာပြည်တွင်းဈေးကွက်တွင် စတင်မိတ်ဆက်သည့် အခမ်းအနားကို ရန်ကုန်မြို့ ကမ္ဘာအေးဘုရားလမ်းမပေါ်ရှိ MELIA ဟိုတယ်၌ မေ ၃၀ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။ ၎င်းစမတ်ဖုန်းနှစ်မျိုးမှာ Oppo ၏ နောက်ဆုံးထုတ် စမတ်ဖုန်းအမျိုးအစားများဖြစ်ပြီး ယနေ့ခေတ်စားနေသည့် စမတ်ဖုန်းများကဲ့သို့ ကျယ်ပြန့်သည့် မျက်နှာပြင်များနှင့် လုပ်ဆောင်ချက်ကောင်းမွန်သည့် ကင်မရာများတပ်ဆင်ပါဝင်သည့် စမတ်ဖုန်းများဖြစ်ပြီး AI နည်းပညာများပါဝင်သောကြောင့် ဖုန်း၏ စွမ်းဆောင်ရည် ကောင်းမွန်သောအထောက်အပံ့များရရှိနိုင်မည့် စမတ်ဖုန်းအမျိုးအစားများဖြစ်ကြောင်း သိရသည်။

Oppo F7 အမျိုးအစား စမတ်ဖုန်းတွင် အရှေ့ဘက်ကင်မရာ 25 MP ပမာဏအထိပါဝင်ပြီး Real-Time HDR နည်းပညာလည်း ပါဝင်သောကြောင့် Selfie ဓာတ်ပုံများရိုက်ကူးရာတွင် DSLR ကင်မရာများဖြင့် ရိုက်ကူးထားသကဲ့သို့ ကောင်းမွန်သည့် ပုံထွက်အရည်အသွေးကို ရရှိနိုင်ရုံသာမက အလင်းအမှောင်များကိုလည်း ပတ်ဝန်းကျင်အနေအခြေအနေနှင့် ကိုက်ညီမှုရှိစေရန် စိတ်ကြိုက်ချိန်ညှိနိုင်မည်ဖြစ်သည်။ AI နည်းပညာ၏ ဒုတိယမျိုးဆက်ဖြစ်သော AI Beauty 2.0 ထည့်သွင်းပေးထားသောကြောင့် အသုံးပြုသူမျက်နှာပေါ်ရှိ Facial Recognition အမှတ်အသားပေါင်း ၂၉၆ ခုအထိ ဖတ်ယူမှတ်သားထားနိုင်သော အာရုံခံစနစ်ပါဝင်ပြီး ကျား/မ အသားအရောင်နှင့် အသားအရေအမျိုးအစား မတူညီမှုများကို တိကျစွာရှာဖွေပြီး ဓာတ်ပုံရိုက်ကူးပြုပြင်မှုများပြုလုပ်နိုင်သည်ဟု သိရသည်။ မျက်နှာပြင်အကျယ် ၆ ဒသမ ၂၃ လက်မနှင့် ပါးလွှာသည့် ဘေးပေါင်များပါဝင်ပြီး အသုံးပြုသူများအတွက် အက်ပလီကေးရှင်းအချင်းချင်းကြားတွင် Gesture နည်းပညာအသုံးပြုကာ လမ်းညွှန်မှုများပေးနိုင်သည့် Multitasking စနစ်ကို ပထမဆုံးထည့်သွင်းပေးခဲ့သော စမတ်ဖုန်းအမှတ်တံဆိပ်လည်းဖြစ်သည်ဟု သိရသည်။

Oppo F7 Youth စမတ်ဖုန်းအမျိုးအစားတွင် ခြောက်လက်မမျက်နှာပြင်ကျယ်ပါဝင်ပြီး RAM 4GB yrmPနှင့် သိုလှောင်သိမ်းဆည်းမှုအတွက် 64 GB ပါဝင်ကာ ဂိမ်းကစားခြင်း၊ ရုပ်သံများကြည့်ရှုခြင်းများအတွက် ကောင်းမွန်သော Full HD မျက်နှာပြင်နည်းပညာကို ထည့်သွင်းပေးထားပြီး ၁၅ နာရီအထိဆက်တိုက်အသုံးပြုနိုင်သော 3410 mAh ပမာဏ ပါဝင်သည့် ဘက်ထရီကိုထည့်သွင်းတပ်ဆင်ပေးထားကြောင်း သိရသည်။

၎င်းစမတ်ဖုန်းအမျိုးအစားနှစ်ခုလုံးတွင် Android 8.1 စနစ်ကို အခြေခံသည့် Oppo ၏ကိုယ်ပိုင်လည်ပတ်မှုစနစ် Color OS 5.0 ကိုထည့်သွင်းပေးထားပြီး Solar Red, Moonlight Silver, Diamond Black စသော အရောင်သုံးမျိုးရွေးချယ်နိုင်ပြီး Oppo F7 အမျိုးအစားကို မြန်မာကျပ်ငွေ ၃၈၉၀၀၀ ဖြင့်ရရှိနိုင်ပြီး F7 Youth အမျိုးအစားကို ကျပ် ၃၁၉၀၀၀ ဖြင့် ပြည်တွင်းမိုဘိုင်းဖုန်းဆိုင်များအပါအဝင် Oppo ၏တရားဝင်မိုဘိုင်းဖုန်းအရောင်းဆိုင်များတွင် ဝယ်ယူရရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။ ALEX

## လာမည့်နှစ်များတွင် စမတ်ဖုန်းများအတွင်း အနံ့ခံနိုင်သည့်နည်းပညာ ထည့်သွင်းနိုင်ရန်စမ်းသပ်နေ



ဂျာမနီနိုင်ငံ အခြေစိုက် နည်းပညာ ကုမ္ပဏီတစ်ခုဖြစ်သော Karlsruhe Institute of Technology မှ စမတ်ဖုန်းအတွင်း ထည့်သွင်းနိုင်မည့် အနံ့ခံနိုင်သည့် နည်းပညာကို စမ်းသပ် ဖန်တီးနေကြောင်း သိရသည်။ လူ၏နှာခေါင်းအတွင်းရှိ အနံ့ခံအာရုံကြောများကိုအခြေခံကာ ပိုမိုကောင်းမွန်သည့် အီလက်ထရွန်နစ်အနံ့အာရုံခံစနစ်များပါဝင်သည့် နည်းပညာကို အဆိုပါကုမ္ပဏီမှ ပညာရှင်တစ်ဦးဖြစ်သော Dr. Martin Sommer အပါအဝင် အခြားပညာရှင်များက စီမံကိန်းတစ်ခုအနေဖြင့် စုပေါင်းဖန်တီးနေကြခြင်းဖြစ်ပြီး ၎င်းနည်းပညာအောင်မြင်ပါက အနာဂတ်စမတ်ဖုန်းများတွင် အနံ့ခံသည့်နည်းပညာ ပါဝင်လာတော့မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါနည်းပညာသည် အသား၊ ငါး၊ ဟင်းသီးဟင်းရွက်များကို လတ်ဆတ်သန့်ရှင်းမှုရှိမရှိ အနံ့ဖြင့်ခွဲခြားသိရှိနိုင်မည်ဖြစ်ပြီး လူသားများခံနိုင်ရည်မရှိသော ဆိုးရွားသည့်အနံ့များကိုပင် အာရုံခံနိုင်ကာ ခွဲခြားမှတ်သားနိုင်မည်ဖြစ်ကြောင်း သိရသည်။ လူများအတွက် အန္တရာယ်ဖြစ်စေတတ်သော အဆိပ်ဓာတ်ပါဝင်သည့် အနံ့များ၊ အငွေ့များကိုပင် အာရုံခံခွဲခြားနိုင်စေရန်အထိ ရည်ရွယ်ဖန်တီးစမ်းသပ်နေခြင်းဖြစ်ပြီး လူသားများကိုယ်စားအနံ့ခံကာ အချက်ပေးသိရှိစေပြီး ကာကွယ်နိုင်ရန် ဖြစ်ကြောင်းသိရသည်။

အနံ့များကိုတစ်ကြိမ်ပြသပေးထားရုံဖြင့် နောက်ပိုင်းတွင်အဆိုပါနည်းပညာမှ မှတ်သားထားသောအနံ့များ၊ အငွေ့အသက်များကို ခွဲခြားဖော်ပြပေးနိုင်မည်ဖြစ်ကာ အရွယ်အစားသေးငယ်သည့် Chip တစ်ခုအနေဖြင့် ဖန်တီးထုတ်လုပ်သွားနိုင်ရန် စမ်းသပ်နေခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ Chip သည် မီးလောင်မှုကဲ့သို့ မီးခိုးငွေ့များကို အာရုံခံပေးနိုင်ခြင်း၊ လေထုအတွင်းပါဝင်နေသော အနံ့များ သန့်ရှင်းမှုနှင့် အဆိပ်ပါဝင်မှုများကို အာရုံခံပေးနိုင်ခြင်း၊ ဟင်းသီးဟင်းရွက်၊ အသား၊ ငါးများ လတ်ဆတ်သန့်ရှင်းမှုရှိမရှိအာရုံခံပေးနိုင်ခြင်းနှင့် သတိပေးချက်ထုတ်ပြန် ပေးနိုင်ခြင်းများကို စမတ်ဖုန်းမှ ပြုလုပ်ပေးနိုင်ရန် စမ်းသပ်ဖန်တီးနေကြောင်းသိရသည်။ **ဓာဏီ**


Sein Gay Har
GRAND OPENING
HLAING THAR YAR BRANCH
June 1 to June 5 2018
စိန်ဂေဟာ(လှိုင်သာယာ)ဖွင့်လှစ်ခြင်းအထိမ်းအမှတ်အနေဖြင့် ကျပ်သုံးသောင်းဖိုးပြည့်ပါက ဗလာမပါ ကျပ်(၅၀၀) မှ ကျပ်(၅၀၀၀)တန်အထိ ကူပွန်ကံစမ်းမဲများပါဝင်မည့်အပြင် အထူးလျှော့ဈေးများပြုလုပ်ပေးနေပြီဖြစ်ပါသည်။
စိန်ဂေဟာ(လှိုင်သာယာ) ဆိုင်သစ်ဖွင့်လှစ်ခြင်းအတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း...
bella
POND'S
CLEAR
camella
SILK TOP
FOLLOW ME
DABO
Dr. IN & Giovanni
Colgate
Giorenzo
MANCHESTER
1-ZAR
CF COMFORT
O-Pa Fashion
DANIEL LEWIS
22 Corner
WE ARE HERE!
icon
Goldwall
PWINT OO
SWEETY HOME
M&H BEDDING SERIES
SHWE MI FURNITURE
PAS
Max & Mia
Panasonic
PHILIPS
anitech
SAMSONIC
SAMSUNG
Dagon Win Win Co., Ltd
Mr Muscle
TOMO
Mr Potato
Mark Production
HAPPY
RAINBOW
PAO NanoTech
NKL
Furniture
GOOD LUCK
GALANZ
STL
Myanmar Asiko
Southem Star
Myat Min
Sein Tin
Glasslock
Richef
Dr.SOMCHAI
J.CO DONUTS
MATRIX
Michelle
CP
HAPPY CHICKEN
KARMART
HITACHI
Liby
HORN
အမှတ် (၂၁)၊ မင်းကြီးမဟာမင်းခေါင်လမ်း၊ စက်မှုဇုန် (၃)၊ နဝဒေးအိမ်ရာရှေ့၊ လှိုင်သာယာမြို့နယ်။


# NELC
"Don't Worry, Just Speak!"

## Young Learners Regular Classes

Age 6 to 15 Years Old

Saturday & Sunday

Enroll Now!



| Level | Cambridge Exams |
|---|---|
| Beginner(1,2) | - |
| Foundation ( 1 to 6 ) | Starters, Movers, Flyers |
| Step Up (1 to 5) | KET, PET, FCE |

- ရန်ကင်း - 01 8550727~8
- စမ်းချောင်း - 09 428612639
- မရမ်းကုန်း - 09 73065345
- အလုံ - 09 958696573~4
- ကမာရွတ် - 09 958696538~9
- ဗိုလ်အောင်ကျော် - 01 256516~7
- မြေနီကုန်း - 01 526311/ 523680
- မင်္ဂလာတောင်ညွန့် - 09 443748208~9
- သင်္ဃန်းကျွန်း - 09 960603700~800
- မြောက်ဥက္ကလာပ - 09 960604700
- မန္တလေး - 09 91023900/ 30869100
- နေပြည်တော် - 09 782009390
- လားရှိုး - 082 26611
- ပြင်ဦးလွင် - 09 400306019
- တာချီလိတ် - 084 52572

---

**ရွှေအိုးကြီး**

မြဝတီ၊ မဲဆောက်၊ ဘားအံ

Hotel တည်း(Visa) စား/ငြိမ်း (75000)

မဲကုတ်အဒံ့၊ မန္တလေး၊ ကျောက်မဲ

Gust House တဆင့် ကားစား/ငြိမ်း (75000)

09421073634, 777636630

---

**သုံးရာသီ (ဗမ္ဗဒါန)**

Jun-1,8,15

420144148, 421153797

---

# ဆရာဒွေး နှင့် သမီး-ဆရာမ ဒွေးစန္ဒာလွင် သား-ဆရာ ဒွေးသူရိန်ဝင်း

**အင်္ဂလိပ်စာ သဒ္ဒါ၊ အရေး နှင့် 4 Skills**

တစ်နိုင်ငံလုံးမှာ မူလတီထွင်သင်ကြားသော သုံးဆင့်သင်နည်းသစ် စာအုပ် (၀/၃တွဲ) အမြဲပြီး ဆိုင်တိုင်းတွင်ရပြီ။ တစ်ပတ်(၂)ရက် (၅)လတက်ရုံနှင့် လုံးဝရေးတတ်မည်။ ဘွဲ့ကြို ဘွဲ့ရ ၁၀-တန်းဖြေ/အောင်၊ အလုပ်ဝင်နေသူ အရွယ်မရွေးတက်ပါ။ အခြေခံညံ့သည်ဟု ယူဆလျှင် မဖြစ်မနေတက်ပါ။

ဇွန်လ(၄/၆/၅)ရက်နေ့ (ဗ/၇)တန်းခွဲသစ်ဖွင့်မည်။ လစဉ်တန်းခွဲသစ် ဖွင့်သည်။

**4 Skills စိတ်တိုင်းကျစေမည့် သင်ကြားမှုများ**

၂၂၄၊ ပန်းဆိုးတန်း(ထက်)ဂုံးတံတားအဆင်း မီးပွိုင့်အနီး၊ ရန်ကုန်မြို့။

Ph: 01-375970, 0951 72096, 09254541441

---

# မင်္ဂလာပါ

အိမ်ပြောင်း၊ အိမ်ရွှေ့လုပ်ငန်း

မြို့တွင်း/နယ်ဝေးများအတွက်

စျေးနှုန်းချိုသာစွာဖြင့်

Box ကားမျိုးစုံဖြင့်

အလုပ်သမားစီစဉ်ပေးသည်။

09-450042704

09-250095116

09-420096296

---

# "ဆန်သိုလှောင်လို့…ရပါပြီ"

တစ်နှစ်ပတ်လည်လုံး ဆန်သိုလှောင်ချင်သူများအတွက်

**အထူး promotion**

မြန်မာပြည်တွင်ပထမဦးဆုံး "Certified Organic"

ပေါ်ဆန်းမွှေးဆန်စစ်စစ်(၂၄)ပြည် (၁)အိတ်ဝယ်ယူပြီး

Slimbag လှလှလေး (၁)လုံး

လက်ဆောင်ရယူလိုက်ပါ. . . . . .

Promotion Period(၁-၆-၂၀၁၈)မှ (၃၀-၆-၂၀၁၈)အထိ

Ph:221834, 09-785150525, 09-5150525

---

# ဦးသုရရှိန် စာရင်းကိုင်သင်တန်းများ

aat MAS EDUCATION CENTER

**Foundation Certificate in Bookkeeping ( Level 2 )**

အရည်အချင်းပြည့်ဝသော စာရင်းကိုင် ပညာရှင် ဘဝကို AAT L2 နှင့် စတင်လိုက်ပါ

No.(184-186), 2nd floor, 45th St, Botahtaung Tsp.

No.106 (A), 1st floor, Sanchaung St, Sanchaung Tsp.

PH : 09-779922385, 09-779922386, 09-779922387, 09-448005544

Enroll And GET YOUR DISCOUNT NOW!

---

# ရောင်ခြည်သစ်

အိမ်ပြောင်း/အိမ်ရွှေ့လုပ်ငန်း

10',14',15' ကားများဖြင့်

လုပ်သားအပြီးအစီး မြို့တွင်း/နယ်ဝေး

ဝန်ဆောင်မှုပေးသည်၊

Ph:09-450454771

09-450454772

09-450454773

---

" Better English For a Smarter Life"

# ဦးရဲဇော်လတ်

M.A(UFL),MBA(UTCC)

APPLIED GRAMMAR & SPOKEN ENGLISH

တက္ကသိုလ်ဝင်တန်းဖြေဆိုပြီးသူများနှင့်ဘွဲ့ကြို၊ဘွဲ့ရများအတွက်

Basic 4 Skills | Intermediate 4 Skills | Advanced 4 Skills

June လသစ်နိုင်းဖွင့်ပြီ

၁၀၁၆၊ ဘိုးရာဇာလမ်း ၃၅ - ရပ်ကွက်၊ ၃၅ - မှတ်တိုင်အနီး၊ မြောက်ဒဂုံ။

( -09-5057138,09-73175231)လူဦးရေအကန့်အသတ်ရှိသည်

---

# Forever Gems by ရွှေနန်းတော်

## "June Super Weekend Sales"

**Limited Items Only**

(အပတ်စဉ် သောကြာ၊ စနေ၊ တနင်္ဂနွေနေ့တိုင်း)

| | |
|---|---|
| စိန်ထည်လက်ဝတ်ရတနာများ | – 20% Off |
| စိန်နှင့်ကျောက်မျက်လက်ဝတ်ရတနာများ | – 30% Off |
| 3D နှင့် Invisible စိန်နှင့် ကျောက်ထည်များ | – 50% Off |

မိုးရာသီအထူးအစီအစဉ်

ဇွန်လ(၁)ရက်နေ့မှ စက်တင်ဘာ (၃၀) ရက်နေ့အထိ

**"Special Discount Coupon" Program**

ကျပ်(၃၀၀၀)မှ (၅၀,၀၀၀)အထိ ရရှိနိုင်မည့်

**"Discount Coupon"**

အစီအစဉ်

5% Off ဇွန်လမွေးဖွားများအတွက်

**5% to 50% Off**

SAVE! 10,000ks — SAVE 10,000ks OFF ON YOUR NEXT PURCHASE

SAVE! 3000ks — Discount Coupon — SAVE 3000ks OFF ON YOUR NEXT PURCHASE

SAVE! 5000ks — Discount Coupon — SAVE 5000ks ON YOUR NEXT PURCHASE

1-6-2018 မှ 30-9-2018 ထိ




---

# GOLDEN EDEN®
SLEEP SOLUTIONS

Bedsheet Pillow
Comforter
Bolster Mattress



- မြန်မာပြည်အတွက် ကမ္ဘာ့နောက်ဆုံးပေါ် အဆင့်မီ Tencel Fabric (သစ်စေးချည်မျှင်ဖြင့် ထုတ်လုပ်ထားပြီး ရေစွဲ့စုပ်ယူမှု အားကောင်းသည့် အေးမြနူးညံ့သောအသား)
- အထပ်မြင့် အဆောက်အဦများအတွက် လွယ်ကူစွာ သယ်ဆောင်နိုင်သော ထုပ်ပိုးမှုပုံစံသစ်
- အလွှာ (၁၁) လွှာဖြင့် ဖွဲ့စည်းထားသော အဆင့်မြင့် မွေ့ရာ
- ခေါင်း၊ ခါး၊ ခြေ / အရိုး၊ အကြော၊ အဆစ်တို့အတွက် အသင့်တော်ဆုံး နှင့် အကောင်းဆုံး (5 Zone Pocket Spring)



"Singapore နိုင်ငံမှတင်သွင်းဖြန့်ချိသော Quality ကောင်းမွန်သော အိပ်ရာခင်း၊ စောင်၊ ခေါင်းအုံး၊ ဖက်လုံး၊ မွေ့ရာ များကို လက်လီလက်ကား ဝယ်ယူရရှိနိုင်ပါသည်။"

Authorized Sole Distributor in Myanmar — Kaday Myaing Co., Ltd — Imported from Singapore

Bldg 31, Rm.no 5, Sabai St, Near Yuzana Plaza. Ph: 01 203671, 205756 — www.goldenedensleepsolutions.sg

CROWN EDUCATION
YOUR DOOR TO THE FUTURE
SIM GLOBAL EDUCATION
www.simge.edu.sg

သယ်တန်းအပြီး စီးပွားရေးဘာသာရပ်ကို သင်ကြားမည့် လူငယ်များအတွက်
စင်ကာပူ အကောင်းဆုံး စီးပွားရေးကျောင်း SIM ဆွေးနွေးပွဲ

Yangon Seminar
Sat, 2 Jun 2018
10:00 Am - 12:00 Noon
NOVOTEL HOTEL, (Eureka Room)

Mandalay Seminar
Sun, 3 Jun 2018
10:00 Am - 12:00 Noon
HOTEL MANDALAY, (Zabei Phyu Room)



- နိုင်ငံတကာကော်ပိုရေးရှင်းလုပ်ငန်းကြီးများ၊ ဘဏ်များတွင် ဝင်ရောက်လုပ်ကိုင်ရန် ရည်မှန်းချက်ရှိသော လူငယ်များ သင်ယူသင့်သော ဘာသာရပ်များ
- စင်ကာပူ SIM တွင် လေ့လာသင်ယူပြီး အင်္ဂလန် University of London, ဩစတြေးလျ RMIT, အမေရိကန်မှ University at Buffalo, The State University of New York မှ ပေးအပ်မည့်ဘွဲ့များကို စင်ကာပူနိုင်ငံတွင် ရယူနိုင်မည့်အကြောင်း
- Business Management, Finance and Economic, Accounting and Finance, Management and Marketing ဘာသာရပ်များ၏ သဘောသဘာဝများအကြောင်း

SIM မှ ချီးမြှင့်မည့် ၁၀၀% ပညာသင်ဆု

Tel : 01 527 838, 09 44 55 66 701, 09 44 55 66 702




SILTA
English & STEM Learning
[Science - Technology - Engineering - Math]
-Preschool (Age 2½ ~ 6)
-Young Learners (Age 6 ~ 12)
(Weekend Class)
No.220/222, Botahtaung Pagoda Road. Facebook: KES
Tel: 09 450035260, 09 978648724

ငှားမည်
အလုံ၊ ငုဝါလမ်း၊ ပေ(၁၈×၅၀)၊
၃-လွှာ၊
တစ်လ ၄. ၅သိန်း
ဖုန်း-၀၉-၉၅၂၅၀၅၉၄၇

သီဟလင်း
အိမ်ငြောင်း / အိမ်ရှေ့လုပ်ငန်း
(10",14",16",18",22")တား
များဖြင့်လုပ်သားအပြီးအစီး
ဖြူတွင်း / နယ်ဝေး
ဝန်ဆောင်မှုပေးသည်။
01-570307
09-5112729
09-5126394

ဦးသန်းလွင်+ဒေါ်သန်းသန်းမြင့်
မူလပထမ ဟိုမ္ဗီ (1) ကြိုတင်စာရင်းသွင်းပါရန်။
ကားမောင်း၊ စက်ပြင်သင်တန်း
* မ/ ဒဂုံယာဉ်မောင်းသင်ကွင်း။
☎:01-706862,09-73047755,09-73322177,09-73235757,
* သိမ်ဖြူကားကက်ဆက်တန်း။
☎:01-201188, 09-73047744, 09-73047766
* (218)၊ ကျိုက္ကဆံလမ်း၊ ကျောက်မြောင်းဈေးမှတ်တိုင်။
☎:01-549764, 01-545155
* အမှတ်(3-F)၊ ကန်တော်မွန်အိမ်ရာ၊ လေးထောင့်ကန်လမ်းမကြီး၊ မေဒအိမ်ရာရှေ့သယ်န်းကျွန်း။ ☎:01-573986, 01-573988

Vacancy Announcement

နိုင်ငံတကာ တက္ကသိုလ်များနှင့် ချိတ်ဆက်၍ ပညာရေး လုပ်ငန်းများ ဆောင်ရွက်နေသော GUSTO College မှ အောက်ပါ ကျွမ်းကျင်သူများကို ဖိတ်ခေါ်အပ်ပါသည်။
(ပြည်တွင်း၌သာ ခန့်ထားရန်/ မြန်မာကျပ်ငွေဖြင့်)

(1) Marketing Manager (1) Post
- Marketing Activities များကို စနစ်တကျ စီမံကိန်း ရေးဆွဲ၍ Target ပြည့်မီအောင် အကောင်အထည်ဖော် ဆောင်ရွက်နိုင်သူ ဖြစ်ရမည်။
- Marketing Manager ရာထူးဖြင့်၊ လုပ်ငန်းအတွေ့အကြုံ (၃)နှစ်နှင့်အထက်ရှိပြီး ဝန်ဆောင်မှု ကဏ္ဍတွင် လုပ်ကိုင်ဖူးသူဖြစ်ရမည်။

(2) Marketing Executive (2) Posts
- Marketing Executive လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး(၁)နှစ်ရှိပြီး ဝန်ဆောင်မှု ကဏ္ဍတွင် လုပ်ကိုင်ဖူးသူ ဖြစ်ရမည်။
- ရုပ်ရည်ပြေပြစ်၍ စကားပြောစွမ်းရည် ကောင်းမွန်ပြီး ၊ ကိုယ်ပိုင်အတွေးအခေါ် (Idea) ကောင်းများကို ဖန်တီးနိုင်စွမ်း ရှိသူဖြစ်ရမည်။

(3) Customer Service (2) Posts
- ရုပ်ရည်ပြေပြစ်ပြီး Customer များနှင့်အဆင်ပြေစွာ ပြောဆိုဆက်ဆံနိုင်သူဖြစ်ရမည်။
- အများနှင့် ပူးပေါင်းဆောင်ရွက်လိုစိတ်ရှိပြီး တွေ့ကြုံလာမည့် အခက်အခဲများကို စိတ်ရှည်သီးခံပြီး အဆင်ပြေအောင် ဆောင်ရွက်နိုင်သူဖြစ်ရမည်။

(4) Receptionist (3) Posts
- ရုပ်ရည်ပြေပြစ်ပြီး ပြောဆိုဆက်ဆံရေးကောင်းမွန်သူဖြစ်ရမည်။
- လူမှုဆက်ဆံရေးကောင်းမွန်ပြီး အများနှင့်ပူးပေါင်းဆောင်ရွက်လိုစိတ်ရှိရမည်။

(5) Student Coordinator (2) Posts
- ကျောင်းသားများ၏ ပညာရေးတိုးတက်မှုအတွက် ညှိနှိုင်းပူးပေါင်း ဆောင်ရွက်နိုင်သူဖြစ်ရမည်။

မိမိလျှောက်ထားလိုသည့်ရာထူး မျှော်မှန်းလစာနှင့် လုပ်ငန်းအတွေ့အကြုံတို့ကို အသေးစိတ် ဖော်ပြထားသော Resume၊ ဓါတ်ပုံ(၂) ပုံ၊ အလုပ်သမား မှတ်ပုံတင်မိတ္တူနှင့်အတူ လိုအပ်သော အထောက်အထားစာရွက်စာတမ်း မိတ္တူမိုလ်ရှာဖြင့် E-mail နှင့် သော်လည်းကောင်း၊ လူကိုယ်တိုင်သော်လည်းကောင်း ယနေ့မှစ၍ အမြန်ဆုံး လျှောက်ထားနိုင်ပါသည်။

အမှတ် - ၂၈၉(အေ)၊ ပြည်လမ်း (မြေနီကုန်းမှတ်တိုင်အနီး)၊ စမ်းချောင်းမြို့နယ် ရန်ကုန်မြို့။
ဖုန်း - ၀၉ ၄၂၈၅၅၁၂၁၁ ၊ E-mail:hr@gusto-education.com

## စဝ်စိုးတင့် (၈၄)နှစ်
**(လဲချား)**

လဲချားစော်ဘွားကြီး သရေစည်သူစဝ်နွံ-ဒေါ်လှကြွယ်တို့၏ သားကြီး၊ (စဝ်မြဝင်း)၏ ခင်ပွန်း၊ [ဗိုလ်ချုပ်စောလွင်(ငြိမ်း)]-စဝ်ကြည်မြ(ယိမ်း)တို့၏ အစ်ကိုကြီး၊ ဒေါက်တာစဝ်ခွန်ထီး-ယန်ဟေဂျူး တို့၏ဖခင်၊ ဦးကိုကိုအောင်-ဒေါ်စန္ဒီလွင်(ခမ်း)၊ ဗိုလ်မှူးချုပ်ဇွဲဝင်းမြင့် [တပ်မတော်-ရေ]-ဒေါ်သိင်္ဂီလွင်(နွတ်)တို့၏ ဘကြီး၊ ရဲထွဋ်အောင်(F/O MNA)၊ ခိုင်ဇင်သန့်၊ သက်နွယ်စိုး၊ နန်းအမရာ၊ စိုင်းဟန်ရွက် တို့၏ ချစ်လှစွာသောအဘိုးသည် ၃၁-၅-၂၀၁၈ (ကြာသပတေးနေ့) နံနက် ၆း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၆-၂၀၁၈ (တနင်္လာနေ့) မွန်းလွဲ ၁ နာရီတွင် တောင်ကြီးမြို့တိုင်းရင်းသားပေါင်းစုံသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (အမှတ်-၁၄၊ ပတ္တမြားလမ်း၊ သစ်တောရပ်ကွက် နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။)[ကွယ်လွန်သူအား ရည်စူး၍ ၆-၆-၂၀၁၈ (ဗုဒ္ဓဟူးနေ့) နံနက် ၆ နာရီမှ မွန်းတည့် ၁၂ နာရီ ထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**မြို့မကျောင်းသားကျောင်းသူဟောင်းအသင်း**

## ဦးစိုးမြင့်(အကြံပေးပုဂ္ဂိုလ်)
**အသက်(၇၅)နှစ်**
**လက်ထောက် ညွှန်ကြားရေးမှူး(ငြိမ်း)**
**(မိုး/ဇလ-ဘတ်ဂျက်နှင့်ငွေစာရင်း)**

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ယောမင်းကြီးရပ်ကွက်၊ ရွှေတိဂုံဘုရားလမ်း၊ အမှတ်(၂၉၆/၁၀)၊ ပထမထပ်နေ ဒေါ်ယဉ်ယဉ်နု၏ ခင်ပွန်းသည် ၂၉-၅-၂၀၁၈ (အင်္ဂါနေ့) နံနက် ၉း၅၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ ဆန္ဒအရယင်းနေ့တွင်ပင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း အသင်းဝင်များအား အကြောင်းကြားသိစေအပ်ပါသည်။

အလုပ်အမှုဆောင်အဖွဲ့

---

**မြို့မကျောင်းသားကျောင်းသူဟောင်းအသင်း**

## ဦးစိုးဝင်း(ဥက္ကဋ္ဌ)ဟောင်း
**နာယက**
**အသက်(၇၅)နှစ်**
**အထွေထွေမန်နေဂျာ စက်မှု/လျှပ်စစ် (ငြိမ်း) မြန်မာ့မီးရထား**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ စမ်း/မြောက်ရပ်ကွက်၊ ပန်းခြံလမ်း (၁၂/သုံးလွှာ)၊ ခြေရင်းခန်းနေ ဒေါက်တာဒေါ်ခင်မျိုးမြင့်၏ ခင်ပွန်းသည် ၂၇-၅-၂၀၁၈ (တနင်္ဂနွေနေ့) နံနက် ၂း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ ဆန္ဒအရယင်းနေ့တွင်ပင်ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း အသင်းဝင်များအား အကြောင်းကြား သိစေအပ်ပါသည်။

အလုပ်အမှုဆောင်အဖွဲ့

---

## လောင်ယုံတင်း(ခ)ဦးထွန်းလှိုင်
**အသက် (၇၃) နှစ်**

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ (၄၈)လမ်း၊ အမှတ် (၁၆၂)နေ (ဦးလောင်ဘွန်ချောင်း-ဒေါ်ကျင်မြ)တို့၏သား၊ (ဦးဖိုးချို-ဒေါ်ရှုအိန်)တို့၏ သားသမက်၊ ဒေါ်ကျင်(ခ)ဒေါ်နုနုရီ၏ခင်ပွန်း၊ ကိုလင်းလင်းထွန်း-Dr.ကြူကြူသင်း၊ ကိုစိုးလင်းဦး-ဒေါ်ဖြူဖြူသင်း၊ ကိုကျော်မင်းထွန်းတို့၏မွေးသဖခင်၊ မြေးလေးယောက်တို့၏အဘိုးသည် ၃၀-၅-၂၀၁၈ (ဗုဒ္ဓဟူးနေ့) နံနက် ၂း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၆-၂၀၁၈(သောကြာနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

## ဦးကျော်ဟိန်း
**B.Sc (Forestry) , Batch (1974)**
**အသက် (၇၁) နှစ်**

ပဲခူးတိုင်းဒေသကြီး၊ ဝေါမြို့နယ်နေ (ဦးရွှေ-ဒေါ်သန်း)တို့၏သား၊ ပြည်မြို့နေ (ဦးကျော်ဝင်း-ဒေါ်ခင်သိန်း)တို့၏သားသမက်၊ ရန်ကုန်မြို့နေ (ဦးစိုးဝင်း)-ဒေါ်အုံးနွဲ့၊ ဝေါမြို့နေ ဦးစန်းချို-ဒေါ်မြသောင်း၊ ရန်ကုန်မြို့နေ ဒေါ်ဝမ်ကြည်တို့၏မောင်၊ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၁)ရပ်ကွက်၊ သမိုင်း(၅)လမ်း၊ အမှတ်(၆၁၅)နေ ဒေါ်မြင့်မြင့်ဝင်း(ဆရာလေး အယ္ယာကုသလဂဝေသီ) (မြန်မာ့သစ်လုပ်ငန်း-ငြိမ်း)၏ခင်ပွန်း၊ အမှတ်(၁) တပ်မတော်ဆေးရုံ (ခုတင်-၇၀၀)၊ ပြင်ဦးလွင်မြို့နေ ဗိုလ်ကြီး ရန်လင်းအောင်၊ ဒေါက်တာဇင်ဇင်ဝေမင်းတို့၏ဖခင်၊ မောင်ဉာဏ်လင်းသုတ၏အဘိုးသည် ၃၀-၅-၂၀၁၈ (ဗုဒ္ဓဟူးနေ့) ည ၇း၂၀ နာရီတွင် ရန်ကုန်မြို့၊ အမှတ်(၂) တပ်မတော်ဆေးရုံ(ခုတင်-၅၀၀)၌ ကွယ်လွန်သွားပါသဖြင့် ၁-၆-၂၀၁၈ (သောကြာနေ့)တွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(တပ်မတော်ဆေးရုံ၊ ခုတင်-၅၀၀၊ မြို့မကျောင်းလမ်းမှ ကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၅-၆-၂၀၁၈ (အင်္ဂါနေ့) နံနက် ၉ နာရီမှ ၁၁ နာရီအထိ အထက်ဖော်ပြပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**ရဟန်း၊ ကျောင်းဒါယိကာမကြီး**

## ဒေါ်မော်လီဦး (ခ) ဒေါ်ဖြူဖြူချို
**အသက် (၆၈) နှစ်**

(ဦးစံဦး-ဒေါ်လှညွန့်)တို့၏သမီး၊ (ဦးကျော်စိုး-ဒေါ်ခင်သိန်း)တို့၏ သမီးချွေးမ၊ (ဦးမင်းသိန်း)၏ဇနီး၊ ဦးကိုကြီး-(ဒေါ်သန်းသန်းဦး)၊ (ဦးဝါယမ) ဦးဝင်းဖေ-ဒေါ်မြင့်မြင့်၊ (ဦးသန်းမြင့်)-ဒေါ်မြင့်မြင့်ဦး၊ ဦးမင်းမြင့်-ဒေါ်စန်းစန်းဦး၊ (ဦးကျော်တင့်)-ဒေါ်ခင်တီဦး၊ ဦးခင်မောင်လတ်-ဒေါက်တာခင်သက်ညွန့်၊ ဒေါ်ခင်လေးဦးတို့၏ညီမ၊ ဦးမျိုးတင့်-ဒေါ်ကြွယ်ကြွယ်ဦးတို့၏အစ်မ၊ ဦးဇော်မိုး (Panda ကုမ္ပဏီ)-ဒေါ်အေးအေးခိုင်၊ ဦးဇာနည်မင်းလတ်(A 1 ဆောက်လုပ်ရေး)-ဒေါ်ကေသီလတ် (A 1 ဆောက်လုပ်ရေး)တို့၏ချစ်လှစွာသောမိခင်၊ မောင်ဉာဏ်လင်းထက်၏အဘွား၊ တူ/တူမ ၂၂ ယောက်တို့၏အဒေါ်သည် ၃၀-၅-၂၀၁၈ (ဗုဒ္ဓဟူးနေ့) နံနက်တွင် ကွယ်လွန်သွားပါသဖြင့် ၁-၆-၂၀၁၈ (သောကြာနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (ကံ့ကော်-၁ လမ်း၊ ပုလဲမြို့သစ် နေအိမ်မှကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဗိုလ်ကြီးမင်းခိုင်ဇော်(ငြိမ်း)
**အသက်(၄၈)နှစ်**
**(ဦးစီးအရာရှိ၊ ပုသိမ်မြို့နယ်သမဝါယမဦးစီးဌာန)**

ဒေါ်ခင်မြတ်မြတ်မိုး ၏ ချစ်လှစွာသောခင်ပွန်း ဗိုလ်ကြီးမင်းခိုင်ဇော်(ငြိမ်း)၊ ဦးစီးအရာရှိ၊ ပုသိမ်မြို့နယ်၊ သမဝါယမဦးစီးဌာနသည် ၃၀-၅-၂၀၁၈ ရက် မွန်းလွဲ ၂ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၉၄)**
**ကျောင်းဆင်းအရာရှိများနှင့် မိသားစုများ**

---

# အနိစ္စ

## ဦးကျော်ထွန်း (၈၄)နှစ်
**လ/ထ မှတ်ပုံတင်အရာရှိ (ငြိမ်း)**
**ဒုဌာနမှူး(ငြိမ်း)**
**(ဗဟိုအလုပ်သမားအစည်းအရုံး၊ တောင်သူလယ်သမားအစည်းအရုံး)**

ရန်ကုန်မြို့၊ရန်ကင်းမြို့နယ်၊ (၆)ရပ်ကွက်၊ ရန်ငြိမ်းလမ်း၊ တိုက်(၂၃၁)၊ အခန်း(၆)နေ (ဦးမောင်စိန်-ဒေါ်ကျင်နု)တို့၏ သား၊ (ဦးဘငွေ-ဒေါ်ညွန့်ညွန့်)တို့၏သားသမက်၊ ဒေါ်မြင့်မြင့်၏ ခင်ပွန်း၊ ဦးဇော်မြင့်-ဒေါ်ကြူကြူမြင့်၊ ဦးလှမင်း-ဒေါ်တင်တင်ဦး၊ ဒေါ်မာမာမြင့်၊ ဦးသက်နိုင်ဦး တို့၏ မွေးသဖခင်၊ မြေးလေးယောက်၊ မြစ်နှစ်ယောက်တို့၏ အဘိုးသည် ၃၁-၅-၂၀၁၈ (ကြာသပတေးနေ့) နံနက် ၁း၃၀ နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂-၆-၂၀၁၈ (စနေနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် သင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်ဆွေများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

**ဟသ်ာတအသင်း**

## ဦးသောင်းမြင့် (၇၂)နှစ်
**တရားသူကြီး (ငြိမ်း)၊**
**တရားလွှတ်တော်ရှေ့နေ**
**စာရေးဆရာ**
**မောင်မောင်သောင်းမြင့် (တရားရေး)**

ဧရာဝတီတိုင်းဒေသကြီး၊ အင်္ဂပူမြို့နယ်၊ ကွင်းကောက်ရွာနေ (ဦးစိန်ဦး-ဒေါ်မြင့်မြင့်)တို့၏သား၊ ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ သိမ်ဖြူလမ်းသွယ်၊ အမှတ်(၁၉၀)နေ (ဦးကြင်ရှိန်-ဒေါ်မြခင်)တို့၏သားသမက်၊ ဒေါ်ရီရီမြင့် (ဦးစီးမှူး-ငြိမ်း၊ သ/မ ရုံးချုပ်)၏ ချစ်လှစွာသောခင်ပွန်း၊ ကိုကျော်သီဟ၊ ကိုလွင်ကို(Astons)-မကေသီမြင့်(ခ) ကေကေ (Astons)တို့၏ ကျေးဇူးရှင်ဖခင်ကြီးသည် ၂၉-၅-၂၀၁၈ ရက် နံနက် ၉း၅၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ ဆန္ဒအရယင်းနေ့တွင်ပင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း အသင်းသူ၊ အသင်းသားများအား အသိပေး အကြောင်းကြားအပ်ပါသည်။

**အမှုဆောင်အဖွဲ့**
**ဟသ်ာတအသင်း (ရန်ကုန်)**

---

**ရဟန်း၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်လှမြင့်
**အသက် (၆၁) နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ ကွမ်းခြံကုန်းမြို့နယ်နေ(ဦးထွန်းသိန်း-ဒေါ်ညွန့်စိန်)တို့၏သမီး၊ ဦးသန်းလှ-ဒေါ်ယဉ်ကြည်တို့၏ညီမ၊ ဦးမြင့်လှိုင်၏ချစ်လှစွာသောဇနီး၊ ကိုနိုင်ကိုဦး-မဇာဇာလင်း၊ မအေးနန္ဒာအောင်၊ ကိုထက်နိုင်ဖြိုး၊ မပြည့်ဆုမွန်တို့၏မိခင်သည် ၃၀-၅-၂၀၁၈ (ဗုဒ္ဓဟူးနေ့) ညနေ ၃း၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၆-၂၀၁၈ (သောကြာနေ့) မွန်းလွဲ ၁ နာရီတွင် ဒလမြို့နယ်၊ ခနိတောသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ [ကွယ်လွန်သူအား ရည်စူး၍ ၅-၆-၂၀၁၈ (အင်္ဂါနေ့) နံနက်တွင် အမှတ် (ခ/ ၆၀၅)၊ ဗိုလ်ဥတ္တမလမ်းသွယ်(၂) လမ်း၊ စက်မြေရပ်ကွက်၊ ဒလမြို့နယ်နေ ဦးမြင့်လှိုင်-(ဒေါ်လှမြင့်)တို့၏နေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## မောင်ဟိန်းထက်(ခ) ချာလီ(ပတ္တမြားပန်း) (၂၈)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ အမှတ် (၁၃)၊ ငါးထပ်ကြီးဘုရားလမ်း၊ ကံ့ကော်လမ်းသွယ်နေ (ဦးမြင့်ကြည်)-ဒေါ်ခင်မမတို့၏မြေး၊ ရန်ကုန်မြို့၊ အမှတ်(၂၈)၊ မြောင်းကြီးလမ်း၊ ပုဇွန်တောင်မြို့နယ်နေ ဦးညွန့်ခိုင်-ဒေါ်ခင်မာကြည်တို့၏မြေး၊ (ဦးအေးဇော်)-ဒေါ်ထက်ထက်ခိုင်တို့၏သား၊မဝါဝါမောင်၏မောင်၊ မနှင်းအိဝေ၏အစ်ကို၊ ဆုအိန္ဒြာမောင်၏ဦးလေး၊ မနွယ်နီဝင်းသော်၏ခင်ပွန်းသည် ၃၁-၅-၂၀၁၈ (ကြာသပတေးနေ့) နံနက် ၄း၄၀ နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂-၆-၂၀၁၈ (စနေနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဝမ်းနည်းကြေကွဲခြင်း
## ဥူးသီဟ (ဦးဗိုလ်)
**သိက္ခာတော်(၂၄)ဝါ၊ သက်တော်(၈၄)နှစ်**
**လက်ထောက်ကြီးကြပ်ရေးမှူး-ငြိမ်း၊ (ကပရ)**
**ကုန်းမြင့်ရိပ်သာဘုန်းတော်ကြီးကျောင်း၊ (၇)မိုင်**

ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ ဆေးကုသဆောင်(၄)၏ ပါမောက္ခဒေါက်တာအောင်ချိုမြင့်-ပါမောက္ခဒေါက်တာသီတာအောင် တို့၏ ချစ်လှစွာသောဖခင် ဥူးသီဟ သိက္ခာတော်(၂၄)ဝါ၊ သက်တော်(၈၄)နှစ်သည် ၃၁-၅-၂၀၁၈ (ကြာသပတေးနေ့) ညနေ ၄း၅၅ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် အတူ ထပ်တူ ထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဆေးကုသဆောင်(၄)မိသားစု**
**ရန်ကုန်ပြည်သူ့ဆေးရုံကြီး**

---

## အထူးကျေးဇူးတင်ရှိခြင်း
## ဦးသန်းလွင် (အင်းစိန်/သထုံမြို့)
**အသက် (၈၈) နှစ်**
**အလုပ်ရုံမှူး (ငြိမ်း)၊ B.P.I**

၁၉-၅-၂၀၁၈ ရက်နေ့တွင် ကွယ်လွန်သွားခဲ့သော ဖခင်ကြီး ဦးသန်းလွင်၏ နာရေးကိစ္စအဝဝကို ကူညီဆောင်ရွက်ပေးပါသော စိန်ရတနာ နာရေးကူညီမှုအသင်း(အင်းစိန်)၊ ဖခင်ကြီး၏နောက်ဆုံးခရီးသို့ လိုက်ပါပို့ဆောင်ပေးကြပါသော ရပ်မိရပ်ဖဆွေမျိုးမိတ်သင်္ဂဟများ၊ သူရိန်(၃) (အကောက်ခွန်)မှ သူငယ်ချင်းများအားလည်းကောင်း၊ ရပ်နီးရပ်ဝေးမှ ဖခင်ကြီး၏ ဆွေမျိုးသားချင်း တူ/တူမများအားလည်းကောင်း၊ ဖခင်ကြီးအားရည်စူး၍ ကုသိုလ်ပြုလုပ်နိုင်ပါရန် သက်န်းနှင့် လှူဖွယ်ဝတ္ထုများ၊ ငွေကြေးများ ပေးပို့ပါသော သူရိန်(၃)မှ ခင်မင်ရသော သူငယ်ချင်းများ၊ ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ ကျေးဇူးတင်ထိုက်သူအပေါင်းအားလည်းကောင်း ကျေးဇူးအထူးတင်ရှိပါသည်။

(ပြုပြုသမျှ လှူဒါန်းမှုအစုစုအတွက် ဖခင်ကြီးနှင့်တကွ (၃၁) ဘုံသားများ အားလုံး အမျှရကြ၍ သာဓုခေါ်နိုင်ကြပါစေသော်ဝ်)

ကျန်ရစ်သူမိသားစု

---

**စိုက်ပျိုးရေးဝန်ထမ်းဟောင်းများအသင်း**

## ဦးတင်အုန်း (၈၃)နှစ်
**ဒု-ကြီးကြပ်ရေးမှူး(ငြိမ်း)**
**မြေအသုံးချဌာန**
**လယ်/စိုက်/ရှင်း**
**အသင်းဝင်နံပါတ်(၀၇၈၁)**

ဒဂုံမြို့သစ်(အရှေ့ပိုင်း)၊ (၁၂)ရပ်ကွက်၊ မဟော်သဓာလမ်းနေ ဦးတင်အုန်းသည်၂၁-၅-၂၀၁၈ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၅-၂၀၁၈ ရက်တွင် ကျီစုသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

အမှုဆောင်အဖွဲ့

---

## ဦးကျော်မြင့် (၆၉)နှစ်

(ဦးထွန်းစိန်)-ဒေါ်ကြည် တို့၏ သားကြီး၊ (ဦးကျော်မောင်-ဒေါ်မြကျင်)တို့၏ သားသမက်၊ (ဦးအောင်မြင့်ထိပ်)-ဒေါ်ဆောင်းညွန့်၊ ဦးမြိုင်စိန်-ဒေါ်အေးသန်း၊ ဦးမောင်မောင်မြင့်-ဒေါ်အေးဟန် တို့၏ ညီ/မောင်၊ ဒေါ်အေးမြိုင်၏ ချစ်လှစွာသောခင်ပွန်း၊ မောင်သိန်းထက်ဦး-မအိအိခင်၊ မောင်ဇင်ဘိုဦး-မစုစုသိန်း တို့၏ ချစ်လှစွာသောဖခင်၊ မောင်ကောင်းပြည့်စုံ၊ မသဲဝတီထက်၊ မသွန်းရတီထက် တို့၏ အဘိုးသည် ၃၁-၅-၂၀၁၈ ရက် နံနက် ၄ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် မီးသင်္ဂြိုဟ်ပြီး ဖြစ်ပါကြောင်း။ [ကွယ်လွန်သူအား ရည်စူး၍ ၆-၆-၂၀၁၈ (ဗုဒ္ဓဟူးနေ့)တွင် တိုက်အမှတ် (၉၉)၊ ရိပ်သာလမ်း၊ လေးထောင့်ကန်ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ် နေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဒေါ်မြင့်သိန်း (၆၄)နှစ်
**အ. မ. က(၂) ဗဟန်း၊**
**အ. ထ. က(၂)ဗဟန်း၊ အ. လ. ပြ(ငြိမ်း)**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ သမိန်ဗရမ်းလမ်း၊ အမှတ်(၃၂)၊ ငါးလွှာ(B)နေ (ဦးသိန်း-ဒေါ်ပု)တို့၏သမီး၊ ဦးစံထွန်း-ဒေါ်စောမြင့်၊ (ဦးထွန်းအောင်ကျော်)၊ ဒေါ်ခင်ခင်သောင်းတို့၏ညီမ၊ ဦးသန့်ဇင်(အထပြ-ငြိမ်း၊ အထက-၂ ဗဟန်း)၏ဇနီး၊ ဒေါ်နှင်းအေးလှိုင်၊ ဦးမင်းမြတ်မိုး-ဒေါ်ဖြိုးဝါလှိုင်တို့၏ မိခင်၊ မြေးနှစ်ယောက်တို့၏အဘွားသည် ၃၁-၅-၂၀၁၈ (ကြာသပတေးနေ့) နံနက် ၅း၀၅ နာရီတွင် ကန်သာယာ အထူးကုဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂-၆-၂၀၁၈(စနေနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

DAW DOLLY CHO

## (ဒေါ်ဒေါ်လီချို) (၉၃)နှစ်
**MISS BURMA (1947)**
**(မန္တလေးမြို့)**
**အထက-၂၊ အထက-၅၊**
**ဗိုလ်တထောင်ဆရာမ(ငြိမ်း)**

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ (၄)ရပ်ကွက်၊ အမှတ်(၁၈/၂၀)၊ ဗိုလ်တထောင်လမ်းသွယ်၊ (၂)လမ်းနေ (ဦးဘချို-ရဲဝန်ထောက်ဒေါ်သန်းခင်)တို့၏ သမီး၊ ဦးတင်ကြည်(Phoenix Co.Japan)၏ ဇနီး၊ ဦးခင်မောင်ဦး(Ex.Phoenix Co.Rep:)-ဒေါ်သဇင်လတ်၊ ဒေါ်ခင်စန္ဒာ(တွဲဖက်ပါမောက္ခ-ငြိမ်း၊ ရုက္ခဗေဒဌာန)- ဦးဝင်းငွေ (DONJIN SHIPPING)၊ ဒေါ်ခင်သန္တာ (ရုက္ခဗေဒဌာနဆရာမ-ငြိမ်း) တို့၏ မိခင်၊ မဟန်သူလတ်(ခ) Michiko-ကိုကျော်လှိုင်စိုး (ခေတ္တ-JAPAN)၊ မသီရိနှင်း-ကိုဖြိုးဝေခန့် (2nd/E, RAY.SHIPPING) တို့၏ အဘွား၊ မြစ်လေးယောက် တို့၏ ဘွားဘွားကြီးသည် ၃၁-၅-၂၀၁၈ ရက် ညနေ ၃း၅၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် သင်္ဂြိုဟ်မည့် နေ့ရက်/အချိန်တို့ကို ထပ်မံဖော်ပြမည်ဖြစ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဦးအုန်းဖေ (၈၂)နှစ်
**(သဲကုန်း) (ငွေကိုင်-၁၊**
**မြန်မာ့စီးပွားရေးဘဏ်-ငြိမ်း)**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၊ (၅၀)ရပ်ကွက်၊ ငုဝါလမ်း၊ အမှတ်(၆၉၅)နေ (ဦးအေးမောင်-ဒေါ်သိန်းရင်)တို့၏ သား၊ (ဦးချစ်လှဦး-ဒေါ်သန်းမြင့်)တို့၏ မောင်၊ ကိုဉာဏ်ဝင်းမောင်၊ စောဂိုး(လ်)ဒင်းမွန်း-မယဉ်မိုးသွယ် (မြန်မာ့စီးပွားရေးဘဏ်)၊ စောဟားရေ(ရိုးမဘဏ်)-မဆုရည်မွန်(မြန်မာ့စီးပွားရေးဘဏ်)တို့၏ ကျေးဇူးရှင်ဦးလေး၊ မောင်ကောင်းဇေယျ၊ မဆောင်းဝတ်မှုံဖြူ တို့၏ အဘိုးသည် ၃၁-၅-၂၀၁၈ (ကြာသပတေးနေ့) နံနက် ၉ နာရီတွင် ကွယ်လွန်သွားပါသဖြင့်၂-၆-၂၀၁၈(စနေနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင်ထွက်ပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၆-၆-၂၀၁၈ ရက် (ဗုဒ္ဓဟူးနေ့)တွင် ရန်ကုန်မြို့၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၊ (၅၀)ရပ်ကွက်၊ ငုဝါလမ်း၊ အမှတ်(၆၉၅)နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**သင့်သွေးဖြင့် အသက်ကယ်ပါ**

---

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**

## ဥူးသီဟ (ဦးဗိုလ်)
**သိက္ခာတော်(၂၄)ဝါ၊ သက်တော်(၈၄)နှစ်**
**လက်ထောက်ကြီးကြပ်ရေးမှူး-ငြိမ်း၊ (ကပရ)**
**ကုန်းမြင့်ရိပ်သာဘုန်းတော်ကြီးကျောင်း၊ (၇)မိုင်၊**
**မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၆)ရပ်ကွက်၊ အမှတ်(၂၀/၃၂)နေ (ဦးလှရင်-ဒေါ်ကြင်)တို့၏ သား၊ ဒေါ်တင်လှိုင် ၏ ခင်ပွန်း၊ ပါမောက္ခဒေါက်တာအောင်ချိုမြင့်-ပါမောက္ခဒေါက်တာသီတာအောင်၊ ဦးစောလွင်၊ ဒေါ်ချိုချိုသန်း၊ ဦးကျော်သူရ-ဒေါ်သက်စုလှိုင်(ခေတ္တ-ကိုရီးယား) တို့၏ ဖခင်၊ ကိုရဲထွဋ်အောင်၊ ကိုသူရိန်မြင့်၊ ကိုညီညီဖြိုး၊ မချောရတနာလွင်၊ မအေးမြန္ဒာ၊ မောင်ဝေယံထွဋ်၊ မမေမြတ်မွန်၊ မြစ်နှစ်ယောက် တို့၏အဘိုးသည် ၃၁-၅-၂၀၁၈ (ကြာသပတေးနေ့) ညနေ ၄း၅၅ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို ၂-၆-၂၀၁၈ (စနေနေ့) နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဒါယကာ၊ဒါယိကာမများအားအသိပေးအကြောင်းကြားအပ်ပါသည်။(အထက်ပါနေအိမ်မှ ကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဦးချစ်စိန် (၈၇)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၄/၁)ရပ်ကွက်၊ (၁၁)လမ်း၊ အမှတ်(၁၈၁/၂)နေ (ဒေါ်ခင်စန်းဝင်း)၏ ခင်ပွန်း၊ ဒုတိယဗိုလ်မှူးကြီးထွန်းမြင့် (ငြိမ်း)-ဒေါ်နီလာမောင်မောင်သင်း၊ ဦးညွန့်ဝင်း(TEPM)-ဒေါ်စန္ဒာပြုံး၊ ဒေါ်သန်းသန်းစိန်၊ ဒေါ်စိုးစိုးသန်း၊ ဦးသက်လွင်ဦး-ဒေါ်အေးအေးမူတို့၏ ဖခင်၊ မြေးခုနစ်ယောက်၊ မြစ်တစ်ယောက် တို့၏အဘိုး ဦးချစ်စိန် ဆ-သ-ရ(ငြိမ်း) သည် ၃၀-၅-၂၀၁၈ (ဗုဒ္ဓဟူးနေ့) ညနေ ၃း၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၆-၂၀၁၈ ရက် ညနေ ၃ နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

**ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်ခင်မြင့်ကျော်(ဇလွန်) (၈၂)နှစ်
**B.A, Dip Ed-အထက်တန်းကျောင်းအုပ်ဆရာမကြီး(ငြိမ်း)**
**အလက-၂၊ အင်းစိန်၊ အထက-၁၊လားရှိုး၊ အထက(၁)၊ ဒေါပုံ၊**
**အထက(၃)စမ်းချောင်း**

ဇလွန်မြို့နေ (ဆရာဝန်ကြီး ဦးဘကျော်-ဒေါ်ဒေါ်ရှင်)တို့၏ သမီး၊ ဖြူးမြို့နေ (ဦးဘို-ဒေါ်အေး)တို့၏သမီးချွေးမ၊ ရန်ကုန်မြို့၊အမှတ်(၂၂)၊ သပြေညိုလမ်း၊ ရှင်စောပုရပ်ကွက်၊ စမ်းချောင်းမြို့နယ်နေ ဦးတင်မြင့် (လက်ထောက်ညွှန်ကြားရေးမှူး-ငြိမ်း၊ အကောက်ခွန်ဦးစီးဌာန)၏ ဇနီး၊ ဦးအောင်မျိုးမြင့် (ဒုတိယညွှန်ကြားရေးမှူးချုပ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန)-ဒေါ်စန္ဒာစိန့်(ကထိက-ငြိမ်း၊ သတ္တဗေဒဌာန၊ ရန်ကုန်တက္ကသိုလ်)၊ ဒေါက်တာကျော်စိုးမြင့် (ထိခိုက်ဒဏ်ရာနှင့် အရေးပေါ်အထူးကုဆရာဝန်ကြီး)-ဒေါက်တာစုစုလှိုင်(မျက်စိအထူးကုဆရာဝန်ကြီး)၊ ဦးအောင်ဝင်းမြင့် (အထွေထွေမန်နေဂျာ၊ ရွှေသံလွင်မီဒီယာ)-ဒေါ်ဝင်းပပမြင့် (လက်ထောက်ညွှန်ကြားရေးမှူး၊ အကောက်ခွန်ဦးစီးဌာန)တို့၏ မိခင်၊ မဆုလဲ့ရည်(တတိယနှစ်၊ ဆေးတက္ကသိုလ်၊ ယူဒဗလျူအိုင်)၊ မသည်းမြတ်အောင် (ဒုတိယနှစ်၊ ဆေးတက္ကသိုလ်-၁၊ ရန်ကုန်)၊ မောင်ဝဏ္ဏအောင် (ဒသမတန်း၊ ကောင်းစုံကိုယ်ပိုင်အထက်တန်းကျောင်း)တို့၏ ချစ်လှစွာသောအဘွားသည် ၃၁-၅-၂၀၁၈ (ကြာသပတေးနေ့) နံနက် ၁း၂၀ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂-၆-၂၀၁၈ (စနေနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၄-၆-၂၀၁၈ (တနင်္လာနေ့) နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဦးမောင်ဘသိန်း (စစ်တွေ)
**ပညာရေးဝန်ထမ်း (ငြိမ်း)**
**အသက် (၆၈) နှစ်**

ရန်ကုန်မြို့၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ (၇၉) ရပ်ကွက်၊ သစ်ရာပင်လမ်း၊ အမှတ် (၁၆၇၉) နေ ဦးထွန်းမြအောင်-ဒေါ်မရွှေနုတို့၏သားလတ်၊ ဦးမောင်သာဇံ ၏ညီ၊ ဦးမောင်အေးသိန်း၏အစ်ကို၊ ဒေါ်ဦးနုခင်၏ ချစ်လှစွာသောခင်ပွန်း၊ ဦးကျော်သန်းဦး (ဌာနခွဲစာရေးကြီး၊ ပုဇွန်တောင်မြို့နယ်ပညာရေးမှူးရုံး)-ဒေါ်နုနုလှိုင်၊ ဦးကျော်သန်းနိုင်၊ မခင်သန်းဌေးတို့၏ ကျေးဇူးရှင်မွေးသဖခင်၊ မဆုမြတ်ရတနာ၏ ချစ်လှစွာသောအဘိုးသည် ၃၀-၅-၂၀၁၈ (အင်္ဂါနေ့) မွန်းတည့် ၁၂ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၆-၂၀၁၈ (တနင်္ဂနွေနေ့) ညနေ ၃ နာရီတွင် ကျီစုသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၅-၆-၂၀၁၈(အင်္ဂါနေ့) နံနက်၇နာရီမှ မွန်းတည့် ၁၂နာရီထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဒေါ်အေးအေးသန်း (ခ) ဒေါ်ဥမ္မာ
**အသက် (၅၉) နှစ်**

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (၁)ရပ်ကွက်၊ သုမိတ္တာ(၆)လမ်း၊ အမှတ်(၁၆၆)နေ (ဦးလှစိန်)-ဒေါ်စိန်သန်းတို့၏သမီးငယ်၊ ဦးထွန်းမြိုင်-ဒေါ်ကြင်ယုံတို့၏သမီးချွေးမ၊ဦးဘုန်းအောင်-ဒေါ်အင်ကြင်းမေ၊ ဦးခင်အောင်-ဒေါ်ခင်ခင်ကြူတို့၏ညီမ၊ ဦးဇော်ဝင်းအောင်-ဒေါ်အေးအေးမြင့်၊ ဦးသိန်းဇော်ဝင်း-ဒေါ်ချိုချိုနိုင်၊ ဦးသိန်းမော်ဝင်း-ဒေါ်မြင့်မြင့်လှိုင်တို့၏အစ်မ၊ ဒေါ်အိကိုအောင်ဌေး၊ (မခင်မာဆွေ)၊ ကိုဟန်စိုးတို့၏အစ်မကြီး၊ တူ/တူမ ၁၂ ယောက်တို့၏ချစ်လှစွာသောအန်တီလေး၊ ဦးမြင့်(တရားလွှတ်တော်ရှေ့နေ)၏ဇနီး၊ မောင်မျိုးခန့်ဦး၏မွေးသမိခင်သည် ၃၀-၅-၂၀၁၈ ရက် ည ၁၁း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၆-၂၀၁၈ ရက် ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၅-၆-၂၀၁၈ (အင်္ဂါနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဗိုလ်ကြီးမင်းခိုင်ဇော် (ငြိမ်း)
**OTS (94) ၊ ကြည်း-၂၇၃၄၄**
**ဦးစီးအရာရှိ၊ ပုသိမ်မြို့နယ် သမဝါယမဦးစီးဌာန**
**အသက် (၄၈) နှစ်**

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့၊ အမှတ်(၄)နယ်မြေ၊ ပြည်တော်သာရပ်ကွက်၊ တိုက်(၁၂)၊ အခန်း(၂၀၁)နေ (ဦးစိန်ဝင်း)-ဒေါ်မြမြအေးတို့၏သားကြီး၊ (ဦးတင်ဝင်း-ဒေါ်ခင်နှင်းမြင့်)တို့၏သားသမက်၊ ကိုလွှမ်းမိုး၊ ကိုဖြိုးဝေမြင့်-မခိုင်ဇင်ဝင်း၊ မချိုသဲရီတို့၏အစ်ကို၊ ဒေါ်ခင်မြတ်မြတ်မိုး၏ ချစ်လှစွာသောခင်ပွန်းသည် ၃၀-၅-၂၀၁၈ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၆-၂၀၁၈ (သောကြာနေ့) မွန်းလွဲ ၂ နာရီတွင် အထက်ပါနေအိမ်မှ သရောင်းချောင်းမီးသင်္ဂြိုဟ်စက်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၅-၆-၂၀၁၈ (အင်္ဂါနေ့) နံနက် ၇ နာရီမှ ၉ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

# ဘင်္ဂလားဒေ့ရှ်မှ မိမိသဘောဆန္ဒအလျောက် ပြန်လည်ဝင်ရောက်လာသူများအား နှစ်နိုင်ငံသဘောတူညီချက်ပါ လုပ်ငန်းစဉ်အတိုင်း ပြန်လည်နေရာချထား

**စစ်တွေ မေ ၃၁**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု၊ ပြည်နယ်ဝန်ကြီး ဦးအောင်ကျော်ဇံတို့နှင့်အတူ ယနေ့နံနက်ပိုင်းတွင် စစ်တွေမြို့မှ မောင်တောမြို့နယ်ရှိ လှဖိုးခေါင်ကြားစခန်းသို့ ရောက်ရှိပြီး မိမိသဘောဆန္ဒအလျောက် ပြန်လည်ဝင်ရောက်လာသူများအား ၎င်းတို့၏ မူလနေထိုင်ရာနေရာများ(သို့မဟုတ်) အနီးစပ်ဆုံးနေရာများသို့ နေရာချထားရန် ဆောင်ရွက်နေမှုများကို သွားရောက်ကြီးကြပ်ဆောင်ရွက်သည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မိမိသဘောဆန္ဒအလျောက် ပြန်လည်ဝင်ရောက်လာသူများအား အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက ဆောင်ရွက်ပေးလျက်ရှိသော နိုင်ငံသားလျှောက်ထားသည့် အစီအစဉ်တွင် ပထမအဆင့် NV Card ကိုင်ဆောင်ခြင်း၊ တစ်ပြိုင်တည်းမှာပင် နိုင်ငံသားစိစစ်မှုကို ဥပဒေနှင့်အညီ ခံယူရန်လိုအပ်သော လျှောက်လွှာများဖြည့်ခြင်း၊ လူမှုဝန်ထမ်းဦးစီးဌာန တာဝန်ရှိသူများက ဘင်္ဂလားဒေ့ရှ်တွင် ကျန်ရှိသော ၎င်းတို့၏မိသားစုဝင်များအား သံတမန်နည်းလမ်းဖြင့် ဆက်သွယ်ခေါ်ယူပေးနိုင်ရေး စီစဉ်ဆောင်ရွက်ပေးရန် ဘင်္ဂလားဒေ့ရှ်ဒုက္ခသည်စခန်းလိပ်စာနှင့် မိသားစုစာရင်းများရယူခြင်းနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ဆန်၊ ဆီ၊ ဆား၊ ပဲရိက္ခာခုနစ်ရက်စာ ထောက်ပံ့နေမှုနှင့် Family Kit များ ပေးဝေခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။

**စာမျက်နှာ ၉ ကော်လံ ၁ သို့ ✳**



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးနှင့် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုတို့ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ပြန်လည်ဝင်ရောက်လာသူများအား ပြန်လည်နေရာချထားရေး ကြီးကြပ်ဆောင်ရွက်ပေးကြစဉ်။

## အင်ဒိုနီးရှားတွင် ကျင်းပမည့် အာဆီယံ ယူ-၁၉ ပြိုင်ပွဲ မြန်မာအသင်း ပါဝင်ယှဉ်ပြိုင်မည်




**ရန်ကုန် မေ ၃၁**

မြန်မာ ယူ-၁၉ အသင်း ဝင်ရောက်ယှဉ်ပြိုင်မည့် ၂၀၁၈ အာဆီယံ ယူ-၁၉ ပြိုင်ပွဲကို ဇူလိုင် ၁ ရက်မှ ၁၄ ရက်အထိ အင်ဒိုနီးရှားနိုင်ငံ၌ ကျင်းပမည်ဖြစ်သည်။ မြန်မာအသင်းသည် ယင်းပြိုင်ပွဲတွင် မလေးရှား၊ တီမော၊ ကမ္ဘောဒီးယား၊ ဘရူနိုင်းအသင်းတို့နှင့် တစ်အုပ်စုတည်း ကျရောက်နေသည်။

ယင်းပြိုင်ပွဲတွင် အရှေ့တောင်အာရှနိုင်ငံ ၁၁ နိုင်ငံစလုံး ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး အုပ်စု(က)တွင် ထိုင်း၊ အင်ဒိုနီးရှား၊ ဗီယက်နမ်၊

**စာမျက်နှာ ၁၂ ကော်လံ ၅ သို့ ○**

**မြန်မာ ယူ-၁၉ အသင်း လေ့ကျင့်မှုပြုလုပ်နေစဉ်။**

## (၅၅)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ သတင်းမီဒီယာများ တက်ရောက်နိုင်

**နေပြည်တော် မေ ၃၁**

၂၀၁၈ ခုနှစ် (၅၅)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ဇွန် ၂၀ ရက်မှ ၂၉ ရက်အထိ ကျင်းပမည်ဖြစ်သည်။

ပြည်တွင်း၊ ပြည်ပ သတင်းမီဒီယာများအနေဖြင့် အဆိုပါပြပွဲသို့ ဇွန် ၂၀ ရက်မှ ၂၃ ရက်ထိ ဝင်ရောက်သတင်းရယူနိုင်မည်ဖြစ်ပြီး ပြပွဲအရောင်းစာရင်းအချက်အလက်များနှင့် ပတ်သက်၍ မဏိရတနာကျောက်စိမ်းခန်းမရှိ နဝရတ်ကိုးသွယ်ဂိတ်၌ ဇွန် ၂၉ ရက် ညနေပိုင်းတွင် သတင်းထုတ်ပြန်ပေးသွားမည်ဖြစ်သည်။

သတင်းတက်ရောက်ရယူလိုသည့် ပြည်တွင်း၊ ပြည်ပ သတင်းမီဒီယာများအနေဖြင့် ဝင်ခွင့်ပြုလုပ်နိုင်ရေးအတွက် ဇွန် ၁၅ ရက် နောက်ဆုံးထား၍ သတ်မှတ်ပုံစံဖြည့်စွက်ကာ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ပြန်ကြားရေးဝန်ကြီးဌာန နေပြည်တော်သို့ ပေးပို့ရမည်ဖြစ်သည်။ သတ်မှတ်ပုံစံများကို မူပိုင်ခွင့်နှင့်မှတ်ပုံတင်ဌာနခွဲနှင့် မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များအသင်းတို့တွင် ရယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များသိရှိလိုပါက သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဖုန်း-၀၆၇ ၄၁၂၁၂၅၊ ၄၁၂၁၂၆ သို့လည်းကောင်း၊ ၂၀၁၈ ခုနှစ် (၅၅)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ စီမံရေးရာလုပ်ငန်းကော်မတီ ဖုန်း-၀၆၇ ၄၁၄၄၉၇၊ ၄၁၄၄၉၈ သို့ လည်းကောင်း ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

